www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေခြင်း - ၂၀၁၇ ခုနှစ်၊စက်တင်ဘာလ၊ပထမအကြိမ်

အုပ်ရေ - ၅၀၀

တန်ဖိုး - (၅၀၀) ကျပ်

ထုတ်ဝေသူ - ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)
အမှတ်(၃၈)၊ မလွှကုန်းလမ်း
ကျောက်မြောင်း၊ တာမွေ။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ- ဦးသက်လွင် (၀၀၆၅၁)
သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊
တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ကွန်ပျူတာ - ပန်းအိစံ

ဖြန့်ချိရေး - သစ္စာမွန်စာပေ

စာအုပ်ချုပ် - သစ္စာမွန်

၈၉၅.၈၃

ရွှေဘဝင်

လေရူးပွေ့တဲ့သက်တန့်ဆည်းဆာ/ရွှေဘဝင်။-ရန်ကုန်
သစ္စာမွန်စာပေ၊ ၂၀၁၇။

၂၀၅-စာ၊ ၁၂×၁၈ စင်တီ။

(၁) လေရူးပွေ့တဲ့သက်တန့်ဆည်းဆာ


www.burmeseclassic.com

www.burmeseclassic.com

သစ္စာမွန်စာပေတိုက်

၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၁-၅၄၁၄၂၁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"လေရှူး…လေရှူး…"
"ရှင်…"
"ဘာလုပ်နေလဲ"
"စာကြည့်နေတာ"
"တံခါးခဏဖွင့်စမ်း"
"ဟာ…စာကြည့်နေတာပါဆိုမှ"
"အေးပါ… တံခါးလာဖွင့်စမ်းပါ"

လေရှူး ထိုင်နေရာမှ ဝုန်းခနဲထ၊ လေးပွန့်လောက်စာလုံး အိတ်ကို ကောက်ယူကာ ဟိုအောက်ပြေးထည့်၊ ဒီနားပြေးဝှက်… တယ်မှာမှလဲ မထားရဲဘဲရှိကာ…

"လေရှူးနော်… ညည်းကြာနေတာ ကျုပ်တို့သိတယ်၊ မြန်မြန်လာဖွင့်စမ်း…"



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ"

အသံပြုတော့ ခပ်တည်တည်..

အထဲမှာ ပရွက်ဆိတ်အိုးပူကပ်သလို ပျာလောင်ခတ်နေတာ ဘယ်သူမှမသိ။ နောက်ဆုံး လေး၀နဲ့လောက်စာလုံးအိတ်ဟာ လှပသော အဝတ်ဗီရိုကြီးထဲမှာ အေးချမ်းစွာစံနေလေသည်။

"ဘာလဲ…ကဲ…"

တံခါးဖွင့်ပေးသည့် မျက်နှာကိုသေချာကြည့်၍ ဒေါ်စိုးစိုးနဲ့ ဒေါ်မျိုးမျိုး အခန်းထဲလှမ်းဝင်လာသည်။

မျက်လုံးတို့က မှုခင်းထောက်လှမ်းရေးများလို နေရာအနှံ့မှာ ဝေ့ခနဲ ဝဲခနဲ ပြေးလွှားနေသည်။

"ဘာဖြစ်လာကြတာလဲ၊ လေရှုးအခန်းကို ရဲစစ်တာကျနေတာပဲ"

"ဘာဖြစ်ရမှာလဲ၊ စောစောက ဖောင်းခနဲ သားရေ၀သံကြားလိုက်တယ်၊ လောက်စာလုံး လွင့်တက်သွားတာလည်း မြင်တယ်"

"အဲဒါနဲ့ လေရှုးအခန်းကို လာရှာတာပေါ့"

"ဟုတ်တယ်"

"ညည်းမှာ လေး၀ရှိတယ်၊ ကျုပ်သိတယ်၊ စောစောက ကျုပ်တို့ခေါ်နေတုန်း ပြေးသိမ်းလိုက်ပြီမဟုတ်လား၊ မှန်မှန်ပြောစမ်း"

"ဟာ…မဟုတ်တာကို၊ ဟိုမှာ လေရှုး စာရေးပက်စကြီးတောင်ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စာကြည့်စားပွဲပဲ၊ စာရေးလက်စ ရှိမှာပေါ့၊ လေရူး‥ ညည်းဟာလေ‥ အငယ်ဆုံးလေးဆိုပြီး အလိုလိုက်ထားသမျှ စိတ်ချမ်းသာခဲ့ရသမျှ‥‥ သားကြီးတို့နဲ့ကို မတူဘူး၊ အံ့ဩပါရဲ့အေ‥ ယောက်ျားလေးတွေတုန်းက‥‥"

"လေရူးကျတော့ စိတ်ဆင်းရဲနေရလို့လား"

"ဟဲ့‥‥မချမ်းသာရင်၊ ဆင်းရဲတာပဲ၊ ပြောစကား ဆိုစကားကို ညည်းဘယ်တုန်းက နာထောင်ခဲ့ဖူးသလဲ၊ ပြန်မပြောနားမထောင်"

"လေရူး ဘာမှ မလုပ်ရဘဲနဲ့ တီလေးတို့ အဲလိုစကားခဏခဏပြောနေကြရင် လေရူးတကယ်လုပ်မှာနော်"

"အံမာ ဘာလုပ်မှာလဲ"

"ကိုလေးတို့ ရွာကိုအလည်လိုက်မယ်၊ လေး၀ထုမယ်၊ တိုက်ကွန်ဒိုသင်မယ်"

"အံမလေး‥‥ ပြောနေလိုက်တာ၊ တစ်ခုမှ မိန်းမအလုပ်မပါပါလား"

ဒေါ်မျိုးမျိုး မျက်မှန်ကြီး တစ်ဖက်ကပင့်၍ ရင်ဘတ်ဖိသည်။ ဒေါ်စိုးစိုးကတော့ တူမလုပ်သူ ညာနေတာကိုလက်တွေ့ဖမ်းနိုင်အောင် ကြိုးစားနေသည်။

သို့သော် လေး၀ကို အစအနမျှ မတွေ့သေးပါ။

ညီအစ်မ သုံးယောက်မှာ အငယ်ဆုံး၊ အချစ်ဆုံးညီမက မွေးခဲ့တာ‥ မောင်နှမသုံးယောက်‥

မိဘတွေကလည်း အကြောင်းမလှ၍ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်စဉ်လေးကတည်းက တုန်နေအောင်ချစ်ရသည့် တူ၊ တူမလေးသုံးယောက်ကို သူမတို့ စောင့်ရှောက်ရင်း အပျိုကြီး တွေဖြစ်နေခဲ့ရတဲ့အထိ။

အကြီးကောင်က ခုဆို ဗိုလ်မှူးဖြစ်နေပါပြီ။

အငယ်ကောင်က ပညာတစ်ပိုင်းတစ်စနှင့်မိန်းမယူ သွား၏။

ပြီးတော့ မိန်းမက တောပိုင်းက ပညာမတတ်၊ ချိုချို တဲ့တဲ့ထဲကမို့ သဘောမတူနိုင်၍ လုံးဝမခေါ်ဘဲ ပစ်ထားခဲ့တာ နှစ်နှစ်တောင်ရှိပြီဖြစ်သည်။

စိတ်ကတော့ ပြေနေပါပြီ။

ဒါပေမယ့် တူလုပ်သူက မာနခံနေတော့ အခေါ်တွေက စ,ရခက်နေခဲ့သည်။ လေရှူးကဖြင့် တားမရပါ။

သူ့အစ်ကို မြို့ပေါ်တက်လာတယ်အသံကြားတာနှင့် ပြေးတွေ့ပြီးသားပင်။

အစ်ကိုတွေကလည်း နှမကိုတော့ချစ်ကြသည်။

ငယ်ငယ်ကတည်းက သူတို့နဲ့ ကိုးနှစ်ဆယ်နှစ် ခြားမွေး ထားသည့် နှမလေးမို့ တုန်နေအောင်ချစ်ကြတာဖြစ်သည်။

မိဘမဲ့သွားတော့ ပိုဂရုစိုက်ကြသည်။

ညီအစ်ကိုနှစ်ယောက် ဘယ်ကပြန်လာလာ စားစရာ၊ ကစားစရာ နှမအတွက် မပါခဲ့သည်ဆိုတာမရှိ။

အကြီးကောင် နေမြင့်ခေါင်က စာကြိုးစားသူမို့ အငယ် ကောင် မိုးမြင့်ခေါင်ကသာ နှမအတွက်ဆို ကစားပေါ်လည်း သူ၊ အစ်ကိုဆိုလည်းသူ၊ အကြီးကောင်ထက်ပိုသည်းခဲ့တာ··



www.burmeseclassic.com

www.burmeseclassic.com



ခု အိမ်ထောင်ကျသွားတဲ့အထိ အဒေါ်တွေက စွန့်ပစ်သည်ဆိုတာကို ဒူးထောက် မတောင်းပန်ခဲ့ပေမယ့် နှမကိုတွေ့ရတော့ ဟိုကချောင်း ဒီကချောင်း ဖြစ်နေတတ်တာ မသိဘဲနေမလား။

သူမတို့မှ ဒီတူလေးကို မခေါ်ချင်ယောင်ပြုနေရပေမယ့်သာလေမလားလို့ မျှော်ရတာ လည်တဆန့်ဆန့်ဖြစ်နေပြီ။

လေရှူးက လေး၀ ရှာမတွေ့လို့ စာကြည့်စားပွဲခုံမှာ ထိုင်နေတာ ငိုင်နေသည့် ဒေါ်စိုးစိုးကို မသိမသာလှမ်းကြည့်၏။

ထို့နောက် ပိုင်ပိုင်နိုင်နိုင်မဲ့ရွဲ့၍

"ကဲ..ရှာလေ.. တွေ့လား.."

"တွေ့မလား..မတွေ့အောင် ဖွက်ထားတာကိုး"

"ကဲ..တော်စမ်းပါကွယ်.."

ဒေါ်မျိုးမျိုးက ညီမဖြစ်သူကို လှမ်းဟန့်၍ လေရှူးအိပ်ယာပေါ်မှာ ထိုင်ချလိုက်၏။

လေရှူး သိလိုက်ပြီ၊ မဆုံးနိုင်သော ဆိုဆုံးမခြင်းတွေနှုတ်ပါးစပ်က မမောမပန်းစွာ ထွက်ကျလာတော့မည်။

"ဟယ်...ဟိုမှာ.. သန်းတိုးရယ်.."

"ဘယ်မှာလဲ..."

လေရှူး ပြတင်းပေါက်နားမှ ဖျတ်ခနဲ ခွာ၍

"အောက်မှာ၊ ကားဝင်လာတာတွေ့တယ်၊ ခဏလေးပဲ.."

"ဟဲ့...ဖြည်းဖြည်းသွားလေ"

"လှေကားက အမြင့်ကြီးနဲ့ လေရှူးရေ.."



www.burmeseclassic.com

www.burmeseclassic.com



လေရှူးပြေးထွက်သွားတဲ့နောက်ကို အဒေါ်နှစ်ယောက် မပေါ့မပါးနှင့် ထလိုက်ကြရပြန်သည်။

"ရှာချင်ဦးလေ.. အဲဒါ..."

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဘုတ်…"

သောက်နေသည့် စီးကရက်ကိုပါ ဖြုတ်ချ ခုန်ဆင်းလာသာအရာသည် ခြေဦးထိပ်မှာ ဘုတ်ခနဲပြုတ်ကျလေသည်။

ကိုယ်ကို စီးကရက်မီးထိမှာစိုး၍ ခြေတစ်လှမ်းဆုတ်လျှောက်လိုက်မိရင်း ကျလာတာကို ကြည့်လိုက်တော့ ခိုလေးတစ်ကောင်‥ .

စီးကရက်ကို နင်းခြေပစ်၍ သူဘေးဘီကိုဝေ့ကြည့်လိုက်၏။ လေရှူးလည်းမြင်သည်။

သူမ ပစ်လိုက်သည့်ငှက်ဟာ ဟိုဘက်ခြံဆီသို့လွတ်ရာတ်ကြောင်းပျံပြေးရင်း စိုက်ခနဲထိုးဆင်းကျသွားသည်ကိုထိသွားတာ သေချာပါသည်။

ဝမ်းသာအားရဖြစ်သွားကာ ဝရံတာဆီသို့ပြေးထွက်လာ ဟိုဘက်ခြံကို ရှင်းရှင်းလင်းလင်းမြင်ရသည့်နေရာမှ ခြေဖျားလေးထောက်ကြည့်ပြီး ဒီဘက်ကို ကျောပေးရပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ဂျာကင်အနက်နှင့် လူတစ်ယောက် လှမ်းကြည့်စဉ်မှာပင် သူမ ရှိသည့်ဆီကို သမင်လည်ပြန်ဖျတ်ခနဲလှည့်လာရာ

"အယ်…ချောတယ်တော့…"

လေရှူး ဟဲခနဲ လှမ်းရယ်ပြကာ လက်ထဲက လေးခွကို လည်း ထောင်ပြ၊ ခိုသေကိုလည်း လက်ညှိုးလေးထိုးပြကာ ပစ် လိုက်ဖို့ အမူအယာလုပ်ပြလိုက်၏။

"လာ…လာချည်သေးရဲ့"

သက်တန့် မေးကြောထောင်သွားသည်။

ပုံစံက ဒူးလောက်ရှိတဲ့ စကတ်အဖြူကျပ်ကျပ်ကလေးနဲ့ ကိုယ်ကျပ်အင်္ကျီ ချိုင်းပြတ်လည်ဟိုက် အဖြူလေး..

ဆံပင်က နားရွက်အောက်တိုတို၊ နဖူးစည်းဖြူနဲ့၊ တော် တော့ကို ကဲမယ့်ပုံမျိုး။

မိန်းကလေးတန်မဲ့ လေးခွကိုင်နေတာကို အံ့သြစရာ သိပ် ဖြစ်လောက်ဖွယ်တော့မရှိပေ။

"ဒီ…ဒီမှာ.."

သူ့ဆီ အသံမရောက်ပေမယ့် လှမ်းခေါ်တာကို သိနေ သည်။

"တောက်… ဘယ်လောက်လက်ကပြင်းတယ်မသိဘူး ကွာ၊ ဒီမှာ ကြည့်ပါဦး"

စိုးညဏ် အိမ်ထဲက ဒေါ်နွဲ့မောနဲ့ထွက်လာကာ ကိုင်လာ သည့် မှန်ကွဲကြီးနှစ်ချပ်ကိုထောင်ပြသည်။

"ဘာဖြစ်သွားတာလဲ"

"လောက်စာလုံးကွ၊ အပေါ်ထပ် ငါ့အခန်းထဲဝင်လာ.



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ငါ မင်းရှာခိုင်းတဲ့ ခတ်ပုံဝင်ရှာနေတာ၊ ကံကောင်းလို့ ဆးထင်နဲ့ သီသီလေးလွဲသွားတာ၊ ပြတင်းပေါက်မှန်လည်း ကွဲသွား တယ်၊ ရှုံးကေ့စ်ဆို ကြေမွသွားတာပဲ"

စိုးညဏ် ဒေါသတွေထွက်ကာ ခြံပတ်လည်ကို လိုက် ကြည့်နေ၏။ သူလှမ်းကြည့်လိုက်တော့ ကောင်မလေး မရှိ တော့ပါ။

ဟိုဘက်ခြံက ကောင်မလေးဆိုတာများ စိုးညဏ်သိလျှင် ဘာတွေဖြစ်ကုန်မည်မသိ။

"တွေ့ရင်တော့လားကွာ၊ ထောင်ကျအောင်ကို ချပစ် ယ်၊ မိမဆုံးမ ဖမဆုံးမ နောက်ဘဝ လက်မပါဘဲ မွေးမယ့် ကောင်တွေ"

သူပြုး၍ မျက်စိလျှမ်းသော စိုးညဏ်မမြင်မီ ခိုသေကို စ်ဖက်ခြံစပ်ထိ ခြေနဲ့လွဲကန်ပစ်လိုက်သည်။

"တကယ်ပါကွာ၊ ဒီလိုရပ်ကွက်မျိုးမှာ လေးခွကိုင်တဲ့ ကောင်ကရှိသေးတယ်၊ ဘယ်လို မိမဆုံးမ သားသမီးလဲမသိဘူး၊ ဘက်..."

"ရှုံးကေ့စ်ထဲက ဘာတွေပျက်စီးသွားသေးလဲ"

"ကြားထဲ တည့်တည့်အောင်းသွားတော့ ဘာမှတော့ မသွားဘူး၊ အဲဒီရှုံးကေ့စ်တော့ သွားပြီပေါ့ကွာ"

"မှန်လဲလိုက်ပေါ့ကွာ၊ ဘယ့်နှယ်လဲ ဓာတ်ပုံတွေ့လား"

"မတွေ့ဘူးကွ၊ ငါရှာထားလိုက်ပါ့မယ်၊ ညနေ ဖုန်း ဆက်လိုက်မယ်ကွာ၊ မင်းဘယ်မှာရှိမလဲ"

"အဲဒီမေးခွန်း မမေးနဲ့၊ ငါပဲဆက်မယ်၊ အရေးကြီးတယ်



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ သေချာရှာပေးစမ်းပါ"

"အေးပါ..အေးပါကွာ၊ ငါလည်း ဒီမှာညစ်နေပြီ၊ မိန်းမ လာရင် နိမိတ်မကောင်းဘူး၊ ကျက်သရေမရှိဘူး၊ ရှင်ဘာလုပ် နေလို့လဲနဲ့ နားပူဦးတော့မယ်"

"ပြောလိုက်ပါ့ကွာ၊ လောက်စာလုံးမဝင်စေချင်ရင် နောက်တစ်ခါ ငါ့ကို ပြတင်းပေါက်မှာ တန်းလန်းချည်ထားခဲ့လို့"

နှစ်ယောက်အတူ ကားနားထိ လျှောက်လာရင်း သက်တန့်က စတော့ စိုးညဏ်က သူ့လက်မောင်းကို လက်သီး နဲ့ကြိတ်ထိုးကာ

"ပြောပါ...မင်းကတော့ ရှေ့ပူနောက်ပူ မရှိတဲ့ကောင် ဆိုတော့ ပြောအားရှိမှာပေါ့.."

"ပူမှန်းသိရင် မင်းဘာလို့ရှာသလဲ"

"တော်ပါတော့ကွာ၊ ငါပြောရင် မင်းနဲ့ စကားနိုင်လုရ ဦးမယ်၊ ပြန်မှာသာပြန်"

သက်တန့် ကားထွက်လာတော့ ခြံဝကနေ ကွေ့တက် လိုက်သည်နှင့် လမ်းမဘက်ကနေ လိမ့်ဝင်လာသည့် စက်ဘီး လေးတစ်စီးနှင့် တည့်တည့်ဆုံလေသည်။

သူချက်ချင်းမှတ်မိလိုက်သည်။

လေးခွကိုင်တဲ့ ကောင်မလေး

ဒါ ပြဿနာတက်ပြီအထင်နှင့်၊ ရှောင်ပြေးနေတာပဲ ဆိုတာလည်း သူသိကာ ကားကို လမ်းကျဉ်းထဲမှာ ခေါင်းခံရပ်ပစ် လိုက်၏။

သူ့ကား ကန့်လန့်ပိတ်သွားတော့ လေရှူးစက်ဘီးပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသည်။

"ဟိတ်လူကြီး..ခင်ဗျား ချွန်ပေးခဲ့ပြီလား"

ကိုယ်က သာပြီထင်၍ အပိုင်ပိတ်ထားကာမှ မျက်နှာ ဆင်းတင်းနှင့် ဆီးဟောက်ခံရတဲ့အဖြစ်။

သူ ကားပေါ်က မဆင်းဘဲ မှန်တွေချလိုက်သည်။

"ဟုတ်တယ်..မင်းအိမ်ပြန်လို့မရတော့ဘူး"

"ဘာ..."

"ဟိုမှာ..မင်းလောက်စာလုံးကြောင့် ကွဲရှပျက်စီးသွား တာတွေမနည်းဘူး၊ သူတို့ မင်းကို ရဲလက်အပ်ဖို့လုပ်နေကြပြီ"

"ခင်ဗျား..ခင်ဗျား..လေရှူးကိုပြောလိုက်တယ်ပေါ့"

"ကိုယ်မြင်တာပဲလေ.."

လေရှူး ဒေါသဖြစ်သွားလေသည်။

"အဲဒါ ခင်ဗျားညစ်တာ၊ စိတ်ပုတ်တာ"

"နောက်..ဒီထက် အပျက်အစီးတွေဖြစ်လာမှာစိုးလို့ တွယ်တာပဲ၊ မင်းဆင်ခြင်ရမှန်းသိအောင် ဆုံးမဖို့ လုံးဝလို ယ်"

"တောက်..."

"ဒုံး..."

"ဟာ... ဟိတ်.."

လေရှူးဒေါသဖြစ်ဖြစ်နှင့် ကားဘော်ဒီကို လက်သီးဆုပ် လက်ပြန်ထုချပစ်လိုက်သည်။

"မင်း တကယ့်ကို ဆိုးဆိုးဝါးဝါးလေးပါလား ချာတိတ်၊ ယ် လက်လန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းရော လက်ရော ခါမိလေသည်။

"လက်ပဲလန့်သလား၊ ခင်ဗျားကိုတော့ လေရူးတစ်ကိုယ်လုံးလန့်ပါတယ်၊ မယုံမရှိနဲ့၊ ခင်ဗျားလိုလူကြီး ရည်စားရှိလည်း သူများနောက်ပါမှာပဲ‥"

"ဟ…"

"မိန်းမရှိရင်လည်း ယောက္ခမ၊ ယောက်ဖတွေနဲ့ မတဲ့လို့ ကွဲမှာပဲ"

"ဟိတ်…"

လေရူး နှာခေါင်းရှုံ့ နုတ်ခမ်းပါ ရှုံ့မဲ့ပြ၍ စက်ဘီးကို နောက်ကြောင်းပြန်လှည့်ခဲ့ရသည်။

သူမ အိမ်မပြန်ရဲတော့ပါ။

ဟိုလူကြီး ဒေါသဖြစ်ကာ ခြံထဲကို လက်သီးလက်မောင်းတန်း၍ ဆင်းချလာတဲ့ပုံကို မျက်လုံးထဲကမထွက်။

ပြဿနာက မသေးဘူးဆိုတာ သိ၍ သူရှောင်ထွက်လာခဲ့ခြင်းဖြစ်သည်။ ပြီးမှ ဟိုလူကြီး မပြောတန်ရာဘူးဟု ဖြေသိမ့်၍ ပြန်လာခဲ့တာ‥

"ဟင့်…"

ရုပ်ကလေး ချောတောမောတောနဲ့ ပုတ်ပွနေတဲ့လူကြီး၊ အိမ်ပေါ်ပြေးတက်လို့ ခလုတ်တိုက်လဲပါစေ၊ ထမင်းစားရင်း ချောင်းဆိုးပါစေ။

လေရူး စက်ဘီးစီးရင်း ဆုတွေ တစ်သီကြီးပေးနေမိလေသည်။ သူမနောက်မှ သက်တန့်ရဲ့ကား…။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ငါ မိသက်မာအိမ်မှာ ညအိပ်ရတော့မလို ဖြစ်သွားတာပေါ့"

"ဖြစ်ရလေ လေရှူးရယ်··နှင့်ဟာ··"

"အေးလေ···ခစ်··ခစ်···"

"အေးပါ·· ခုတော့ နင်တို့က ရယ်စရာပေါ့၊ အဲဒီနေ့ကဆို ငါ တစ်ညနေလုံးချွေးပြန်နေတာသိလား"

"ကြောက်တယ်ပေါ့"

"ကြော်တာပေါ့··· ရှုံးရောက်ဂတ်ရောက်ဖြစ်ကုန်ရင် ကိုကြီးလည်း သိက္ခာကျမယ်၊ အန်တီကလည်း ငါ့ကို ညာမှာ မဟုတ်တော့ဘူး၊အဲဒီလောက်လေး ပစ်တာကို လုံးလုံးကို မကြိုက်တာ သိလား"

"နင်ကလည်းဟာ နင့်ကိုကြီးက ဒီမှာရှိတာမှ မဟုတ်တာ··"

"ရှိလည်း ကိုကြီးက ငါ့ကို မရိုက်ပါဘူး၊ ဒါပေမယ့် ကိုကြီးက ဗိုလ်မှူး၊ ငါ့ကြောင့် သိက္ခာကျမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်လွှတ်ဖို့ပြောပေးပါ့မယ် ယောင်းမရယ်"

"ဟာ..ဟား..ဟာ.."

အားလုံး ရယ်ဖြစ်ကြပြန်သည်။

"ငါ့ကို တမင်ဒုက္ခရောက်အောင် လုပ်လိုက်တာ အဲဒီ ပုဂ္ဂိုလ်ကို ငါလုံးဝကို မကျေနပ်ဘူး၊ တကယ်ဆို 'ငါ ဘာမှ မပြောလိုက်ဘူး' လို့ပြောပါလား၊ မပြောတဲ့အပြင် သူကပဲ မင်း အိမ်ပြန်လို့မရတော့ဘူးဆိုတော့ ငါကြောက်သွားတာပေါ့၊ အိမ်မှာ ဘယ်လောက်ပဲ ဆိုးဆိုး ပတ်ဝန်းကျင်နဲ့ကျတော့ ပတ်ဝန်းကျင် က ခွင့်လွှတ်မလား"

"ဒါတော့ သဘောပေါက်သားပဲ"

"ဒါပေမယ့် သူ နင့်ကို လက်ညှိုးထိုးမပြဘူးလေ၊ ဘာမှ မဖြစ်တာပဲ ကျေးဇူးမတင်ဘဲနဲ့"

"မတင်ပါဘူး၊ ငါ့ကို တီလေးတို့ တအားစိတ်တွေပူ ပြီး ဟိုရှာ ဒီရှာ၊ ငါ့မှာ သက်မာ ဘာကျွေးကျွေးမစားနိုင်၊ ချော့မော့နှားချလည်း ထိုင်မရ ထမရ၊ ဘယ်အချိန် ရဲစခန်း ရောက်တော့မလဲဆိုပြီး ငိုကငိုချင်.."

"ဟား..ဟား..ဟား.."

သူတို့ဝိုင်းရယ်ကြတော့ လေရှူးပါ လိုက်ရယ်မိပြန်သည်။

"ကြောက်ပြီး အီအီးလေးပါ မပါချင်ဘူးလား"

"ပါချင်တာပေါ့၊ ချေးပါတော့မလိုလို၊ သေးပါတော့ မလိုလိုနဲ့၊ အိမ်သာဝင်ရတာပဲ သုံးခါ"

"ခစ်..ခစ်...ခစ်..."

သူငယ်ချင်းတွေ ပျော်ပွဲစားမလို့ မုန့်ပွဲ၊ စားစရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ထားပြီး လေရှူးပြန်ပြောတာကို နားထောင်ရင်း တဟားဟား ရယ်လို့မဆုံး။

"စာရေးဆရာမရယ်၊ သမိုင်း ဒုတိယနှစ်နော်၊ ကလေး လည်းမဟုတ်တော့ဘူး၊ ခုထိ သူ့မှာလောက်လေးပစ်တုန်း"

"ဟုတ်တယ်၊ ဟုတ်တယ်၊ နင့်ဝတ္တုတိုလေးတွေကို ဖြိုက်လို့ 'လမင်းမြိုင်' ထုတ်ဝေသူက လုံးချင်းထုတ်ဖို့ကမ်း လှမ်းထားတယ်ဆို"

လေရှူးက ဟဲခနဲရယ်ကာ..

"ကမ်းလှမ်းတယ်၊ ကိုမြတ်ဘုန်းအောင် မျက်နှာနဲ့ပါ ဘာ"

"ဟယ်...နင့်ဝတ္တုတိုလေးတွေကလည်း တကယ် ကောင်းတာပါ၊ အရမ်းကိုကောင်းတာ၊ စာဖတ်ရင်း တကယ့်ကို င်တဖိုဖိုဖြစ်နေအောင် နင်ရေးတတ်တယ်"

"ဟုတ်တယ်၊ ဘယ်သူ့မျက်နှာကြောင့် ထုတ်ထုတ် င် ပေါက်မှာပဲ၊ ကျွန်းသေပြောရဲတယ်"

"သူငယ်ချင်း..ငါဖားထားတယ်နော်၊ မမေ့နဲ့"

"ကဲ.. ဂျာရီမလာသေးဘူးလားဟာ၊ ဗိုက်ကဆာလာ ဲ"

သူငယ်ချင်းတွေစုကာ စကားတွေက ဟိုရောက် ရောက် ဂစ်တာတီးဖို့ ကြိုးညှိတဲ့သူကညှိ။

စားစရာတွေ လှီးသူ၊ နွှာသူ၊ ပြင်ဆင်ကြနှင့် ဂျာရီကို စောင့်နေကြလေသည်။

"ဒီကောင်ဟာ ဘာလုပ်ဖို့ပဲချိန်းချိန်း အမြဲတမ်းနောက်



www.burmeseclassic.com

www.burmeseclassic.com



ကျတာပါ”

“နောက်ကျမှာပေါ့၊ စားစရာထက် စိတ်ဝင်စားတာက ရှိနေတာကိုး”

အောင်အောင်ဦးက လေရှူးကို လှမ်းကြည့်၍

“လေရှူး..”

“ဟင်..”

“ဂျာရီ လွင့်နေတာ နင့်ပယောဂပါတယ်”

“ဘာဆိုင်လဲ”

“သူ နင့်ကို..”

“ဆက်မပြောနဲ့နော် ငဦး၊ ငါ ပန်းသီးနဲ့ ပစ်ပေါက်လိုက်မှာ..”

“နင့်ကို ပြန်ကြိုက်ဖို့ မပြောပါဘူး၊ သူ့ရှေ့ရေးအတွက်”

“ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက်ပေါ့၊ နောင်တစ်ချိန် အိမ်ထောင်ဦးစီးဖြစ်မယ့် ယောကျ်ားတစ်ယောက်က ဘာမဟုတ်တာလေးအတွက်နဲ့ စုံလုံးကန်းစရာလား၊ ဘာမှ အထင်ကြီးစရာမရှိဘူး”

“သူက ကုလားစပ်ပေမယ့် မြန်မာရုပ်လည်းပေါက်တော့ အရမ်းချောတာပဲ၊ ပြီးတော့ ဗုဒ္ဓဘာသာပါဟယ်၊ နင်က ဘာဖြစ်လို့ သဘောမကျတာလဲ”

“လုံးဝကို မစဉ်းစားဘူး၊ ရည်စားထားဖို့နေနေသာသာ ငါ့ကို ချစ်တယ်အပြောခံရတာတောင် ဒေါသဖြစ်လွန်းလို့”

“အဆန်းပါလား”

အောင်ဦးက ငေါ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ရည်းစားထားရင် အဲဒီရည်းစားက ငါ့အိမ်ထောင်ဘက်ပဲ၊ ငါ့အိမ်ထောင်ဘက်ဟာ ဘယ်တော့မှ လူမျိုးခြားမဖြစ်ရဘူး၊ လူမျိုးခြားကို ငါအထင်လည်းမကြီးဘူး၊ ရွေးလည်းမရွေးဘူး၊ ငါ့ဘာသာ၊ ငါ့သာသနာနဲ့ ငါ့သွေး ငါ့သားပဲဖြစ်ရမယ်"

"ဟော..ဟိုမှာ..ဂျာရီလာနေပြီ"

သူတို့ရှိရာကို ကျွတ်ကျွတ်အိတ်တစ်လုံးဆွဲ၍ ဂျာရီရောက်လာသည်။

ဖွေးနှစ်နေသော အသားရောင်က နှာတံစင်းစင်း မျက်တောင်ကော့ကော့နှင့်မို့ ခပ်သွယ်သွယ်မျက်နှာဟာ ကုလားဆင်မှန်းသိသာနေသော်လည်း ဂျာရီ အတော့်ကိုချောပါသည်။

မိဘမဲ့ဖြစ်ကာ ဦးလေးအိမ်မှာ ကပ်နေရသည်ဟု ဆိုခဲ့သော်လည်း ဂျာရီလက်မှာ နှစ်ကျပ်သားခန့်ရှိသည့် ဟမ်းချိန်းရှိသည်။ လက်ဆယ်ချောင်းမှာ ခြောက်ချောင်းက လက်စွပ်တွေနဲ့ ပြည့်နေ၏။

တုတ်ခဲနေသော ဘတ်ကြီးက ဘယ်အင်္ကျီနဲ့ ဘယ်လိုလိုနေနေ လည်ပင်းမှာ လင်းခနဲ လက်ခနဲ မြင်နေရသည်။

"မင်း ထောလှချည်လား"

ဟု သူငယ်ချင်းတွေ စလျှင်

"ငွေရှာတာများ ခက်လို့ကွာ"

ဟုပြန်ပြောလေ့ရှိသည်။

ကိုယ်တိုင်က ဆေးခြောက်သုံးစွဲနေပေမယ့် သူငယ်ချင်းတွေကလည်း သိလို့ တားကြပေမယ့် သူဘယ်တော့မှ ဝန်မခံဘတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရုပ်က ဆေးသမားပုံပေါက်နေလို့လား"

ဟု ခပ်တည်တည်ပြန်မေးတတ်၏။

လားလားမှမတူပါ။

ဝတ်တာ စားတာက စတိုင်မိသည်။

ကြွကြွရွရွလေး နူးညံ့သော လှုပ်ရှားမှုက ကြည့်ကောင်း၏။ နှစ်ခါပြန်ကြည့်ချင်ဖွယ် ချောမောသော ရုပ်ရည်ရှိသည်။

ဘယ်သူက ဆေးသမားလို့ စွပ်စွဲနိုင်ပါမည်နည်း။

သို့သော် ရင်းနှီးနေကြသော သူငယ်ချင်းချင်းကတော့ သိနေသည်။ တားဖို့ကျတော့ သူက ဝန်မခံ။

သူဝန်ခံသည်က လေရှုးကို ချစ်သည်တဲ့။

"လူတွေစုံနေပြီပဲ ဆောရီးကွာ၊ ငါ့မှာကိစ္စအရေးကြီးလာတာနဲ့ သွားနေရလို့"

သူလှမ်းပေးသည့် အိတ်ထဲမှာ ကိတ်မုန့်ဖူးတွေ၊ မုန့်ပုံးတွေ၊ အအေးပုလင်းနဲ့ သစ်သီးတွေ တကယ့်တစ်ထုပ်ကြီး။

သူ လေရှုးနဲ့မျက်နှာချင်းဆိုင်မှာထိုင်သည်။

"လေရှုး··တစ်နေ့က အိမ်ကထွက်သွားတယ်ဆို"

တီလေးတို့ လေရှုးနဲ့ပတ်သက်သည့် လူတိုင်းကိုဖုန်းဆက်ခဲ့သည်ပါ။

"ငါ နင့်ကိုရှာဖို့ အိမ်ကထွက်ခဲ့သေးတယ်၊ အရေးထဲ ဦးလေးမိန်းမက မူးလဲလို့ ဆေးခန်းပို့ရ၊ ဆေးခန်းကနေ ဆေးရုံ တစ်ခါတင်ရတော့ ညဉ့်နက်သွားရော၊ ဆယ်နာရီခွဲလို့ ဖုန်းဆက်မေးတော့ ပြန်ရောက်ပြီတဲ့၊ ပြောပါဦး ဘယ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ..မိသက်မာတို့အိမ်မှာရှိပါတယ်"

"ဘာသွားလုပ်နေတာလဲ"

မဖြေချင်ပေမယ့် သူက စိတ်ပူလို့ ရှာဖို့တောင် ထွက်ပါသည်ဆိုတော့ မဖြေလို့လည်း မကောင်း..

"ငါ ငှက်ကိုလောက်လေးနဲ့ပစ်လိုက်တာ ဘေးအိမ်က မှန်ကွဲသွားတယ်လေ၊ အဲဒါ တိုင်မယ် တောမယ်ပြောသံကြား တာနဲ့ လန့်ပြီး သွားပုန်းနေတာ"

"ဩော်..လေရူးရယ်.."

လိမ္မော်ရောင် ကိုယ်ကျပ်ဝမ်းဆက်နှင့် မိတ်ကပ်မလူး ဘဲ လိမ္မော်ရင့်ရောင် နှုတ်ခမ်းနီသာဆိုးထားသည့် လေရူးမျက်နှာ ပြောင်ပြောင်လေးကို ကြည့်သော ဂျာရီ မျက်ဝန်းများက မြတ်နိုး ခြင်းတွေ ပြည့်သိပ်လျှက်...

ပြီးတော့ ပန်းခြံထဲက မြက်ခင်းပေါ်မှာ ပက်လက်ကြီး လှဲချလိုက်ကာ.. စီးကရက်ထုတ်သောက်သည်။

"ဟဲ့...ဂျာရီ.."

"ဟင်..."

"ထလေဟာ၊ ငါတို့က ဗိုက်ဆာလို့ နင့်ကိုစောင့်နေ ကြတာ"

"စားကြလေ.. ငါရောက်ပြီဟာပဲ"

"ထပါလား၊ အတူတူပျော်ပျော်ပါးပါးစားကြမယ်လေ"

မေလင်းက ဂျာရီ ပခုံးကို လှမ်းပုတ်၍ ထခိုင်း၏။ ဂျာရီက မထပေ။

"စားကြပါ.. ငါစားလာခဲ့ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ပျော်ပွဲစားဖို့လာတာ မစားဘဲ ဘာလို့လာသေးလဲ"

ဂျာရီက နှုတ်ခမ်းတွန့်ခနဲပြုံးကာ လှဲနေရာမှ ထထိုင်သည်။ ပန်းသီးချာနေသော လေရှူးကို လှမ်းကြည့်၍

"ဘာမှမဖြစ်ပါဘူး၊ ငါ ရင်ပြည့်သွားလို့ မစားတာ"

မေလင်းနဲ့ ရွှေထက်သူက လေရှူးကို လှမ်းကြည့်၏။ အောင်အောင်ဦးက ရယ်သည်။

လေရှူးမကြိုက်မှန်းသိ၍ ကျန်တဲ့သူတွေက မသိသလို နေကြ၏။

လူမျိုးခြားဆို ကြည့်မရတတ်သော လေရှူးက တစ်လောကလုံးဟာ သူမနဲ့မဆိုင်တဲ့အတိုင်း....။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဩော်…အင်း…ရှိပါတယ်ကွယ်၊ ခဏကိုင်ထား နော်…"

ဖုန်းဆီ လျှောက်လာနေပြီဖြစ်သော လေရှူးကို တီလေးက မျက်မှောင်ကုတ်ကြည့်၍ ဖုန်းကို တွန့်တိုစွာလှမ်းပေးသည်။ ပြီးတော့ အနားက မခွာဘဲရှိလေသည်။

"ကိုဘုန်းမဟုတ်လား တီလေး.."

"ဟုတ်ပါ့.."

"ကိုဘုန်း..ပြောလေ"

"×××××××"

"ဟင်…တကယ်လား၊ လာမှာပေါ့"

"အံမယ်…ဘယ်လိုလဲ"

မနေနိုင် မအောင့်နိုင် ဖျတ်ခနဲဝင်မေးပြီးမှ ဒေါ်စိုးစိုး သူ့ပါးစပ် သူပြန်ပိတ်သည်။

လေရှူးက ဖုန်းပြောရင်း လက်ကာပြ၍

"ဟင်..ကိုဘုန်းလာခေါ်မယ်၊ အခု..ဩော်..လာနေပြီ လား.. ဟုတ်..ဟုတ်ပြီ"

လေရှူး ဖုန်းချလိုက်တော့ ပါးစပ်တပြင်ပြင်ဖြစ်နေသည့် ဒေါ်စိုးစိုးက လက်ကိုပါဆွဲထားကာ



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလိုက်ဦးမလို့လဲ လေရှူး၊ မြတ်ဘုန်းအောင် ဆိုတဲ့သူငယ် ညည်းကို မရိုးသားဘူးနော်၊ ကိုယ့်ကို မရိုးသား မှန်းသိရက်နဲ့ ကူညီနေတာကို လက်ခံရင် အန္တရာယ်ဘယ် လောက်များလဲ သိလား"

"လေရှူးသိပါတယ် တီလေးရာ··"

"သိရင်ခေါ်တိုင်း မလိုက်နဲ့လေ၊ အခု ဘာသွားလုပ် မှာလဲ"

"လုံးချင်းထုတ်ဖို့ကိစ္စလေ တီလေးရဲ့၊ ကိုယ့်တူမ စာရေးဆရာမ ဖြစ်ဖို့ဟာကို ချုပ်ချယ်မနေပါနဲ့၊ လေရှူး ဘာမှ မဖြစ်ပါဘူး၊ ကိုဘုန်းကလည်း လူကြီးလူကောင်းပါ တီလေး ရာ··"

"လူကြီးလူကောင်း ဖြစ်နေတာကိုက ခက်တာ၊ အသက်က သုံးဆယ့်ငါးလေးဆယ်၊ ပိုက်ဆံရှိလို့ မရင့်တာ၊ ကျုပ်တူမက ဆယ်ကျော်သက် နုနုထွတ်ထွတ်လေး၊ ဘယ် လောက်ချမ်းသာသာ လုံးဝပဲ"

"ဖြစ်ရပြန်ပြီ၊ ဒါနဲ့ ညည်းကိုယ်ညည်း ကလေးလေး မှတ်နေလား၊ အရွယ်ရောက်တဲ့မိန်းကလေးတစ်ယောက် ဒီလို နေရသလား၊ ဒီလိုထိုင်ရသလားနဲ့ ခုတော့ ဆယ်ကျော် သက်တဲ့"

"ဟုတ်တယ်လေ၊ ညည်း နှစ်ဆယ်မှမပြည့်သေးတာ ဆယ်ကျော်သက်ပေါ့၊ စာရေးဆရာမလုပ်ချင်ရင်လည်း ငွေ ဘယ်လောက်ကုန်မှာလဲပြော၊ ကျုပ်တို့ထုတ်ပေးမယ်"

"ထုတ်ပေးလည်း ထုတ်ဝေခွင့်ရမှ ထုတ်လို့ရတာ တီလေးရဲ့၊ သူနဲ့တော့ ပတ်သက်ရမှာပဲ၊ ပူမနေပါနဲ့ တီလေး



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ဟောဟော.. ဟော.. ကားသံကြားတယ်၊ လာပြီထင်တယ်၊ လေရှူးသွားမယ်နော် တီလေး...”

ဒေါ်စိုးစိုး ခေါင်းမညိတ်နိုင်

မြတ်ဘုန်းခေါင်နှင့်တူမဖြစ်သူကို ထည့်လိုက်ရမှာကိုပဲ စိတ်မချနိုင်ပေ။

“လာနေပြီ တီလေးရာ.. သွားမယ်နော် နော်လို့..”

“ကဲ...သွားပါ၊ ဒီရုပ်နဲ့ပဲလား”

“ဟုတ်တယ်၊ အင်္ကျီပဲ လဲသွားမယ်..”

လေရှူး ထွက်သွားတဲ့ဆီလိုက်ကြည့်ရင်း ဒါလေး ဝတ်ပါလားဆိုတာမျိုးက မပြောမဆိုဘဲ နေလို့မရ..

ခက်ပါဘိတော့...။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"လေရှူး…"

"ဟင်…"

"ကန်တင်းသွားရအောင်"

"မသွားတော့ဘူး၊ ငါ ဒီမှာ ပီမိုးနင်းစာအုပ်ဖတ်ပြီး မှတ်စရာရှိတာ မှတ်ချင်လို့"

"ခဏလေး လိုက်ခဲ့ပါဟာ၊ ပြောစရာရှိလို့ပါ"

"နင် ငါ့ကို ရည်းစားစကားပြောမလို့လား"

"မဟုတ်ပါဘူး၊ တခြားကိစ္စပါ"

"ခဏနေဦး"

လေရှူး စာအုပ်တွေ သိမ်းပြီးမှ သူနဲ့လိုက်လာခဲ့သည်။ ဂျာရီက အတူယှဉ်လျှောက်လာလျက်…

"ငါ နင့်ကို လက်ထပ်ချင်တယ်လေရှူးရာ…"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဟာ"

လေရှုး ခြေလှမ်းတုံ့ခနဲဖြစ်သွားလေသည်။

"ပြောတုန်းကတော့ တခြားကိစ္စပါဆို"

"ငါ ရည်းစားစကားပြောတာမှမဟုတ်တာ"

"နှစ်လုံးတည်း ကပ်မရှုပ်နဲ့နော် ဂျာရီ၊ ငါ နင့်ကို သုံးဝ မစဉ်းစားဘူးဆိုတာ ဖွင့်မပြောဘဲ သိရင် နင်နဲ့ငါ ဆက်ခင် သွားလို့ရတယ်"

"ငါ သိပါတယ်၊ ဒါပေမယ့် ငါက ကျောင်းဆက် တက်တော့ဘူး"

"ဟင်..."

လေရှုးက လမ်းဆက်လျှောက်ရင်းလှည့်ကြည့်သည်။

ဂျာရီက စီးကရက်ဗူးကို ဘောင်းဘီအိတ်ထဲက ထုတ် ကိုင်လျက်...

"ငါ..ခရီးထွက်စရာရှိတယ်၊ နင်..နင်ငါ့ကို မချစ် နိုင်သေးရင်နေပါဟာ.."

"မချစ်နိုင်သေးတာမဟုတ်ဘူးဂျာရီ၊ ဘယ်တော့မှ မချစ် ဘာ၊ စိတ်တော့ မကောင်းဘူးဂျာရီ၊ နင် ငါ့ကို မေ့လိုက်ပါ"

"လေရှုး.."

လေရှုး ချာခနဲနောက်ကြောင်းပြန်လှည့်သည်။

ရှေ့ဆက်စရာ ဓာတ်လမ်းမှ မရှိတာပဲ...။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

စာရေးဆရာမ ဖြစ်ရတော့မည်။

သွေးတော့ ကြွချင်တာ အမှန်ပင်။

ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်တော့ ဘောင်းဘီရှည်အနီနဲ့ ရှပ်လက်ရှည်အနီကွက်နဲ့။

"ညည်းရှပ်က စာရေးဆရာ ရှပ်ကိုမပေါက်ပါဘူး လေရှူးရယ်"

ဟု အန်တီ မကြာခဏပြော၍ ဖျက်တတ်ပါသည်။

ပြီးတော့ ဆံပင် ဆံပင်ကလည်း နားရွက်လောက်၊ နားလေး တဝက်ပဲ ဝဲဝဲလျှော့လျှော့လေးနဲ့မို့ နုနုဖတ်ဖတ်ငယ်ငယ်လေးပုံ ပေါက်နေသည့်မျက်နှာကို အဒေါ်နှစ်ယောက်စလုံး ဘဝင်မကျနိုင်တာ လေရှူး ဘယ်လိုခန့်အောင်နေမလဲ။

"ဟိတ်...ဘာတွေပြုံးနေတာလဲ"

ကိုဘုန်းရောက်လာတော့ လေရှူးက ရယ်၍

"ကိုယ့်ကိုယ်ကို ပြန်တွေးမိလို့ပါ၊ ကိုယ်တကယ် အောင်မြင်သေးတာမဟုတ်ဘဲနဲ့၊ ကိုဘုန်းတင်ပေးလို့ စာရေးဆရာမဖြစ်ရမှာကိုလေ"

"ဒီလို ဘယ်ဟုတ်မလဲ လေရှူးရယ်၊ လေရှူးမှာ အရည်



www.burmeseclassic.com

www.burmeseclassic.com



အချင်းရှိလို့ ကိုယ်က စင်တင်ပေးရဲတာပေါ့၊ ဘာမှမရှိတဲ့လူကို ဘယ်သူက အမိုက်ခံတင်မှာလဲ၊ မယုံရင်ကြည့်နေ၊ လေရှူး အောင်မြင်မှာ ဆက်သာရေးပေတော့"

"ရေးဖို့ကတော့ လေရှူးတာဝန်ယူပါတယ်၊ ကိုဘုန်းက သာ ကြော်ငြာကောင်းပစေ"

"စိတ်ချပါဗျာ.."

ညှိုညက်ညက်လေးလှနေသော လေရှူးကို မြတ်ဘုန်းအောင် အစိုက်ကြည့်သည်။ မျက်ခုံးထူထူ မျက်တောင်ကော့ကော့လေး များနှင့် လေရှူးနှုတ်ခမ်းလေးက အပေါ်အောက် အထူအပါး ညီကာ ဖူးပြည့်ဝနေသည်။

အရပ်က ငါးပေ ငါးလက်မ။

ဒေါက်ချွန်ဖိနပ်ကိုသာ စီးတတ်သူမို့ အရပ်က မားမား၍ သွယ်သောကိုယ်လုံးက ထင်းနေသည်။

အိမ်ကို တစ်ခါတလေ ရောက်သွားမိတဲ့အခါ စကတ် ကျပ်ကျပ် စပို့ရှပ် ကပ်ကပ်လေးနှင့် မြင်လိုက်ရလျှင် သူ့မှာ နေလာတဲ့အထိ ရင်ခုန်မပြေဘဲရှိတတ်တာ ကိုယ့်ကိုယ်ကိုပဲ သည်။

ရွှေအဆင်းနဲ့ သိပ်လှတဲ့ ကောင်မလေး....။

ဝင်းလဲ့ကြည့်စင်လှသော ပါးကလေးတွေများ စေ့စေ့ ကြည့်မိလျှင် သူ မျက်နှာမလွှဲချင်မိပေ။

ဖွင့်ပြောဖို့ကျတော့ သူက ကလေးသာသာ၊ ကိုယ့်မှာ လေးဆယ်တွင်း...

ခက်ပါလား....



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြန်ပို့မယ်လေ လေးရှုးရဲ့၊ ခဏလေးစောင့်"

"ဟင့်အင်း.. လေရှုးဖာသာပြန်မယ်၊ ဝယ်စရာလေး ရှိလို့"

ထုတ်ဝေဖို့ အုပ်နှစ်ဆယ် စာချုပ်ပြီးသွားပြီ။ ဒီ့ပြင် တိုက်နဲ့ ချုပ်မလိုလို့နှင့် ကိုဘုန်းက သူ့ပဲထုတ်မည်ဟုဆိုကာ စာချုပ် လိုက်ခြင်းဖြစ်သည်။

တကယ်ဆို မြတ်ဘုန်းအောင်တိုက်က ဝတ္ထုလုံးချင်း ထုတ်ဝေခြင်းမပြုခဲ့ဖူးပေ။

ရုပ်ပြ၊ ကာတွန်းများနှင့် ဝတ္ထုတိုပေါင်းချုပ်၊ ဂမ္ဘီရ လျှို့ ဝှက် ဆန်းကြယ် မှုခင်းဝတ္ထုတွေလောက်သာ ထုတ်ခဲ့တာဖြစ်သည်။

ဒါဟာ ပထမဆုံး...

ဘာကြောင့်ဆိုတာကိုလဲ လေရှုးနားလည်သည်။

ထို့ကြောင့် သူဖွင့်ပြောလာစရာ အခွင့်အရေးမရှိရ အောင် ကိုယ်ကရှောင်မှ..

စာချုပ်ပြီးလို့ အိတ်ထဲမှာတော့ ငွေက ဖောင်းနေပြီ။ ဘယ်ကိုသွားပြီ၊ ဘာဝယ်မလဲ။

ကားတိုးစီးရမလား။

ကားငှားသွားရကောင်းမလား။

လေရှုး ပလက်ဖောင်းဘေးက ကပ်လျှောက်ရင်း စဉ်းစားနေ မိဆဲ...

"လေရှုး..."

"ဟင်..."

"ဂျာရီ..."



www.burmeseclassic.com

www.burmeseclassic.com



နက်ပြာရောင် ပါဂျရိုကားပေါ်မှာ...

ယောက်ျားသုံးယောက်ကို နောက်ခန်းမှာတွေ့ရကာ ရှေ့မှာ မောင်းသူနဲ့သူ နှစ်ယောက်တည်း။

လေရှူးကိုခေါ်၍ ကား ပေါ်ကဆင်းလာ၏။

"ဘယ်သွားမလို့လဲ လေရှူး.."

"သွားစရာရှိလို့ပေါ့၊ နင်ကဘယ်လဲ"

"ငါလည်း သွားစရာရှိလို့ လေရှူး"

"ဟင်..."

"ငါနဲ့ခဏလေးလိုက်ခဲ့စမ်းပါ၊ ငါနင့်ကိုပေးစရာရှိလို့ပါ"

"အာ...ဟာ.."

လေရှူး ဒေါသနှင့်ဆတ်ခနဲ ကုပ်ပစ်လိုက်သည်။

ပြီးမှ ဆက်လျှောက်သည်။

ဂျာရီက ကပ်လိုက်လာလျက်

"ခဏလေးလိုက်ခဲ့ပါ လေရှူးရယ်၊ ဟိုရှေ့နားက စားသောက်ဆိုင်လေးတင်ပါ၊ ငါ နင့်ကိုပေးမှာမဟုတ်ပါဘူး၊ သက်မာပါ၊ အဲဒါ နင်ပေးပေးဖို့ပါ"

လေရှူး ခြေလှမ်းနှေးသွားသည်။

ဂျာရီကို သက်မာက စွဲလမ်းနေတဲ့သူ။

သူမနဲ့ မဆုံဖြစ်ကြစဉ် ဂျာရီကလည်း သက်မာကို ယောဖဉ်ဖြစ်ခဲ့ဖူးသူ။

"ဟုတ်များ ဟုတ်လေမလား"

အို...ကားပေါ်တက်လိုက်ပြီးမှ ပြန်ရပ်မပေးဘဲ ကားမောင်းပြေးရင် ဘယ်လိုလုပ်မလဲ..



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်ဖို့ ကိုယ့်စိတ်ကိုယ် သတိပေးလိုက်ရင်း

"ဒါဆို ခုပေးလိုက်လေ၊ ငါပေးပေးမယ်"

"ခုပေးလို့မရလို့ပါဟာ၊ ကားပေါ်မှာမို့ပါ၊ ခဏလေး ဖြစ်ဖြစ် လိုက်ခဲ့ပါ၊ ငါ အခုပဲ ခရီးသွားတော့မှာ၊ ဟိုမှာ ညည်း သည်တွေပါလာတယ်"

"ငါ မလိုက်ချင်ဘူး ဂျာရီ၊ ဘယ်ယောကျ်ား ကားပေါ်မှ ငါမလိုက်ခဲ့ဖူးဘူး၊ ဘယ်တော့မှလည်း လိုက်မှာမဟုတ်ဘူး"

"လေရှုး..."

ဂျာရီ့မျက်လုံးစူးတောက်လာသည်။

လေရှုးကို သူ ကားပေါ်ဆွဲတင်တော့မယ့်အတိုင်း..

ထိုမျက်ဝန်းများကိုကြည့်မိကာ သူခေါ်တဲ့နောက် မလိုက် ဖို့က လေရှုးပို၍ ဆုံးဖြတ်ချက်ခိုင်မာသွားသည်။

"ဂျာရီ.. သူမကို ညာခေါ်နေတာ သိလိုက်ပြီ.."

"ငါ့ဧည့်သည်တွေရှေ့မှာ နင် ငါ့ကိုအရှက်ခွဲတာပေ လေရှုး.. သူငယ်ချင်းအချင်းချင်း ဒီလောက်ထိ ငါ့ကို အထ ကြည်မှဲ့ရသလား.."

"ဟုတ်တယ် ငါမယုံဘူး၊ အဲဒါကြောင့် မလိုက်နိုင်ဘူး"

"လေရှုး.."

ဂျာရီ လက်က လေရှုးရဲ့တံတောင်ဆစ်တစ်ဖက်ကို ဖ ခနဲ ဆုပ်ကိုင်လိုက်သည်တွင်

"ဒေါသတွေကြီးလှချည်လား ကိုယ့်လူ၊ မြို့လယ်ခေါ မှာ ပြန်ပေးဆွဲမလို့လား.."

စကားသံနှင့်အတူ တင်းကျပ်မြဲမြံစွာဆုပ်ကိုင်ထားသ



www.burmeseclassic.com

www.burmeseclassic.com



လေရှူးလက်မှာရှိသည့်သူ့လက်ကို တစ်စုံတစ်ယောက်က အသာလေး ဖြုတ်ချပစ်လိုက်၏။

လက်ဖမိုးမှာ မျက်ခနဲဖြစ်ကာ သူ လေရှူးကို လွှတ်ပေးလိုက်ရ၏။

"မင်း..မင်းဘယ်သူလဲ.."

"သက်တန့်ဆင်..."

"ဆင်ကြီး..."

ခပ်ဖွဖွရေရွတ်ကာ ဂျာရီ ချာခနဲလှည့်ပြေး၏။

သက်တန့်က ဂျာရီ ဂုတ်ပိုးအင်္ကျီစကို ဖျတ်ခနဲလှမ်းဆွဲကာ လက်ထိပ်ခတ်ပစ်လိုက်၏။

"ဟိုမှာ မင်းအဖော်တွေစောင့်နေတယ်"

နားနားမှာအံကြိတ်ကပ်ပြောတော့ ချောမောသောဂျာရီ မျက်နှာမှာနီရဲ ခြောက်ခြားနေလေသည်။

ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းက ပါဂျဲရိုးကားရဲ့ တစ်ဘက်တစ်ချက်မှာ အရပ်ဝတ်နဲ့ ရဲသုံးယောက်။

ဂျာရီ့ကိုဆွဲသွားကာ ထိုကားထဲကို ထည့်လိုက်သည်။

ဂျာရီက မျက်နှာနီနီနှင့်ပတ်ဝန်းကျင်ကိုကြည့်၏။

ဆူးလေ မြို့လယ်ခေါင်မှာမို့ ပတ်ဝန်းကျင်သည် အရှုပ်ထွေးဆုံးဖြစ်ကာ အားလုံးဟာ တရားခံဖမ်းဆီးခြင်းဟူသော အသိနှင့် ဝိုင်းကြည့်နေကြလေသည်။

ငေးကြောင်ရပ်ကျန်ခဲ့သူက လေရှူးဖြစ်သည်။

ဂျာရီသည် သူမကို လုံးဝပြန်မကြည့်တော့သလို ဘယ်သူကမှလည်း သူ့ကို ဂရုမစိုက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲမှာ ကွက်ကြည့်ကွက်ကြည့်ကျန်သော လူတချို့ကြောင့် ကိုယ့်အဖြစ် ကိုယ်သတိရကာ နေရာမှ ခပ်သုတ်သုတ် ထွက်လာခဲ့လေသည်။

သက်တန့်ဆင် ဆိုပါလား..

ဒီလူကြီးကို လေရှူး မေ့ပါ့မလား။

သူကဘာလဲ...

ဂျာရီ ဘာတွေလုပ်နေလို့လဲ...

"ဆင်ကြီး"ဆိုသောအပြောနဲ့ခြောက်ခြားသွားသည့် ဂျာရီ့မျက်နှာ၊ ဂျာရီကိုကားပေါ်တင်ထည့်လိုက်ပြီး ဘာမှမဖြစ်သလို ကားလမ်းတစ်ဖက်ပြန်ကူးသွားသော 'သက်တန့်ဆင်'ဆိုသည့်လူရဲ့ သွေးအေးပုံ။

လေရှူး ဘာကိုမှ ဖျက်မရဘဲဖြစ်နေသည်။

ကားကိုရော၊ လူကိုပါ ရဲတွေ ဝိုင်းဖမ်းခြင်းဖြစ်သည်။

ဂျာရီဟာ ခရီးမထွက်မီ သူမကို တွေ့လိုက်သဖြင့် ကားတင်ပြေးဖို့ကြံခြင်းဖြစ်လိမ့်မည်။

'သက်တန့်ဆင်'နဲ့မတွေ့ရင် ဘယ်လိုလုပ်မလဲ..

လေရှူး ကြက်သီးတွေ ဖျန်းခနဲ ထသွား၏။

သူက ကိုယ့်ကို ဝင်ကယ်တာမဟုတ်ပေမယ့် ကျေးဇူးရှင်ကြီးဖြစ်ရပါပြီ။

သို့သော်...

တစ်ချက်လောက်တော့ ငဲ့ကြည့်သင့်တာပေါ့...။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

သူငယ်ချင်းတွေအားလုံး ဂျာရီအတွက် စိတ်မကောင်းဖြစ်နေကြ၏။

ဖြစ်ခဲ့တာက ဘယ်လောက်မှမကြာသေးဘဲ ရက်ပိုင်းအတွင်း ဂျာနယ်ထဲမှာ ဓာတ်ပုံနှင့်တကွ ပါလာတာက ရင်နင့်စရာ..။

ဓာတ်ပုံက ဂျာရီ့ကို သက်တန့် လက်ထိပ်ခတ်ပြီးမှ ကားပေါ်တွန်းတင်လိုက်သည့်ပုံဖြစ်သည်။

ကားထဲဝင်သွားကြပြီဖြစ်သည့် အရပ်ဝတ်နှင့်ရဲများပါတော့ဘဲ သက်တန့်နဲ့ဂျာရီ နှစ်ယောက်သား ထင်းထင်းကြီးဖြစ်နေသည်။

"မူးယစ်ဆေးဝါးများနှင့်အတူ ရောင်းဝယ်သူလေးဦးဖမ်းမိ" ဟုခေါင်းစဉ်ကြီးနှင့်ဂျာရီ့အဖြစ်ကို သူတို့ကြည့်ကာ ပင်ရည်ဝဲနေမိကြ၏။

ငယ်သူငယ်ချင်းတွေ မဟုတ်ကြပေမယ့် သူတို့ခင်မင်ခဲ့ကြတာ အပေါ်ယံ ပြုံးကြရယ်ကြရုံလေးမဟုတ်ပါ။

အောင်အောင်ဦးက ဂျာနယ်ကို ကိုင်ပေါက်ဖက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ကိုကဖြစ်ချင်တာ၊ ငါတို့သူ့ကိုဒီလိုဖြစ်နိုင်တာ သိလို့ အမျိုးမျိုးမေးတယ်၊ မရဘူး၊ သူက ဆေးသုံးရုံတင်မဟုတ်ဘဲ အရောင်းအဝယ်ပါ လုပ်နေတာကိုး.."

"အေးလေ…ငါတို့လည်း မထင်ဘူး၊ ဆေးသုံးနေတာ တော့သိတယ်၊ သူခြေလှမ်းပျက်နေတာ လေရှူးနဲ့ပတ်သက်တာ လို့ပဲ ထင်ကြတာပေါ့…"

"ဟုတ်တယ် ငါက သနားနေသေးတာ"

အောင်အောင်ဦးက လေရှူးကိုကြည့်၍

"ဆောရီးဟာ ငါ နင့်ကိုအမြင်စောင်းခဲ့ပါတယ်၊ အဲ့ဒါ ဟိုကောင့်ကို နင့်ကြောင့်လေလွင့်သွားတယ်ထင်လို့ပါ၊ ငါ့ကိုခွင့်လွှတ်ပါ၊ ခုတော့ နင်ကံကောင်းလို့ ကျန်နေခဲ့တာ"

"ဟုတ်တယ်၊ ဟိုရဲသာရောက်မလာရင် ငါတို့သူငယ်ချင်း အရှက်ကွဲရဦးမှာ၊ ဂျာရီက တစ်ကိုယ်ကောင်းဆန်တယ် နော်၊ သူ ဒီလိုဆွဲခေါ်ဖို့ မကြံသင့်ပါဘူး"

သူတို့မှာဂျာရီ့ကိုလည်း သနားရ၊ လေရှူးအတွက်လည်း တွေး၍ ရင်တုန်…။

မေလင်းက လေရှူးလက်ဖဝါးလေးကိုဆုပ်ကိုင်ထား၏။

"ဟဲ့…ဒါနဲ့ အဲဒီသက်တန့်ဆင်ဆိုတာ နင့်ကိုချန်သွား တဲ့လူဆို.."

"ဟုတ်တယ်.."

ရွှေထက်သူက ဂျာနယ်ကို ပြန်ကောက်၍လှန်ကြည့်မိ ၏။

"သူ ရိုးရိုးရဲတော့မဖြစ်နိုင်ဘူးဟ၊ မူးယစ်ဆေးဝါးနဲ့



www.burmeseclassic.com

www.burmeseclassic.com



င်းထောက်လှမ်းရေးက အရာရှိဖြစ်မယ်၊ သူနင့်ကို မမှတ်မိ းထင်တယ်"

"ဂျာရီနဲ့ငါ ဘာဖြစ်နေကြတယ်ဆိုတာ သူသိလို့ ငါ့ ါ အမှုထဲဆွဲမထည့်တာပေါ့၊ သူငါ့ကို မသိဘဲမနေပါဘူး"

"လေရှး..."

"ဟင်..."

"နင့်အတွက် ဓာတ်လမ်းတစ်ပုဒ်ရပြီပေါ့"

လေရှးခေါင်းလေး ခါပြသည်။

"ဂျာရီ့ကိုငါ အသက်ပြန်မသွင်းချင်းဘူး"

"ဒါပေမယ့် ဒီကောင်က မိဘမဲ့ဟ၊ ငါတို့သွားသင့် ယ်"

"မသွားသင့်ဘူး"

"ဘာဖြစ်လို့လဲ"

"သူက မူးယစ်ဆေးဝါးမှုနဲ့ဖြစ်တာ"

"ငါတို့က သူငယ်ချင်းတွေပဲ၊ ငါကတော့ သွားမှာပဲ"

အောင်အောင်ဦးနဲ့ သန်းဌေးက ဖွတ်သွားမယ်ဖြစ်နေ ည်။

"ဟဲ့... နင်တို့ကယောကျ်ားလေးတွေ၊ ပိုမသွားသင့် ဥပဒေက သူငယ်ချင်းဆိုပြီး နားလည်မှာမဟုတ်ဘူး၊ နင်တို့ ါ ဆွဲစေလိုက်လိမ့်မယ် နားလည်လား"

"ဟုတ်တယ်.. မူးယစ်ဆေးဝါးမှုနဲ့ပတ်သက်ရင် အနံ့ င်ကျန်တာမဟုတ်ဘူးနော်၊ ငါတို့မြန်မာ ထောက်လှမ်းရေး တော်တာ နိုင်ငံကျော်တယ်သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နဲ့ ဆိုင်တာမှမဟုတ်တဲ"
သန်းငွေးက အတွန့်တက်သေးသည်။
အောင်အောင်ဦးက ခေါင်းညိတ်၏။
"ဟုတ်တယ်.."
ဟုဆိုကာ
"ငါတို့ ဗူးသီးကြော်သွားစားရအောင်"
နေရာမှ ထရပ်လိုက်လေသည်။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

သူဟာ‥လူတစ်ယောက်ကိုသတ်ပြီးတိုင်း သူ့ရဲ့ဒိုင်ယာရီထဲမှာ ရေးချလေ့ရှိတယ်။

ပြီးတော့ အားပါးတရ ရယ်တယ်။

တစ်ယောက်တည်းနေတတ်တဲ့ သူ့တိုက်အိုကြီးထဲမှာ သူဟာ အထိန်းအကွပ်မဲ့သော ရူးသွပ်ခြင်းများနှင့်သူ့လုပ်ရပ်အပေါ် လွန်စွာကျေနပ်အားရနေခဲ့တယ်။

သို့သော်‥

စတုတ္ထမြောက် လူသတ်ပြီးခဲ့တဲ့တမနက်ခင်းမှာတော့‥

ဟင်…

လေရှူးစာရေးနေရင်း မျက်နှာကတော့

သူမ ပြတင်းပေါက်နဲ့တည့်တည့် တိုက်ကြီးရဲ့ဘေးထွက်တံခါးမှ ခြေဖျားထောက်၍ဆင်းချလာသော ခိုးကြောင်ခိုးဝှက်ပုံနှင့် အမျိုးသမီးတစ်ယောက်ကိုမြင်လိုက်ရလေသည်။

အချိန်က ဝေလီဝေလင်းမို့ ခေါင်းကို စောင်ခြုံ၍ဆင်း လာသော အမျိုးသမီးမျက်နှာကို သဲကွဲစွာမမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



လေရှူး နေရာမှထ၍ ပြတင်းပေါက်နှင့်ပြေးကပ်ကာ သေချာလိုက်ငုံ့ကြည့်သည်။

ထိုခြံရှင်များမှာ ကိုစိုးညွှာ၊ မနွယ်မာလာထွန်းတို့ခြံ ဖြစ်သည်။

ဘာသိဘာသာနေကြတာပေမယ့် သွားရင်းလာရင်း မျက်မှန်းတန်းမိနေကြတာတော့ရှိသည်။

တစ်ယောက်နာမည်ကတော့ တစ်ယောက်သိကြသည်။

ယခုထွက်လာသော အမျိုးသမီးကတော့နွယ်မာလာထွန်း မဟုတ်တာသေချာပါသည်။

ဒါဆို ထိုအိမ်မှာ ခပ်ကြီးကြီး အဘွားအိုတစ်ယောက်နှင့် အိမ်ဖော်အမျိုးသမီး မဆုံဆိုသူသာရှိသည်။

ယခုထွက်လာသူသည် မဆုံသာဖြစ်ရမည်ဟုတွေးလျက် လေရှူး သေသေချာချာ လိုက်ကြည့်နေမိ၏။

မဆုံသည် ဖွန်ပန်းရုံရှိသော ခြံထောင့်ကို အပြေးတစ်ပိုင်း ထွက်လာကာ လက်ထဲမှ တစ်စုံတစ်ခုကို မြေပြင်ကိုတူးဆွ၍ ဖုံးဖိနေလေသည်။

လေရှူး မှန်းဆကြည့်နေရတာဖြစ်သည်။

ခြေဖျားထောက်ကြည့်ရတာ မမြင်ရ‥

အောက်ကို ကုန်းသွားတော့ မဆုံရဲ့ကျောပြင်ကိုသာ မြင်နေရတာမို့ ပြတင်းပေါက်ဘောင်ပေါ် လေရှူးတက်လိုက်သည်။

အပေါ်တံခါးဘောင်ကို လက်တစ်ဖက်ကဆွဲထားကာ တစ်ဖက်က တံခါးရွက်တစ်ချပ်ကိုဆွဲ၍ ကိုယ်ကိုကွယ်ထား လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မဆုံ တစ်စုံတစ်ခုကို မြေကြီးထဲမှာ ဝှက် နေမှန်း မြင်ရတာဖြစ်သည်။

"အမလေး… လေရူး‥သမီးလေး‥ဆင်းစမ်း၊ ဆင်း စမ်း‥"

"ဟာ…အန်တီကလဲ၊ ခဏလေးနေစမ်းပါ"

"မရဘူး၊ မနေနိုင်ဘူး၊ ဟဲ့‥ဟဲ့…ဒုက္ခပါပဲ၊ လုပ်ပါ ဦး၊ စိုးစိုးရေ‥ လာစမ်း ဒီမှာ‥"

ဒေါ်မျိုးမျိုး အပြေးအလွှားဝင်ချလာကာ ဟိုအော် ဒီအော် လုပ်သည်နှင့်လေရူး တံခါးဘောင်ပေါ်ကဆင်းရသည်။

"အမလေး‥"

လာပြန်ပြီတစ်ယောက်‥

ဒေါ်စိုးစိုးပြေးလာကာ ညီအစ်မနှစ်ယောက် လေရူးကို ဘယ်ကိုင်လို့ ဘယ်ဆွဲရမှန်းမသိ၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြသည်။

"ဘာလုပ်တာလဲ လေရူးရယ်၊ စောစောစီးစီး ပြတင်း ပေါက်ဘောင်ပေါ်တက်ပြီး ဘာလုပ်တာလဲ၊ ကြည့်စမ်း၊ အောက်မှာ နည်းတဲ့အမြင့်ကြီးလား၊ ပြုတ်ကျသွားရင် အရိုး တစ်ခြား၊ အသားတစ်ခြားဖြစ်ပြီ"

လေရူး ကြမ်းပေါ်ခုန်ချလိုက်သည်နှင့် ဒေါ်စိုးစိုးက ပြေး ဖက်၍ ပြောသည်မှာ အသံတွေတုန်နေ၏။

ဒေါ်မျိုးမျိုး သူ့ရင်ဘတ် သူဖိလို့ ရင်တုန်မပြေနိုင်ဘဲ စားပွဲပေါ်မှာရှိသည့် ဖန်ချိုင့်ထဲက ရေထည့်သောက်နေ၏။

လေရူး ပြတင်းပေါက်ဘောင်ပေါ်တက်လိုက်မိသည့်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဟာ ညီအစ်မ နှစ်ယောက်လုံးအတွက် သွေးပျက်မတတ်။

လေရှူးက ဒေါ်စိုးစိုးလက်ကိုဖယ်ချ၍

"လေရှူးဘာမှမဖြစ်ပါဘူး တီလေးရယ်၊ ကိုယ့်အသက် ကိုယ်ထိခိုက်အောင်လုပ်ပါ့မလား၊ မကျအောင် ကိုင်ထားတတ်ပါ တယ်.."

"ဟဲ့..ဘယ်သူကတော့ ကိုယ့်ကိုယ်ကိုသေမယ်ထင် မလဲ၊ တိုက်ခေါက်ရင်း ပြုတ်ကျသေတဲ့သူတွေ၊ သစ်ပင်ပေါ်က လိမ့်ကျတဲ့သူတွေအားလုံး သူတို့ကိုယ်သူတို့ သေမယ်ထင်လို့ တမင်တကာကြတာမှမဟုတ်ဘဲ မတော်တဆဆိုတာပြောလို့ရ မလား.."

"ကဲ...လာ..ခဏလေးနေကြပါဦး.."

"ဘာလုပ်မလို့လဲ"

"ဖုန်းဆက်ချင်လို့"

"စောစောစီးစီး ဘယ်ကိုလဲ"

"ဟိုဘက်ခြံ"

"ဖြစ်ပြီ...ဘာလုပ်ဦးမလို့လဲ"

မေးကြ ဆွဲကြနှင့် ဖုန်းနားထိပါလာကြပြန်သည်။

လေရှူးက ဖုန်းကိုင်၍

"ဟလို.. မနွယ်မာလာထွန်း ရှိပါသလားရှင်.."

"ပြောပါခင်ဗျ... ကျွန်တော် စိုးညာဏ်ပါ၊ မာလာညွ က သိပ်နေမကောင်းလို့ မနိုးသေးပါဘူး"

ဟိုတစ်နေ့က မှန်ကွဲကြီးကိုင်ပြီး ဒေါ်သတင်း ထွက် လာသည့်ပုံစံကိုမြင်ယောင်ကာ ခုတော့ လေးစားသမှုဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လေရှူး ဖုန်းကိုင်ထားရင်း ပြုံးလိုက်မိသေးသည်။

အဒေါ်နှစ်ယောက်က တူမပြုံးတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

ဒီတူမလေးတစ်ယောက်ဟာ ဆိုးတယ်လို့ပြောစရာဖြင့်မရှိပါ။ ဒါပေမယ့် လူတွေကို 'ဟင်ခနဲ' 'ဟာခနဲ' ဖြစ်အောင်လုပ်တတ်တာတော့ နည်းနည်းလေးမှ စိတ်သက်သာဖွယ်မရှိပေ။

မနက် မိုးလင်းပြီဆို သူတို့မှာ မျက်နှာမသစ်အားဘဲလေရှူးအခန်းကိုလာ.. စားပွဲပေါ်မှာ အိပ်နေသလား၊ အိပ်ယာပေါ်မှာလား... တစ်ခါတလေ မိုးလင်းတဲ့အထိ စားပွဲမှာ ငုတ်တုတ်ရှိနေတုန်း... ကျောင်းစာကတစ်ဖက်နဲ့ကို ဝတ္ထုတွေရေး၊ စိတ်ကူးတွေယဉ်..

ရေးတော့ လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထု။

ဘယ်လိုလုပ် စိတ်ချနိုင်မှာလဲ..

"ဘာတွေ လျှောက်ပြောနေတာလဲ လေရှူးရယ်၊ သူများအိမ်တွင်းရေးကို မသေချာဘဲ မပြောရဘူး၊ ရှုပ်ရှုပ်ယှက်ယှက်ကွယ်.."

လေရှူးက ဖုန်းချလိုက်ပြီး ဒေါ်စိုးစိုးပါးကို ရွှတ်ခနဲမ်း၍

"ဒါကြီးကို မသေချာဘဲ ပြောပါ့မလား တီလေးရဲ့၊ ဆိုးဆိုတဲ့ မိန်းမကြီး အိမ်ထဲက တစ်ခုခုခိုးလာပြီး လာဝှက်နေတာနဲ့ပြေးဝင်သွားတဲ့အထိ လေရှူး အစအဆုံးမြင်တာ"

"ဟုတ်တော့ရောကွယ်.. သူများကိစ္စ"

"သူများကိစ္စပေမယ့် ဒါမျိုးကိုကြည့်နေလို့ရမလား



www.burmeseclassic.com

www.burmeseclassic.com



အန်တီရယ်၊ အန်တီရော တီလေးရော အရမ်းစိုးရိမ်ကြီးတာပဲ၊ တစ်ခါတစ်ခါ လေရူး စိတ်ညစ်တယ် သိလား··"

"အမလေး·· ကျုပ်တို့မှာ နှလုံးရောဂါတောင်စွဲနေပြီလားမသိဘူး၊ ညည်းလေးအဲဒီဝတ္ထုတွေရေးနေသရွေ့ စိတ်ချမ်းသာရမှာကို မဟုတ်ဘူး"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့အေ၊ မိန်းကလေးလှတပတလေးနဲ့၊ ရေးပါလား အချစ်ဝတ္ထု၊ ဘာလဲ တုတ်တွေ ဓားတွေ သေနတ်တွေနဲ့ သတ်တာ သေတာတွေ ရေးစရာလား"

"လေရူးအဲ့ဒါပဲ ဝါသနာပါတာကိုး၊ တီလေးတို့ပဲ ရည်စားမထားရဘူးဆို··"

"မထ ားရဘူးလေ၊ ခုမှ ကလေးပဲရှိသေးတာကို"

"အဲဒါကြောင့်ပေါ့၊ အချစ်ဝတ္ထုဆိုတာ ရည်စားရှိတဲ့လူတွေ ရေးမှ ပိုပြီး ထိရှတာ၊ အထူးသဖြင့် စာရေးဆရာက ကိုယ်ရေးချင်တာကို လက်တွေ့မှာရှာရတာ၊ တချို့အမျိုးသမီးစာရေးဆရာမတွေဆို အရက်သမားအကြောင်းရေးဖို့ အရက်သောက်ကြည့်ကြတယ်··"

"အလိုတော်··"

"အိမ်ဖော်အခန်းရေးမလို့ ကိုယ်တိုင်အိမ်ဖော်သွားလုပ်တယ်"

"ဖြစ်ရလေ··"

"ဒါမှ ကိုယ့်ဇာတ်ကောင်ကို အရက်မူးခိုင်းလို့ရတယ်၊ မူးလို့ဖြစ်တတ်တာဘာလဲ ဆိုတာ သိမယ်၊ အိမ်ဖော်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဘဝ ခံစားချက်ကို အတွင်းကျကျသိမယ်..''

''တော်ပါတော့အေး၊ ညည်းစာရေးဆရာမ လုပ်မစားနဲ့တော့..''

''အေးလေ.. ဒီလိုလက်တွေ့ကျမှ သိရမယ်၊ ရေးရမယ်ဆို ညည်းစုံထောက်ဝတ္ထုတွေကျတော့ ဘယ်လိုလုပ်မလဲ''

''အဲဒါက ဥပဒေအထွေထွေကို လေ့လာ၊ ပတ်ဝန်းကျင်ကို နားစွင့်၊ ဖတ်နိုင်မှတ်နိုင်ဖို့ပဲလိုတာပါ၊ ခံစားမှုထက် ဖြစ်ရပ်ကိုတင်ပြတာပဲဟာ''

''စကားကလည်း တတ်လိုက်တာနော်၊ လိုချင်တာ ပြောရမယ်ဆိုဘယ်သူမှ တိုးမပေါက်ဘူး၊ ညည်းကို ငယ်သေးတယ်ဆိုပြီးကြည့်နေလို့မဖြစ်ဘူး၊ မြန်မြန် အိမ်ထောင်ချပေးလိုက်မှအေးမှာ..''

''အန်တီနော်...''

''အဟုတ်ပြောတာ၊ အစ်ကိုတွေကလည်း ပျံ့ခနဲ နံ့ခနဲနေတာကို သွက်လက်တာတဲ့၊ သူတို့ကိုယ်တိုင်လည်း ဆုံးမတာမှမဟုတ်တာ၊ ကျုပ်တို့လည်း မနိုင်ဘူး၊ ရည်စားထားခွင့်ပေးဖို့ကပိုဆိုးသေး၊ ကျုပ်တို့ကွယ်ရာမှာ ချိန်းကြ၊ လည်ကြ၊ မဖြစ်သင့်တာ ဖြစ်ကြတာရှိဦးမယ်၊ ဒီတော့ ယောကျ်ားပေးစားပစ်မှပဲစိတ်ချရမှာပါ''

''လုံးဝ မစဉ်းစားဘူး''

''မစဉ်းစားလို့မရဘူး၊ မမကြီးရဲ့သား တိုင်းအာကာနဲ့ဟိုက စကားစနေတာကြာပြီ၊ ကိုယ့်ဘက်က ခေါင်းညိတ်လိုက်ရုံပဲ...''



www.burmeseclassic.com

www.burmeseclassic.com



"တီလေးနော်..လေရှူးတဲ့၊ ဖွတ်စီစဉ်ရင်တော့ ရောက်ရာပေါက်ရာ ထွက်ပြေးမှာပဲ၊ အခု လေရှူး စာရေးဆရာမဖြစ်ပြီ၊ စာရေးနေရင် ထမင်းတောင့်စားရမှာပဲ၊ လုံးဝပြန်မလာဘဲ နေလိုက်မှာ သိလား.."

"ကြည့်စမ်း...အာခံတာ..အာခံတာ.."

လေရှူး မျက်နှာလေးမှော့ကာ ထွက်လာခဲ့သည်။

ကွယ်ရာကျမှ ပြုံးဖြစ်၏။

အဲဒီအဒေါ်နှစ်ယောက်နဲ့ပဲ လေရှူး စိတ်ညစ်ရ၊ ရယ်မောရ၊ ချစ်လိုက်တာလည်း တုန်လို့...။

a j b



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

"ဝယ်စရာတွေ မကုန်နိုင်သေးဘူးလား အန်တီရာ၊ ဆွဲရတာ လေးလှပြီ"

"နေပါဦး သမီးရယ်၊ မျိုးလေးတို့မင်္ဂလာဆောင် လက်ဖွဲ့ဖို့ ပစ္စည်းလိုသေးတယ်"

"ဒါဆို အန်တီပဲသွားတော့၊ လေရှုးဒီကစောင့်မယ်"

လေရှုးက တကယ့်ကို ဆောင့်ကြောင့်ထိုင်ချလိုက်တာ ဖြစ်သည်။

"ဘယ့်နှယ်··လမ်းကွေ့ကြီးမှာ သမီးရယ်၊ ဟိုနားက ဆိုင်မှာသွားထိုင်နေလေ၊ အန်တီဖာသာသွားလိုက်မယ်"

"မထိုင်ချင်ပါဘူး၊ ဘာမှလည်း မသောက်ချင်ဘူး၊ အန်တီပဲ မြန်မြန်ပြန်လာခဲ့"

ပြောမရတော့ ဒေါ်မျိုးမျိုး ခေါင်းညိတ်၍ က[illegible] ထွက်သွားသည်။

လေရှုး ဆွဲခြင်းကိုနောက်ဆုတ်၍ ငုတ်တုတ်လေးထိုင် ကာ ဟိုဒီလိုက်ကြည့်နေမိသည်။

"ဟော··"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းခေါင်းထောင်သွား၏။

သက်တန့်ဆင် . . .

ပခုံးအစင်းပါသော ခေါင်းစွတ်ဆွယ်တာ အနီရဲရဲနှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားသည်။

ဖြူဝင်းနေသော အသားနှင့်အားလုံးထဲမှာထင်းနေ၏။

သူ . . လေရှူးရှိတဲ့ဘက်ကို တည့်တည့်လျှောက်လာနေ တာဖြစ်သည်။

အုတ်တိုင်ကိုကွယ်၍ လေရှူးခေါင်းက ဆံညှပ်လှလှလေး ကို ဖြုတ်ယူလိုက်၏။

"ဒီမှာ . . ဒီမှာ . . ."

နောက်မှပြေးလိုက်ခေါ်တော့ သူလှည့်ကြည့်သည်။

လေရှူးကို တွေ့တော့ နှုတ်ခမ်းတည်တည်နေသော် လည်း မျက်ဝန်းများက ပြုံးရိပ်ဆင်လျက် . .

"ဘာလဲ . ."

"ခင်ဗျား . . . လေရှူးကလစ်ကိုတက်နင်းသွားတယ်၊ ဒီမှာ ကြည့်စမ်း . ."

သူက လေရှူးလက်ဝါးပေါ်က ဆံညှပ်ပျက်လေးကိုကြည့် ၍ ပြုံးသည်။

"ကိုယ်အဲ့သလောက် နမော်နမဲ့မလျှောက်ပါဘူး"

သူက လေရှူးလက်ထဲက ဆံညှပ်လေးကို ပြောင်းယူ လိုက်ပြီး သူ့လက်ဝါးထဲမှာ သေချာဖြန့်ကြည့်ကာ

"ကြောင်ရုပ်လေးပဲ၊ ဖွေးသန့်နေတာပဲနော်၊ ကျိုးနေ တာက တမင်ချိုးထားသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



နင်းချေထားသည့်မြေမှုန့်ခြေရာမထင်တာကိုပြောမှန်းသိကာ လေရှုးက နှုတ်ခမ်းလေးမဲ့ပစ်သည်။

"ခင်ဗျား နင်းတာမဟုတ်ပါဘူးလို့ပြောချင်တာလား"

"မဟုတ်ဘူး၊ မင်းတမင်ချိုးပစ်ပြီး ကိုယ့်ကိုပြဿနာရှာတာလို့ပြောမလို့"

သူကပြောင်ပြောင်ပြောတော့ လေရှုးက ရယ်ကျဲကျဲနှင့်ခုံးတွန့်၍

"ခင်ဗျားမှာ အဲသလောက် စိတ်ဝင်စားစရာရှိလို့လား"

"မသိဘူး၊ ဟုတ်တယ်လို့ မင်းဝန်ခံရင်တော့ ကိုယ်သွားပို့ရပြီထင်တယ်"

"ပြဿနာဖြစ်လာရင် ရှင်းမှရမှာပေါ့၊ လေရှုး အလျှော်ပေးချင်တယ်"

သူက လေရှုးလက်ထဲကို ဆံညှပ်ကျိုးလေး ပြန်ထည့်ပေးသည်။ ပြီးတော့

"ပလာဇာထဲမှာ ဒီထက်လှတာလေးတွေ အများကြီးပဲ့သွား၊ ဒါပေမယ့် အချိန်မရတော့ဘူး၊ နောက်ကြုံတော့မှပေါ့"

"ကြုံဖို့ဆိုတာ လွယ်မလာ၊ မရဘူး ခုလိုက်ဝယ်ပေး"

သူဘေးဘီကို ဝေ့ဝဲကြည့်ကာ မေးဖျားဆတ်ပြ၍ ခေါင်းညိတ်သည်။

"လာ..သွားမယ်.."

လှမ်းကြည့်နေသည့် ဒေါင်းတောင်သည်ကိုလေရှုးက ခြင်းအပ်တဲ့အကြောင်း အမူအယာနဲ့ပြောကာ သူ့နောက်လိုက်ပါခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ သူနဲ့ပတ်သက်ဖို့ကြိုးစားမိပါလိမ့်။

ကိုယ်ကြိုးစားလို့ သူသိတာကိုလည်း ရှက်ဖို့သတိမရ။

ကိုကြီးတို့ရှေ့မှာ တစ်ခါတလေ သူနိုးဖမ်းခံရသလို မျက်နှာပူသလို ဖြစ်သွားတာလောက်ပဲရှိကာ ဂရုမစိုက်ချင်တာကပဲ ပျော်သလိုလို..

သူကတော့ အလှကုန်ပစ္စည်းတွေချည်း ရောင်းသည့် ကောင်တာကို တောက်လျှောက်ဝင်သွားကာ

"မင်းကြိုက်တာယူ"

လှည့်မကြည့်ဘဲ ပြော၍ ပိုက်ဆံထုတ်သည်။

"ကဲ..ကြိုက်တာယူကွာ.."

ထပ်ပြောတော့ လေရှူးက လက်ပိုက်ရပ်ကာ

"ခင်ဗျားပဲ ဝယ်ပေးပါ"

"ဟ..ကိုယ်မှ အဲ့ဒါတွေ နားမလည်တာ"

"မောင်လေးကလည်း ကိုယ့်အမျိုးသမီး ကိုယ်မဆင်တတ်ဘူးလား၊ ဘာယူမှာလဲ ကလစ်လား၊ ခေါင်းစည်းလား"

သက်တန့် မျက်နှာပူသွားသည်။

ကြည့်လိုက်တော့ လေရှူးဆိုတဲ့ဟာလေးက ဘာမှ မပြောလိုက်တဲ့အတိုင်း..

အရောင်းစာရေးမက ထုတ်ပေးနေတော့လည်း လက်ပိုက်မဖြည်ဘဲ ရှိလေသည်။

သူ စိတ်မရှည်တော့တာနှင့် ကျိုးသွားသည်ဆိုတာလေးနှင့်ပုံစံတူ ဆံညှပ်တွေတွဲထားသည့် ကဒ်ကိုအတွဲလိုက်ဆွဲချလိုက်ပြီး..



www.burmeseclassic.com

www.burmeseclassic.com



"ရော..ယူ... ဒါဘယ်လောက်လဲ"
"ရှစ်ခုဆိုတော့ နှစ်ထောင့်လေးရာကျတယ်"
ပိုက်ဆံရရှင်းပြီး လက်ထဲထိုးထည့်ပေးမှ ပြုံးတော်မူ

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟား..ဟား..ဟား..."

စိုးညာဏ်က တဟားဟားရယ်သည်။

"ခွင့်လွှတ်လိုက်ပါကွာ၊ အဲဒီကျေးဇူးရှင်လေးကြောင့် ငါ့မိန်းမ စိန်တစ်ဆင်စာနဲ့ ဒေါင်းဘယက် တစ်ကုံးပါမသွား တာ"

"ဘာဖြစ်လို့လဲ"

စိုးညာဏ်က သက်တန့်ရှေ့မှာ စီးကရက်ဗူးတိုးပေး၍

"ညဘက် ငါ့မိန်းမနေမကောင်းတော့ သူ ဆေးယူ တယ်လေ၊ အဲဒီမှာ မှန်တင်ခုံပေါ်မှာတင်ထားတဲ့ ပစ္စည်းတွေ ခြံထောင့်ယူဝှက်ထားတာကွ၊ အဲ့ဒီညကမှ ငါကလည်း မနက်သုံး နာရီထိုးမှ ဂျူတီပြီးလို့ပြန်လာရတယ်၊ ရောက်တာနဲ့ မိန်းမ လည်း အိပ်နေတော့ ငါလည်း အိပ်တာပေါ့ကွာ၊ အဲဒါနဲ့ သူ အဲဒီပစ္စည်းတွေကိုခြံထဲယူဝှက်ထားတာဗျ"

"သူပဲရှိတာ မဟုတ်လား"

"လွှဲချမယ်ဆို အိမ်မှာ မနက်ပိုင်းအဝတ်လာလျှော် ကောင်လေးရောက်လာမယ်၊ နွားနို့ပို့တဲ့ကုလားမကလည်း နေ မကောင်းရင် ငါ့ဖြစ်ဖြစ် သူ့ဖြစ်ဖြစ် ဝင်ပြီး နှိပ်နယ်ပေးသွ



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်ကွ၊ ဒီကိစ္စ ချက်ချင်းမပေါ်ရင်တော့ သူလွဲချမှာ ပေါ့ကွာ..”

“အဲ့ဒီကောင်မလေးက ဟိုဘက်ခြံကနေ လှမ်းမြင်လို့ ပေါ့”

“အင်း..မင်းကလည်း ထောက်လှမ်းရေးလို့မပြောရ ဘူး၊ မှန်းချလိုက်တာ ဒက်ခနဲပဲ”

စိုးညဏ်က သေချာပြောပြ၍ သဘောကျနေပြန်သည်။

“ဖုန်းလှမ်းဆက်ကတည်းက ငါသူမှန်းသိတယ်၊ ဘာ ဖြစ်လို့မှန်းမသိဘူး၊ တစ်ခါမှမပြောဖြစ်တာသာရှိတာ၊ ကောင် မလေးက အရမ်းကလေးဆန်တာ၊ ကြားရသလောက်ဆို အစ်ကို တွေရော၊ အဒေါ်တွေရော လက်လန်တယ်ဆိုပဲ”

မင်းမှန်တွေ အဲဒီချစ်စရာလေးက ခွဲသွားတာဟု စိတ် ထဲမှာ ပြောဖြစ်၍ သက်တန့်ပြုံးမိသည်။

စိုးညဏ်ကတော့ ဘာမှမသိဘဲ သူသိတာကိုသာ ချီး မွမ်း၍ မဆုံး..

“ကောင်မလေးက စာရေးဆရာမကွ၊ ‘လေရူးနိုက်’ ဆိုတဲ့ လျှို့ဝှက်စုံထောက်လုံးချင်းဟာ သူရေးတာတဲ့၊ မဆိုးဘူး”

“ဟိုတ်ကောင် သိလှချည်လား”

“သိဆို စုံစမ်းကြည့်တာလေ၊ မင်းကသာ တော်တော်ရှုပ် တဲ့ကောင်မလေးလို့ပြောတာ၊ သူက တကယ့်စုပါကွ၊ ကြိုက်တဲ့ ကောင်လေးတွေ ဝိုင်းနေတာပဲ၊ အဲဒီကြားထဲကကို ဘယ်သူမှ မကြိုက်ဘဲ ကလေးလိုနေတာကို ငါသဘောကျတာ၊ ငါ မလော့ ကိုလည်းပြောတယ်၊ ပစ္စည်းတွေပြန်ရတဲ့ကိစ္စ ကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စကားပြောဖို့..."

"မပြောဖြစ်ဘူးလား"

"မပြောဖြစ်ဘူး၊ အသွားကြီးနှစ်ယောက်က တအား မာနကြီးတာ၊ သူ့တူမနဲ့ ပတ်သက်ရင် မျက်လုံးကြီးလေးလုံးက တဝင်းဝင်းနဲ့၊ ဖုန်းဆက်တော့လည်း သူတို့ပဲကွ.."

"သူက နာမည်မပြောဘဲ သူမမှန်း မင်းဘာလို့ တပ်အပ်ပြောတာလဲ"

"ပြောတာထက် သေချာတာတွေ ရှိလို့ပေါ့ကွ၊ ဒီမှာ မင်းကို ကောင်မလေးအစက မြင်ဖူးထားလိမ့်မယ်၊ အဲ.. မင်းကလည်း မင်းသားရုပ်ဆိုတော့ သဘောကျလို့ တမင်အကွက်ဆင်တာဖြစ်နိုင်တယ်ကွ၊ မင်းထိပေါက်တယ်"

"ဘာထိပေါက်တာလဲ"

တော်ရုံနှင့် ရင်မခုန်တတ်သော သက်တန့်မျက်နှာက ထူးခြားလှုပ်ရှားမှုဖြစ်သွား၏။

ဒါဟာ ကောင်မလေး လေးခွပစ်တဲ့နေ့က သူနဲ့ငြိခဲ့တဲ့ အကြောင်းကို စိုးဉာဏ်သိ၍သာ ဝေဖန်တာဖြစ်သည်။

ထိုနေ့ကကိစ္စမှာ တစ်ခုခု မကျေနပ်၍ သူ့ကိုတောင် ကျိန်တွယ်သွားလိုက်တာ၊ ပြောပင် မပြောတတ်တော့ပေ။

ဒါကြောင့် တမင် လိုက်နှိပ်စက်တာသူသိပြီးသား။

"ဒါနဲ့ မင်း နယ်ထွက်မလို့ဆို.."

"ဟုတ်တယ်.. ဒါပေမယ့် ခုမဟုတ်သေးပါဘူး"

"မိန်းမယူဖို့ စိတ်ကူးပါလား၊ မမောသေးဘူးလား"

"တော်စမ်းပါကွာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာတော်စမ်းပါလဲ၊ ငါတောင် ကလေးမှုကြိုထားနေ ရပြီ၊ မင်းမှာပြေးရလွှားရတုန်း၊ လေရှူးလို နုနုဖတ်ဖတ် ချော ချောငယ်ငယ်လေးဆို မကောင်းဘူးလား၊ ဘယ်ကပြန်လာလာ မြင်လိုက်တာနဲ့ အမောပြေစရာလေး.."

"ပြေလောက်မယ်မထင်ပါဘူးကွာ၊ တော်ကြာ အမော မပြေဘဲ အိမ်ဖောက်ထိုးလုပ်၊ ငုတ်တုတ်ထိုင်စောင့်နေမှဖြင့်"

"ခွေးကောင်..ဟား..ဟား..ဟား..."

သူပါရောရယ်၍ မျက်လုံးက တစ်ဖက်ခြံသို့အရောက်

"ဟာ..."

သက်တန့် စားပွဲပေါ်က ပန်းသီးကိုကောက်ယူကာ ဖျတ် ခနဲ ပြေးထွက်သွားသဖြင့် စိုးညွှာ ဘာမသိ ပြေးလိုက်ရလေ သည်။

ဝရံတာကိုကြိုးချည်..

ကြိုးစများကို လက်တစ်ဖက်နဲ့ဆွဲ၍ ဒီဘက်ခြံက ဘလကာပင်ကို လှမ်းဆွဲနေသော လေရှူးကိုယ်လေးက တိုက် ပေါ်ထပ် အစွန်အဖျားမှာ လေထဲမှာတစ်ဝက်..

သက်တန့်လက်ထဲက ပန်းသီးဝိုးခနဲမြောက်စာက်သွား ပြီ

"ဝှစ်.."

"ဖမ်း...."

"အား..."

တစ်စုံတစ်ရာသော အနီရောင်တစ်စသည် လေထဲမှာ ပြင့်တက်လာကာ သူမ မမှီတမှီလှမ်းနေသော မာလကာသီးကို



www.burmeseclassic.com

www.burmeseclassic.com



ဗွမ်းခနဲ ထိ၍ ကွဲထွက်သွားသဖြင့် လေရှူးလန့်အော်လိုက်ခြင်း ဖြစ်ကာ ဝရုံတာကို ကပျာကယာ ပြန်ကပ်လိုက်မိ၏။

ကြည့်စမ်း… အောက်မှာလူနှစ်ယောက်….

"ဟိတ်…မင်း ဒီလောက်ဆော့ရသလား၊ အဝတ်ဆိုတာ ရုံးတယ်၊ ပြုတ်ကျသွားရင် ဘယ်လိုလုပ်မလဲ"

"ဘလိုင်းကြီးပါလား"

ကိုယ်ချည်ထားသည့်ကြိုးကို လေရှူးကြောင်တောင် တောင်နဲ့ ပြန်ကြည့်မိသည်။

"အယ်.."

"ဟုတ်ပါရဲ့"

သံတန်းမှာ သေချာချည်ပြီးပြီထင်ခဲ့သော တီလေး စွန့်ပစ်ခဲ့သည့်ပိုးရင်ဖုံးလက်ရှည်အင်္ကျီကြီးဟာ နဂိုချည်ထားတဲ့ အတိုင်းမရှိတော့ဘဲ အသည်းယားဖွယ် ပြေလုလုအနေအထား မှာ..

လေရှူး ခေါင်းနပမ်းကြီးသွား၏။

"တောက်…"

သက်တန့် ရုက်စိတ်ဝင်လာတော့ ဒေါသပါလာသည်။ ဘာရယ်မဟုတ်.. အသက်တစ်ချောင်းဆိုသောအသိနဲ့ပါ။

ဒါပေမယ့် စိုးညာဏ်က ပြုံးနေပြီ။

ဒီကောင်မလေးကိုက အနေမတတ် အထိုင်မတတ်။

"ညီမလေး မာလကာသီးခူးတာမဟုတ်လား၊ အစ်ကို ခူးပေးမယ်၊ ခဏလေး.."

ကြည့်ပါလား….



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး ဘာညာနှင့် သူခိုးလူမိတာမျိုးလည်း ဖြစ်မသွား....

"ဟိုမှာ..ဟိုဘက်ကအလုံး"

လက်ညှိုးများတောင် ထိုးနေသေးရဲ့..

ရုပ်ပျက်ဆင်းပျက် ပြေးလာ တားဆီးလိုက်မိတာကိုယ်က ပဲ စိုးရိမ်ပိုလိုက်မိသလိုလို..

သူကဖြင့် ကြောက်လန့်သွားတာမျိုးလည်းမရှိ။

တံချူထား၍ ဝင်လိုက်လာတော့ စိုးညဏ်က ရယ်နေ သည်။

"တွေ့လား ဘယ်လောက်ကလေးနဲ့တူသလဲ၊ ဝယ်စား နိုင်တဲ့ဟာကို အသက်နဲ့ရင်းပြီး ခိုးဖို့ကြိုးစားနေတာ၊ ဟား.. ဟား..ဟား.."

သက်တန့် မျက်နှာကြီးတင်းနေတော့ စိုးညဏ်က သက်တန့်ပခုံးကိုပုတ်၍

"မင်း အနားကထွက်သွားတော့လေရှုး မင်းကိုလိုက် ကြည့်သေးတယ်၊ သူ့မျက်လုံးမှာ ကျေးဇူးတင်တဲ့အရိပ်ငွေ့တွေ အများကြီးပဲ"

"တော်ပြီကွာ၊ ဒီလောက်တောင်ထိန်းရခက်တဲ့ဟာ လေး"

"နောက်မခေါ်တော့ဘူးလား"

စိုးညဏ်က စနေသည်။

ဒေါသမပြေတာကြောင့် သူ ပြုံးပင်မပြုံးမိပေ။

"အဲဒါပေါ့ကွ၊ နွဲ့ဆိုးဆိုးတာ၊ မင်းမျက်နှာကြီးက ဆူ



www.burmeseclassic.com

www.burmeseclassic.com



လို့မရတဲ့ ညီမကို ဒေါသဖြစ်နေတဲ့အစ်ကိုကြီးလိုပါပဲကွာ၊ အမုန်းမရှိဘဲ အချစ်တွေနဲ့ပြည့်နှက်လို့ပါ”

“ဟိတ်ကောင်”

“ဘာလဲ…မဟုတ်လို့လား၊ တော်စမ်းပါ တော်စမ်းပါနဲ့၊ ခြေမကိုင်မိ လက်မကိုင်မိ ထပြေးသွားတာ ငါမဟုတ်ဘူးနော်”

သက်တန့် လှစ်ခနဲ ပြုံးမိသည်။

ထပ်စဦးမှာမို့ ငြိမ်နေလိုက်ရသော်လည်း

“သွားပြီ…ဆူးတစ်ချောင်းတော့ ဆူးသွားပြီ”

“မင်းပဲပြော…”

သူပြန်ဖို့ထတော့ စိုးညာဏ်ကပါလိုက်ထ၍

“စဉ်းစားမနေနဲ့၊ သူများနဲ့ငြိသွားရင် ခက်မယ်ကွ၊ ငါ သဘောတူတယ်”

ဒီကောင် စလို့ပြီးပါဦးမလား‥

သူထွက်လာတဲ့အထိ သွားကြီးအဖြီးသားနှင့်‥‥။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မိတ်ဆက်စာတွေက တစ်ပုံကြီးပါလား"

"ဟုတ်တယ်လေ၊ အန်တီရဲ့ နိုင်ငံကျော်…နိုင်ငံကျော်"

"အင်း…စာအုပ်က သုံးအုပ်ပဲရှိသေးတယ်၊ အောင်မြင်လာတာကတော့ ကောင်းပါတယ်၊ ကျုပ်တော့ ရင်လေးနေပြီ"

"ရင်မလေးနဲ့ မမ… ညက စိုးသွားတဲ့ညှိခံပွဲမှာ သမီးတောင်းတဲ့သူ နှစ်ဦးတောင်မှတွေ့ခဲ့တယ်"

"ဟော…ဘယ်သူတွေလဲ"

ဒေါ်စိုးစိုးက စကားပွင့်သုတ်ပန်းကန်ကို စားပွဲပေါ်မှာ ချပေး၍ ထိုင်လိုက်သည်။

"ဘယ်သူရှိရမှာလဲ မမကြီးပေါ့၊ သူ့သားက လေရှူးကို တောင်းပေးဖို့ ပူဆာနေတာကြာပြီတဲ့၊ ကိုယ့်ဘက်က အရွယ်ရောက်နေပေမယ့် သမီးလေးကို စိုးတို့က ကလေးလို့ပဲမြင်နေကြတာမို့ တောင်းရခက်နေတာတဲ့"

ဒါကျတော့ ဒေါ်မျိုးမျိုးက ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမသဘောကျလို့လား၊ တွက်ကြည့်ရင် သမီးလေး ထက် အသက်နှစ်နှစ်ပဲကြီးတာပါ၊ ပြီးတော့ စက်မှုနဲ့ ကျောင်း ပြီးထားတာ၊ ရုပ်လေးလည်းမဆိုးဘူး"

"အေး··ဟုတ်တယ်၊ ငါကအစကတည်းက ဒီကောင် လေးကို သဘောကျပြီးသားပါ"

"ဖြစ်ရလေ အန်တီရယ်၊ အသက်ဒီလောက်ကွာနေတာ ကိုမှ စိတ်ကူးရသလား၊ ကြီးရင်မှီ ငယ်ရင်ချီတဲ့၊ အန်တီ စိတ် ညစ်ရဦးမယ်"

"ဟင်···"

မျက်လုံးကြီးပြူးလာကာ ဒေါ်မျိုးမျိုး မတ်ခနဲဖြစ်သွား လေသည်။

ဒေါ်စိုးစိုး ရုတ်တရက် လေရှူးဘာပြောလိုက်မှန်းမသိ။ လေရှူးက စာတွေကို အထပ်လိုက် 'မ'သွားကာ ခပ်တည်တည် လေးထသွား၏။

"ကြည့်စမ်း···ကြည့်စမ်း···"

လူကြီးတွေ သဘောပေါက်သွားတော့ လေရှူးအခန်းထဲ ပြေးဝင်ကာ တံခါးပိတ်ထားလိုက်တော့သည်။

အနားမှာ ဆက်ထိုင်နေကြည့် ခေါင်းမှာ စည်တော်သံ ဟိန်းသွားလိမ့်မည်။ ဒါတောင်မှ

"လေရှူး··လာခဲ့···လာခဲ့၊ ညည်းကိုကျုပ် ခေါင်းကို တစ်ချက်လောက်တော့ ခေါက်ရမှ ကျေနပ်မယ်၊ တံခါးဖွင့်စမ်း ဘယ်နှယ့် အဒေါ်ကိုပြောသွားလိုက်တာ"

လေရှူး တံခါးကို ကျောလေးနဲ့ကပ်ထားလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အန်တီနဲ့တီလေးက ယောက်ျားပေးစားဖို့ချည်းပြောနေတာကိုး.."

"ဟဲ့...ခုပေးစားမှာမှမဟုတ်တာ၊ ညည်းကျောင်းပြီးမှတာကို..."

"နောက်နှစ်ဆိုပြီးမှာ၊ ဘယ်တော့ဖြစ်ဖြစ် လေရူးယောက်ျားမယူဘူး၊ ဒါပဲ"

"မယူလို့ရမလား၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်၊ ပြီးတော့ ညည်းလေးက သူများထက် ပိုကဲတဲ့မိန်းမ၊ ဆုံးမနိုင်မယ့်သူ လိုကိုလိုတာ.."

"သူတို့ကျတော့ သီးချိန်တန်လည်းမသီးဝံ့ဘူး၊ ပွင့်ချိန်တန်လည်းမပွင့်ခဲ့ဘဲနဲ့၊ သူများကိုသက်သက် ထောင်ချချင်တယ်၊ တီလေးတို့အရင်ယူ၊ တီလေးတို့ယူပြီးမှ လေရူးယူမယ်"

တံခါးတစ်ချပ်သာခြားလျက် ရူပွရူပွ လေရူးပြောနေသမျှ တစ်ဖက်က အဒေါ်နှစ်ယောက် ပါးစပ်ပိတ် ရယ်ကြလေသည်။

ဒီကောင်မလေးဟာ ယောက်ျားပေးစားဖို့ပြောတိုင်း တီကိုအားနဲ့တို့လိုက်တဲ့အတိုင်း...

"လေရူး.."

"ရှင်..."

ထူးပုံက သံရှည်ကြီးနဲ့ ဆောင့်ဆောင့်အောင့်အောင့်..

"နောက်ထပ် ညည်းကိုလက်ထပ်ချင်တာ ဘယ်သူလဲသိလား"

"မသိချင်ဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"ညည်းရဲ့ မဟာကျေးဇူးရှင်ကြီး မြတ်ဘုန်းအောင်လေ.. သူကိုယ်တိုင် ကျုပ်ကို ပြောတာတော့.."

"ကိုဘုန်း..."

"ဟုတ်ပ...ဘာလဲ ဝမ်းသာသွားပြီလား"

"တီလေးနော်.."

"သူကလည်း ညည်းကိုပြောလိုက်ရင် စိတ်ဆိုးသွားမှာစိုးလို့တဲ့၊ ကျုပ်တို့အနေနဲ့ ထိမ်းမြားပေးတာကို မျှော်လင့်ပါတယ်တဲ့၊ ကဲ...ဘယ်လိုလဲ"

လေရှူး တံခါးကို ဂျက်ချပစ်၍ အိပ်ယာပေါ်မှာ ဆောင့်ခနဲ သွားထိုင်သည်။

ဖွတ်လုပ်ကြည့်...လေရှူးပဲဟာ...။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ကလင်··ကလင်···"

"ဟဲလို··ဟယ်···ကိုလေး···"

ဖုန်းပြောရင်း လေရှူး စွေ့ခနဲ ထခုန်သည်။

"ညီမလေး··"

"ကိုလေး·· တောင်ဥက္ကလာအိမ်မှာလားဟင်"

"ဟုတ်တယ်·· ဒါပေမယ့် ညီမလေးနဲ့ကိုလေး လည်ခရတော့ဘူးကွာ၊ ကိုလေး ခုပဲပြန်ရတော့မှာ"

"ဟင်···"

"ကိုယ်လေး မိန်းမ အစာအိမ်ဖြစ်နေလို့ ဆေးခန်းလာ အဲဒါ ငွေလိုလို့ ပြန်ယူရဦးမှာ၊ နောက်တော့မှ ညီမလေး ကိုလေး လာခေါ်မယ်နော်··"

"ကိုလေး··"

"ဟင်···"

"ပိုက်ဆံလိုတာ လေရှူးပေးမယ်၊ လေရှူးမှာ ကိုယ်ပိုင် ပါတယ်၊ လေရှူး···ကိုလေးနဲ့ရှာကိုလိုက်လည်မယ်လေ"

ဖုန်းထဲမှာ ကိုလေးအသံ ခဏတိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးဆီကငွေကို ကိုလေး မယူချင်ဘူး၊ ညီမလေး လည်း ကိုလေးနဲ့ လိုက်လို့မရသေးဘူး"

"ဟင်...ဘာဖြစ်လို့လဲကိုလေးကလည်း"

"ကိုလေး ခုရက်ပိုင်း ဘယ်မှာမှ ငြိမ်ငြိမ်နေလို့မရလို့ ပေါ့ ညီမလေးရဲ့၊ လူမမာက ရှိသေးတယ်လေ"

ကိုလေးလည်း မကောင်းဘူး၊ သူ့မိန်းမနဲ့ပတ်သက်လာ တော့ ညီမကိုတောင် ဂရုမစိုက်ဘူး...

ဖုန်းကိုင်၍ နှုတ်ခမ်းဆူနေဆဲ..

"ရှင့်အစ်ကိုတော်ဆီက ဆက်သမို့လား၊ ဘာတဲ့လဲ"

မိုင်လိုဖျော်ထားသည့် မတ်ခွက်ကိုကိုင်၍ ဒေါ်စိုးစိုး ဝင်လာရင်း လှမ်းမေးလိုက်သဖြင့် စူပွပွဖြစ်နေသည့် လေရှး မျက်နှာဝင်းခနဲဖြစ်သွား၏။

"ဟုတ်တယ် တီလေး.. ကိုလေးက ကျောင်းပိတ်နေ ပြီမဟုတ်လားတဲ့၊ သူ့ဆီအလည်လာပါဦးတဲ့၊ တောင်ဥက္ကလာ အိမ်မှာ သူရောက်နေတယ်တဲ့၊ ကျောင်းပိတ်တုန်း ကိုယ့်အစ်ကို ဆီ တစ်လ ကိုးသီတင်းလာနေပါတဲ့"

"အလိုတော်... တစ်လကိုးသီတင်းတောင် ပေးမလွှတ် နိုင်ပါဘူး"

"သိတယ်၊ အဲဒါသိလို့ စိတ်ညစ်တာ၊ တီလေးတို့က လည်း လေရှးကို ကလေးပေါက်စကလေးကျနေတာပဲ ယောက်ျား ပေးစားချင်တော့ ကလေးမဟုတ်တော့ဘူးတဲ့၊ ဆ ချယ်ချင်ပြီဆို ကလေးဖြစ်ရပြီ"

"သမီးရယ်...အဲဒါ ညည်းလေးကို မျက်စိအောက်က



www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားရင် 'စိတ်မချနိုင်အောင် ချစ်လွန်းလို့ပေါ့၊ ပြီးတော့ မိန်းကလေးမို့ ပိုဂရုစိုက်ရတာ၊ ယောက်ျားမလိုချင်ပါဘူးဆိုလို့လည်း မပေးစားဘဲနေတယ်၊ ဒါချုပ်ချယ်တာလား"

"ဒါဆိုလည်း ကိုယ့်အစ်ကိုဆီကိုယ်သွားတာပဲ တချို့ဆို ကျောင်းပိတ်တာနဲ့ သူငယ်ချင်းတွေဆီတောင် သွားကြလည်ကြတာ၊ လေရှူးကိုဘာလို့ တားနေသေးလဲ"

ဒေါ်စိုးစိုးက မျက်နှာညှိုးနေသည့် တူမဖြစ်သူ မျက်နှာကို ကြည့်၍ ခေါင်းရှုပ်သွားသည်။

သူ့အစ်ကိုက တောမှာနေတာဆိုတော့ မထည့်ဘူးဆိုချင် ဒီကလေးက ရှေ့လျှောက် ဘယ်လိုမှ ကြည်ကြည်သာသာ နေရာမဟုတ်တော့ဖေပ။ အစ်ကိုဆီသွားတာကိုမှ စိတ်မချနိုင်တာကိုလည်း ပြောလို့ဆုံးမည်မထင်။

"အခု..သားငယ်က တောင်ဥက္ကလာပ သူ့ယောက်ဖ အိမ်မှာတဲ့လား"

"ဟုတ်တယ်၊ အဲဒီမှာပဲ၊ သူ့မိန်းမ နေမကောင်းနေတဲ့ အကြားက လေရှူးကို တမင်လာခေါ်တာတဲ့..."

ဩော်...သူ့ခမျာ ညီမလေးကိုလည်းသတိရ၊ အဒေါ်တွကိုလည်း ခေါ်ချင်လို့နဲ့တူပါရဲ့ ဟု တွေးမြင်ကာ

"အေးလေ..ကဲ.. တီလေး...သမီးအန်တီ့ကိုပြောပေးမယ်၊ သူက သွားဆိုရင် သွားပေါ့"

"တကယ်လား"

"အင်းပါဆို.."

ကိုလေးနဲ့ တီလေးတို့ အဆက်အသွယ်မလုပ်ကြတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ လေရှူးအကွက်ဝင်သွားလေသည်။

ဘယ်မှ ဝေးဝေးလံလံမသွားဖူး မလာဖူးခဲ့သဖြင့် ခရီးသွားချင်တာကြောင့် လျှပ်တပြက် ညာလိုက်တာဖြစ်ကာ သွားဆိုက တကယ်သွားတော့ဖို့ ဝမ်းသာအားရ တွေးဖြစ်လိုက်တာက ကိုကြီးဆီသို့···။

a j b.



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဒါက ယူသွားလေ၊ တောမှာဆို ရှားပါးမှာ၊ ညည်းလေး ဝတ်မှာစိုးလို့"

စည်သွပ်ဗူးတွေနဲ့ ဘယ်တုန်းက ကြော်ထားမှန်းမသိသော ကြက်သားကြော်၊ ငါးကြော်တွေက နီရဲကြွပ်ရွကာ ဗူးကြီးထဲမှာအပြည့်..

ဆွဲခြင်းထဲမှာ ဟောလစ်၊ မိုင်လို၊ နို့ဆီဗူး၊ အသားဗူးတွေကအစ ကော်ဖီမစ်ထုပ်တွေမနည်းမနောနှင့် လွန်စွာဆွဲရခက်သည့် ရောမဆွဲခြင်းကြီးနှင့်အပြည့်အကျပ်။

"အဲဒါကြီး သယ်မသွားချင်ပါဘူး အန်တီရာ၊ လူမှာသွားမေးတာ ကျနေတာပဲ၊ စားစရာတွေချည်းပဲ"

"ဟဲ့...စားဖို့ထက် ဘာအရေးကြီးသလဲ၊ ဟိုကျတော့ ဘူမာလည်း ရှိတာပဲမဟုတ်လား၊ သူ့ဟာမစားနဲ့၊ ကိုယ်ကပဲ ကျွေး၊ ကိုယ်ကစည့်သည်မို့ မျက်နှာငယ်အောက်ကျမခံနဲ့နော်၊ ငွေကိုရေလိုသုံး၊ ဟိုကောင့်ကိုလည်းပေး၊ ဒါပေမယ့် တီလေးပေးတာ မသိစေနဲ့"

"အင်းပါ"

"သူ့မိန်းမပုံစံကို အကဲခတ်စမ်း၊ တော်ကြာ အိမ်ပေါ်

www.burmeseclassic.com



ရောက်လာမှ အချိုးမပြေရင် ရှေ့တိုးရခက် နောက်ဆုတ်ရခက် ဖြစ်ဦးမယ်…"

"အချိုးပြေတယ်ဆိုရင် လေရှူးအပြန် တစ်ခါတည်း ခေါ်လာခဲ့ရမှာလား"

ဒေါ်စိုးစိုးက သူ့စကားနဲ့သူ အစ်မဖြစ်သူကိုလှမ်းကြည့်သည်။ ဒေါ်မျိုးမျိုးက ဘာမှမပြောဘဲ မျက်နှာလွှဲနေသည်။

'သင်းကတော့င် နေနိုင်သေးတာ၊ ကျုပ်တို့က ပြန်ခေါ် စရာလား၊ မာနကြီးနိုင်သရွေ့တော့ ကြီးကြပစေဦး"

"တီလေးကလည်း ကိုလေးက သူ့မိန်းမက ပညာလည်းမတတ်၊ ဆင်းလည်းဆင်းရဲ၊-ပြီးတော့ ရန်ကုန်မှာအထည် ချုပ်လာလုပ်နေရတဲ့တောသူ၊ လူတာလေးတစ်ခုပဲရှိတော့ တီလေး တို့သဘောမတူတာကို သိပြီး ပြန်လာကြောင်းစကားမစရဲတာ နေမှာပါ"

"ဘယ်သူမဆို ကိုယ့်သားသမီးကိုယ် ဆင်စီးပြီးမြင်းရံ တာကိုသာ မြင်ချင်တာအေ့၊ ဒါပေမယ့် ဖြစ်သွားကြပြီဆိုတော့ လည်း ယောင်းမပဲ စီးထွက်လာလာ တံမြက်စီးပဲ စီးထွက်ထွက် ခွင့်လွှတ်ရတာပဲ"

"ဟေး…ဒါဆို လေရှူးကိုလေးကိုခေါ်လာတော့မယ်"

ဒေါ်စိုးစိုးက မျက်နှာမထားတတ်ဘဲရှိကာ တစ်ဖက်လှည့် ထား၏။

"အဲဒါကြီးတော့ မလိုချင်ဘူး အန်တီရာ‥နော်‥ အဆော အစားသောက်တွေကြီးနဲ့ ဆွဲခြင်းကြီးနဲ့"

"လာပြန်ပြီ၊ ဒါစားစရာတွေလေ၊ စားစရာနဲ့လာတာ



www.burmeseclassic.com

www.burmeseclassic.com



ညည်းကို ဘယ်သူက နှင်လွှတ်မှာလဲ၊ သူတို့တောမှာ ပိုက်ဆံရှိလို့ရော ဒါတွေဝယ်စားလို့ လွယ်တယ်မှတ်လို့လား''

''မရှိတော့လည်း ရှိတာနဲ့ပဲ ပြီးရတာပဲ၊ မသယ်ချင်ပါဘူးဆို..''

''ခက်လိုက်တာ ဒီကလေးနယ်၊ ဆွဲခြင်းကြီးတစ်ခုလုံးကိုပဲ ထားခဲ့ချင်တာလား''

''ဟုတ်တယ်၊ ခရီးက အဝေးကြီးဟာကို''

''ခရီးဝေးတာ ဘာဖြစ်လဲ၊ ကားကသယ်မှာ၊ ညည်းထမ်းသွားရမှာမှ မဟုတ်တာ''

''ဟင့်အင်းပါဆို..''

လေရှုးက ကိုယ့်အကြောင်းနဲ့ကိုယ်..

တကယ်သွားမှာက ကိုကြီးဆီကို၊ ကိုလေးဆီကိုမဟုတ်။

ကိုလေးက ရန်ကုန်ချုပ်စပ်က ရွာမှာနေတာ၊ ကိုကြီးက မန်းမော်မှာ..

ဒီလောက်ကြီးကို ဒါကြီး ဘယ်လိုလုပ်သယ်မလဲ။

ဒေါ်စိုးစိုးတို့မှာလည်း ကိုယ်တိုင်ကားနဲ့လိုက်ပို့ချင်ပေမယ့် တူမဖြစ်သူက သူမတို့မလိုလားဘဲ ဖွတ်ထွက်လာတဲ့ ပုံစံမျိုးပဲဖြစ်စေချင်တာလည်းရှိတာကြောင့် အားကြိုးမာန်တက် ပြင်ဆင်ထားခဲ့ရသော ဆွဲခြင်းကြီး ယူသွားဖို့အတွက် လက်လျှော့လိုက်ရတော့သည်။

ဒါတောင်မှ ဒေါ်မျိုးမျိုးက ဆွဲခြင်းထဲက ကျွတ်ကျွတ်အိတ်ထုတ်ကြီး တစ်ထုပ်ကိုဆွဲထုတ်၍ အဝတ်သေတ္တာထဲ ခြေင်းထည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆေးထုတ်နော်၊ ပြန်ထားခဲ့ဖို့ စိတ်မကူးနဲ့၊ ရေပြောင်းမြေပြောင်း ရေချိုးမိုးချိုးမပေါ့နဲ့၊ စမ်းချောင်းတွေ ဘာတွေထဲ ရေဆင်းမချိုးနဲ့နော်၊ ဟိုကောင်က သူ့မိန်းမကိုချည်း ဦးစားပေးပြီး ကိုယ့်ကို ဂရုမစိုက်ဘူးထင်ရင် တန်းပြန်ခဲ့၊ ဒီကောင်နဲ့ တစ်သက်အပြတ်ပဲ"

"အနီးအနားမှာ ဖုန်းဆက်လို့ရရင် ဖုန်းဆက်နော်"

"အို…ဖုန်းတောင်မှ မရှိလို့ သားငယ်မြို့ပေါ်ရောက်မှ သူ့ညီမနဲ့ စကားပြောရတာမတွေ့ဘူးလား၊ တကယ်ခေါင်တဲ့တော၊ ဒီကလေးကို လွှတ်ရတာ စိုးဖြင့်စိတ်ကိုမချဘူး၊ ဟိုကောင်က မိန်းမသနာနဲ့၊ ကလေးကို ဂရုမစိုက်ရင် စိုးတို့ မြင်ရတာမဟုတ်ဘူး"

"ဟုတ်တယ်… ဒီလိုသာဖြစ်လာရင် ကျုပ်နဲ့တွေ့မှာ"

"မမကတွေ့မှာနောက်မှ ကလေးက သွားတော့မှာဒါပဲနော် လေရှုး… ညည်း သူများရပ်ရွာမှာနေချင်တာနဲ့ ဘာမဟုတ်တဲ့ဟာတွေကို မျက်နှာအောက်ကျခံနေဖို့မလိုဘူး၊ ငွေအလုံအလောက်ထည့်သွား၊ ပိုပိုလျှံလျှံဖြစ်ပစေ"

"ပါပါတယ်.."

"ကိုယ်လည်း ကလေးမဟုတ်တော့ဘူး၊ ငွေကို သားငယ်ကိုချည်း ပုံအပ်မထားနဲ့၊ သူလိုအပ်မယ်ထင်မှ ထုတ်ပေးတော်ကြာ.. ကိုယ်လိုတော့ သုံးစရာမရှိဘဲနေမယ်.."

လေရှုး..နားငြီးလှပြီဖြစ်ရာ မျက်နှာလေးညိုနေတော့သည်။ ဘယ်တော့မှ အိမ်ကထွက်သွားဖြစ်တော့မှာလဲ…။

a ၂ b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"လက်မှတ်က ခုလာ ခုဘယ်ရမလဲ၊ သုံးရက်လောက်ကြိုပြီး ဘိုကင်လုပ်မှရတာ"

"လုပ်ပါဦး ဦးရယ်၊ တစ်နေရာစာလောက်တော့ ဖြစ်အောင်လုပ်ပေးပါ၊ ခုံနှစ်ခုံစာပေးပါ့မယ်လေ၊ အဲ‥ ကျွန်မ ဒီနေ့မသွားလို့ ဖြစ်ကိုမဖြစ်လို့ပါ"

ငွေစကားပြောလိုက်တော့ စားပွဲထိုင်သည့် လက်မှတ်စာရေးမျက်နှာအနည်းငယ် အချိုးပြေသွား၏။

ကားဆီကိုလှမ်းကြည့်၍ တစ်ယောက်ကို လက်ယပ်ခေါ်ပြီး

"ကားသမားနားက ခုံရှိသေးလား"

ထိုတစ်ယောက်က လေရှူးကိုလှည့်ကြည့်သည်။

"မရှိတော့ဘူး၊ ဘယ်မှာမှမရှိတော့ဘူး၊ မနက်ဖြန်ဆိုရင်တော့ နောက်တန်းခုံတစ်လုံးရမယ်"

"မနက်ဖြန်မှမဖြစ်ဘူး၊ ဒီနေ့ထွက်မယ့်ကားနဲ့ပဲ ကျွန်မလိုက်ပါရစေ"

လေရှူး ကိုယ့်အကြောင်းကိုယ်သိကာ ဖွတ်ပြောသည်။

"ဒါဆိုရင် ကူရှင်တော့မရှိဘူး ထိုင်လို့ပဲရမယ်၊ လိုက်



www.burmeseclassic.com

www.burmeseclassic.com



မလား..."

ခရီးကအဝေးကြီး...

သို့သော် လေရှူး ခေါင်းခါလို့မဖြစ်ပါ။

"ဟုတ်ကဲ့..."

"ဒါဆို မင်းသူ့ကို အဲဒီခုံနားမှာပဲ နေရာလုပ်ပေးလိုက်၊ သက်တောင့်သက်သာဖြစ်အောင် လုပ်ပေးလိုက်ပါ၊ ခရီးကဝေးတယ်"

"ရပါတယ်.. လမ်းမှာဆင်းမယ့်သူတွေရှိတယ်၊ အဲဒီကျတော့ နေရာရမှာပါ"

လေရှူး ကားပေါ်ရောက်သွားပါလေသည်။

နာမည်တွေခေါ်ပြီး လူတွေတက်ကြသည်။

ပြီးသည်နှင့် နာရီတိကျစွာ ကားထွက်လေသည်။

ကားမောင်းသူရဲ့ဘေးခုံမှာ လွတ်နေသော်လည်း ယူပြီးသားလို့ပြောထားတာကြောင့် လေရှူး မထိုင်ရပေ။

ဒါပေမယ့် သက်တောင့်သက်သာတော့ရှိပါသည်။

ဆိုဖာ ခင်းပေးထားသည်။ ကျယ်ကျယ်ဝန်းဝန်းရှိသည်။

ဒါပေမယ့် နေဝင်သွားတဲ့အထိ ထိုင်မယ့်သူမရှိတော့ လေရှူး ထိုနေရာကို သဝန်တိုလာကာ လက်ဖက်ရည်သောက်နားတော့ ပြောမိလေသည်။

"ဒီမှာရှင့်..ဒီနေရာမှာထိုင်မယ့်သူမရှိတာ၊ ကျွန်မ ထိုင်လို့မရဘူးလား"

"မရဘူးဗျ၊ အခု သူလာမှာမို့လို့စောင့်နေတာ"

ကားပေါ်မှာ ခရီးသည်တွေက စုံနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်သောက်၊ အပေါ့အပါးသွားကြ၊ ကားပေါ်ပြန်တက်ကြပြီးလို့ ကားထွက်ဖို့ကို မျှော်လင့်နေကြပြီဖြစ်၏။

ကားသမားက နာရီတကြည့်ကြည့်…

စပယ်ယာက ကွမ်းဝါးရင်း လမ်းမကြီးရဲ့ထောင့်ချိုးအကွေ့နေရာတွေကို ဟိုလှမ်းကြည့်၊ ဒီလှမ်းကြည့်။

ထိုစဉ်မှာပင် လမ်းကြားတစ်ခုထဲမှ ဝေါခနဲဆိုင်ကယ်တစ်စီးကွေ့ဝင်လာ၏။

"လာပြီဆရာရေ… ကျေးဇူးရှင်"

ကိုယ်ကခေါင်းခန်းထဲက ရှေ့ဆုံးမှာမို့ တူရူက မြင်ကွင်းကို ထင်ရှားစွာမြင်နေရသည်။

ဆိုင်ကယ်ပေါ်မှာ နှစ်ယောက်..

ကားရှေ့မှာပဲဆိုင်ကယ်ရပ်ကာ နောက်ကတစ်ယောက်ကဆင်း၍

"ကျေးဇူးပဲ.."

ဆိုင်ကယ်ပေါ်မှာ ကျန်ခဲ့သည့်သူကို နှုတ်ဆက်နေသည်။ လေရူး နှုတ်ခမ်းလေး တဖြည်းဖြည်းပွင့်ဟသွားခဲ့၏။

အံ့ဩခြင်းသည် အသက်ရှူဖို့တောင်မှ တဒင်္ဂမေ့လျော့သွားမိသဖြင့်

ဒါ… သက်တန့်မှ သက်တန့်အစစ်ပါ…

သူဘယ်သွားမလို့လဲ.. တစ်ခရီးတည်း.. တစ်ခုတည်းလာတူနေရသည့်အဖြစ်ကို လေရူးဘယ်လိုမှ မယုံနိုင်..

သက်တန့်က သူ့ကို သတိထားမိပုံမပေါ်ဘဲ နေရာမှာအိခနဲ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆပ်ပြာမွှေးနံ့ရောသော စီးကရက်နံ့သင်းသင်းက ထောင်းခနဲ ပျံ့လွင့်လာသည်။ လေရှူး ကိုယ့်မျက်နှာကြီးကို ဓားနဲ့ ခြစ်ပစ်ချင်စိတ်တွေပေါက်ကာ··

မဖြစ်နိုင်သည်မို့ ဒီမျက်နှာကို ဘယ်သွားဝှက်ထားရမှန်းမသိ ဖြစ်နေမိသည်။

သူက ကိုယ့်ထက်အနည်းငယ်မြင့်မြင့်မှာ ထိုင်နေတာပေမယ့် လှည့်ချင်း မထိတထိ။

ငုံ့ကြည့်လိုက်တာနှင့်ကိုယ့်ကိုမြင်ပြီ။

မြင်သွားလျှင် ဟိုမေး ဒီမေးနှင့် ကိုယ်ထွက်လာခဲ့တဲ့အဖြစ်ကို အထင်မြင်သေးတော့မည်။

ဝတ်ထားခဲ့သည်က ခေါင်းစွတ်ပါသော ဆွယ်တာလက်ရှည်လေးမို့ ကျောပေါ်မှာ လှန်ချထားသည့် ခေါင်းစွပ်လေးကို ပါးပြင်လေးနှစ်ဘက်ကို တစ်ဝက်လောက်ထိ ဖုံးအောင်ဆွဲခြုံထားလိုက်မိသည်။

မိုးချုပ်တော့လည်း မီးတွေကြောင့် ကားပေါ်မှာ ဖွေးဖွေးလှုပ် လင်းထိန်နေသည်။

မျက်နှာလိမ်၍ တောင့်တောင့်ကြီးဖြစ်နေခဲ့သော ကိုယ်လုံးက ညောင်းညာလာသည်။

သူ မမှတ်မိတာလား·· ငုံ့မကြည့်တာလားမသိ။

အားလုံးက တိတ်ဆိတ်နေကာ စက်သံညက်ညက်မှလွဲ၍ ဘာသံမှ မကြားရပေ။

ထိုစဉ် ကားကတဖြည်းဖြည်း တုံ့ရပ်သွားသည်။

ရှေ့ကိုမြင်နေရသော လေရှူး အကြီးအကျယ်စိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com


သွားလေသည်။

"ခရီးသည်တွေ မှတ်ပုံတင်လေးတွေ ခဏထုတ်ထား ပါ"

ယူနီဖောင်းဝတ်ထားသည့် ရဲတွေရော၊ အရပ်ဝတ်နဲ့လူ တွေပါ ကားပေါ်တက်လာကြ၏။

လေရှး ချွေးပြန်ချင်သွား၏။

ရှေ့နောက်လူခွဲစစ်ကြသဖြင့် သူတို့နားသို့ ချက်ချင်း ရောက်လာသည်။

"ညီမ‥ မှတ်ပုံတင်လေးပြပါဦး"

လေရှးက မော့မကြည့်ဘဲ လှမ်းပေးလိုက်၏။

နာမည်က အဆန်းမို့ထင်သည်။ စစ်ဆေးသူက နာမည် မှတ်ပုံကိုကြည့်ပြီး လေရှးမျက်နှာကိုပါ ကြည့်ကာ

"ညီမ…ခေါင်းစွပ်လေး ခဏချွတ်ပြပါ"

ကြည့်စမ်း…

ဒေါသထောင်းခနဲ ဖြစ်သွား၏။

မှတ်ပုံတင်စစ်တာ လူကိုစစ်စရာလား…‥

လေရှး မျက်နှာမဖော်ချင်တာကို ရိပ်မိကာ စစ်ဆေးသူ က ပို၍သင်္ကာမကင်းဖြစ်သောလေသံဖြင့်

"စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော်တို့ မှတ်ပုံတင်စစ်တာ သူကိုစစ်တာပါ၊ စစ်ဆေးနေတဲ့အချိန်မှာ နည်းနည်းသည်းခံပါ"

လေရှး မထူးစိတ်ပိုက်၍ ခေါင်းစွပ်ကိုဖွင့်၍ မျက်နှာ ကိုတမင် တင်းပစ်ပြီး မဲ့ရွဲ့မော့ပြလိုက်သည်။

မျက်နှာကြီးကော့ထွက်လာသဖြင့် စစ်ဆေးသူနောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုတွန့်ခနဲဖြစ်သွားသည်။

အားနာသွားပုံလည်းရကာ..

"ဟဲ..ဟဲ..."

ဟုတောင်းပန်သလို ရယ်၏။

"ကျွန်မ ခေါင်းစွပ်ပြန်စွပ်လို့ရပြီလား"

မဆိုင်သလိုနေခဲ့သော သက်တန့်မျက်နှာ သူမဘက် ဖျတ်ခနဲ လှည့်လာသည်။

"ရပါပြီဗျာ၊ ရပါပြီ၊ စိတ်မရှိပါနဲ့၊ အားလုံးကိုကျေးဇူးတင်ပါတယ်"

ကားပြန်ထွက်တဲ့အထိ သက်တန့်ထံက မေးမြန်းစပ်စုသံ လုံးဝထွက်မလာပေ။

အစက မထိတထိဖြစ်ခဲ့သော သူ့လက်ကိုပဲ ပို၍ ကျုံ့သွားအောင် လက်နှစ်ဘက်ကို ကျစ်နေအောင် ပိုက်ထား၏။

လေရှူးကို ပတ်သက်ရမှာကြောက်တဲ့ပုံမျိုး..

ဟင်း...နေပေါ့..

ဒီကလည်း ပတ်သက်မှာတောင် ကြောက်ပါသေး တယ်၊ သူလေရှူးကို ငုံ့ကြည့်လိုက်တာ

အတန်ကြာကြည့်နေတာ....

လေရှူး မော့မကြည့်ဘဲသိနေခဲ့သည်။

လေရှူးဆိုတာ သိမှာပဲ၊ မပတ်သက်ချင်တဲ့ပုံဖြစ်သွားတာကို ရှက်လည်းရှက်၊ မခံချင်ဖြစ်တော့ ထူးဆန်းစွာ မျက်ရည်ဝဲခဲ့၏။

လေရှူး ဘယ်တုန်းကမှ မျက်ရည်လွယ်ခဲ့လို့လဲ..



www.burmeseclassic.com

www.burmeseclassic.com



မလွှယ်ဘူး··မငိုပါဘူး···ငိုစရာလား···

ဟိုတစ်ခါ လေရှူးကို တိုက်ပေါ်က ပြုတ်ကျမှာစိုးလို့ ပြေးလာတုန်းကလည်း သက်သက်ဆရာလုပ်ချင်လို့ပြေးလာ တာ··

အဲဒီတုန်းကဆို တက်တွေခေါက်··လက်ညှိုးထိုးပြော သွားလိုက်တာ နည်းသလား···။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အင်းမရောက်တော့ 'ရေပြာ' စားသောက်ဆိုင်ကြီးရှေ့မှာ ကားရပ်သွားသည်။

အဝေးပြေးကား သုံးလေးစီး ထမင်းဆိုင်ရှေ့မှာရပ်လျက်.. ညစာ ထမင်းစားကြတာဖြစ်သည်။

လေရှူးတို့ကားက ရေပြာရှေ့မှာရပ်တော့

"ခရီးသည်များအားလုံး ညစာသုံးဆောင်ကြပါမယ်၊ အရေးကြီးပစ္စည်းလေးတွေ ယူဆောင်ပြီး ထမင်းစားဆင်းကြပါခင်ဗျာ၊ ကားတံခါးပိတ်မှာပါ၊ ကားပေါ်မှ ဘယ်သူမှ ကျန်နေခဲ့လို့ မရပါဘူး"

သက်တန့် ကားပေါ်ကဆင်းသည်။

ထမင်းဆိုင်ထဲဝင်ခဲ့ပြီး အတွင်းကျကျစားပွဲမှာ အေးဆေးဝင်ထိုင်လိုက်သည်။

ထိုစဉ် လေရှူး ထမင်းဆိုင်ရှေ့ရောက်လာတာတွေ့လိုက်ရသည်။

ဆိုင်ထဲမှာက သူ့စားပွဲနဲ့ဘေးစားပွဲက လူကြီးတစ်ဦးရဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာမှလွဲ၍ အားလုံး စားပွဲပြည့်၊ လူပြည့်··

လေရှုး ဆိုင်ထဲကို ဝေ့ကြည့်ကာ ချာခနဲ ပြန်လှည့်သွား တာကိုလည်း မြင်နေရသည်။

လှမ်းခေါ်ဖို့ သူစိတ်မကူးပါ။

အစကတည်းကိုက မပတ်သက်ချင်တာ။

ဒါပေမယ့် လေရှုး··သူ့ကို နှုတ်ဆက်မှာပဲဟုတော့ တွေး မိခဲ့သေးသည်။

ခုလိုခပ်တည်တည်လေးနေတော့ အနည်းငယ်အံ့ဩချင် ၏။ ဒီကောင်မလေး ဘယ်သွားမလို့လဲ··

တစ်ယောက်တည်း ထွက်လာတာတော့သေချာသည်။

သူ့စိတ်ခတ်၊ လုပ်ပုံကိုင်ပုံအရ အိမ်ကများထွက်ပြေး တာသလား။

ဒါဆိုဘယ်မှာ သွားခိုနေမှာလဲ··

ကိတ်မုန့်ဆိုင်ရှေ့မှာ မုန့်တွေဝယ်နေသည့် လေရှုးကို လှမ်းကြည့်ကာ စိတ်တော့မကောင်းပါ။

ကောင်မလေး ညစာငတ်တော့မည်။

ဒါပေမယ့် ဒီလိုနေတာပဲကောင်းပါတယ်ဟု တွေးမိကာ ထားသည့် စားစရာရောက်လာတော့ သူ အာရုံဖြတ်ပစ်လိုက် ၏။

ကားပေါ်ရောက်ကြတော့ မုန့်ထုပ်တွေအပြည့်ပါသော ကျွတ်ကျွတ်အိတ်ကြီးကို ပေါင်ပေါ်တင်ကာ ရေသန့်ဗူးက တစ် တ်နှင့် စားသောက်နေသော လေရှုးကို တွေ့လိုက်ရသည်။

သက်တန့် မသိမသာပြုံးကာ ခပ်တည်တည်ပဲ ဆိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



ဲလိုက်၏။

လေရူးက သူနဲ့မထိအောင် ရှေ့ကိုထိုးတိုင်ကာ သူများတွေ စားသောက်ပြီး အိပ်ငိုက်ကြသော်လည်း အိပ်ချင်စိတ် မဖြစ်အောင် အချဉ်ထုပ်တွေစားရင်း မျက်လုံးကိုမှေးစင်းသွားခွင့်မပေးဘဲ ထားခဲ့သည်။

သူများလို အိပ်ငိုက်ဖို့ သူမမှာ မီစရာမှ မရှိတာ..

ဟိုင်းဝေးလမ်းမကြီးပေါ်မှာ ကားကရှင်း၊ လူကမရှိမို့ ကားက တရိပ်ရိပ်ပြေးနေသည်။

မနက်သုံးနာရီကျော်လာတော့ မျက်လုံးကလည်း စင်းပြီး ဗိုက်ထဲမှာလည်း အချဉ်ထုပ်တွေ တစ်ဆိုင်စာလောက်ဖြစ်နေပြီ။

လေရူး နေမထိ ထိုင်မသာဖြစ်လာလေသည်။

ထိုစဉ်ကားက အသံတစ်မျိုးထွက်ကာ ထိုးရပ်သွား၏။

ကားစက်ချို့ယွင်းသွားမှန်းသိတော့ ကားပေါ်က ယောကျ်ားတွေ အောက်ဆင်းကာ အပေါ့သွားသူကသွား၊ ကားနားမှာဆင်းထိုင်သူကထိုင်... ကလေးအမေတချို့ပါ ကလေးတွေချီ၍ဆင်းကြ၏။

"ကားက ဘာဖြစ်သွားတာလဲ၊ အပေါ့သွားဖို့ နားတာလား"

အမျိုးသမီးကြီးတစ်ဦးက အပြင်ကိုခေါင်းပြူထွက်ပြီးမေး၏။

"မဟုတ်ဘူး အန်တီရေ၊ ကားပျက်သွားတာ"

"ဟော့တော့.. ဒါဆို ကြာတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မပြီးခင်လေးပါ"

စပယ်ရာက ရယ်ကျဲကျဲပြော၏။

"လကြီးကလည်း သာလို့ဗျာ၊ လယ်ကွင်းဖွေးဖွေး လေနု အေးအေးနဲ့ ခရီးသည်တွေ အောက်မှာ ဆင်းထိုင်ကြပါလား"

စပယ်ယာ ထပ်ပြောတော့ ညည်းညည်းညူညူနဲ့ပဲ ကားပေါ်က လူတွေအားလုံးအောက်ဆင်းလာကြသည်။

ပတ်ဝန်းကျင်သည် လရောင်ဆမ်း၍ သာယာနေသော်လည်းလယ်ကွင်းတွေတစ်ဖက်မှာ ခပ်အုပ်အုပ်တောတန်းများရှိတာ လူပခြင်းက စိုပြည်မှုမရှိဘဲဖြစ်နေလေသည်။

"နားထောင်စမ်း၊ ဆိုင်းသံတွေကြားတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်တယ်.. ဘယ်မှာဇာတ်ကနေတယ်မသိဘူး"

"ငွေးချိုရွာက ဖြစ်မယ်၊ အဲဒီရွာမှာ သဘော်ဦးစေတီဘုရားပွဲနှစ်တိုင်းလုပ်တယ်၊ ရက်တော့မသိဘူး၊ ဒီအချိန်လောက်ပဲ..."

ကားဒရိုင်ဘာက စက်ခန်းထဲသို့ နှိုက်ချွတ်နေရင်း လှမ်းပြော၏။

"ဒီကနေ တော်တော်လှမ်းသလား"

"ဟောဟို တောအုပ်လေးထဲမှာပဲ၊ ပွဲကြည့်ချင်သွားကြပါလား၊ ကားက ကြာဦးမှာ အနည်းဆုံး မိုးတော့လင်းမှာပဲ"

"ဟင်.. အဲဒီလောက်တောင်ကြာမှာလား"

"အေးဟယ်..ဒုက္ခပါပဲ"

ခရီးသည်တွေ စိတ်ညစ်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားက တကယ့်ကို မိုးစင်စင်လင်းမှပြီးသွားပါသည်။ ခရီးသည်တွေ အောက်မှာ ငိုက်ကြ၊ အပေါ်မှာ အိပ်ကြနှင့် မိုးလင်းခဲ့သော်လည်း သက်တန့် ဘယ်မှာမှမငိုက်ဖြစ်ခဲ့ပါ။

မိုးလင်းလို့အပေါ်ပြန်တက်လာတာတောင်မှ သူ့ထိုင်ခုံပေါ်မှာ လက်မောင်းလေးယှက် ပါးလေးကပ်ကာ အိပ်မောကျနေသော လေရှူးကြောင့် သူ မတ်တပ်ပဲလိုက်ခဲ့ရသည်။

"နှိုးလိုက်ပါလား အစ်ကို.."

နောက်ခုံက အမျိုးသမီးက လှမ်းပြော၏။

"ရပါတယ် အိပ်ပါစေ.."

ကားထွက်တာတောင် မသိရှာဘဲ နှစ်ခြိုက်စွာအိပ်ပျော်နေတာကို သူ မနှိုးရက်ဘဲ ရှိလေသည်။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈၆)

ခရီးသာဆုံးတော့မည်။ စကားမပြောဖြစ်ခဲ့ကြဘဲ‥

"ဟယ်…လေရှူးသေတ္တာမရှိတော့ဘူး"

ကားကခရီးဆုံးခဲ့လို့ ဆင်းကြမည်ဆိုတော့ လေရှူးရဲ့ အဝတ်အစားသေတ္တာမရှိတော့ပေ။

သူ ဖျတ်ခနဲမော့ကြည့်တော့ မျက်လုံးချင်းဆုံသွားပြီး

"ဘယ်လိုဖြစ်သွားတာလဲ"

သက်တန့်ထရပ်၍ အပေါ်တန်းကိုလိုက်ကြည့်သည်။

"မသိဘူး‥ ဒီအိတ်စုတ်ကြီးက အစက ဒီမှာမရှိဘူး"

"မိမိပစ္စည်း မိမိတာဝန်" ဟူသော စာတန်းလေးကို လှမ်းမြင်ကာ လေရှူး ငိုချင်သွားသည်။

"အိတ်ချင်းလဲသွားတာ"

ဟု သူပြောတော့ စိတ်က ဗုံးဗုံးလဲသွားတော့သည်။

"ဘာတွေ ပါသွားသလဲ"

လေရှူး ပြောမည်ပြင်ပြီးမှ ပါးစပ်ပြန်ပိတ်သည်။

ပြီးမှ ပြောသင့်တာပဲမို့ သူ့ကိုမော့ကြည့်ကာ

"အဝတ်တွေနဲ့ ငွေတစ်သိန်းရှစ်သောင်း"

"ဟ…မင်း အဲသလောက်ဘာလို့ ယူလာတာလဲ"


www.burmeseclassic.com

www.burmeseclassic.com



မေးပြီးမှ 'ကျွတ်ခနဲ' စုတ်သတ်ကာ ခပ်သေးသေး သူ့အိတ်မည်းလေးကိုဆွဲချ၍ ကျောမှာလွယ်လိုက်သည်။

"ကဲ..ဆင်း...အောက်ကျမှ ဆက်စိတ်ညစ်ပေတော့"

သေတ္တာက ခပ်သေးသေးပေမယ့် အထည်တွေအများ ကြီးပါသည်။ ဒါကထားဦး၊ ငွေတွေပါသွားတာ ဘယ်လိုလုပ် မလဲ..

လေရှူးက ကျန်နေသေးသည့် မုန့်ထုတ်အိတ်ကြီးကိုပဲ စိတ်ပျက်စွာဆွဲယူလိုက်ပြီး

"ဘာလုပ်မလို့လဲ ဒါကြီး"

"စားဖို့ပေါ့.. လေရှူးမှာ ပိုက်ဆံမှ မရှိတော့တာ"

"ခရီးဆုံးနေပြီပဲကွာ၊ အိမ်ရောက်တော့မှပဲ မင်းက ဘယ် သွားမလို့လဲ"

"တပ်ရင်းထဲကို"

"ဘာသွားလုပ်မှာလဲ"

"ကိုကြီးဆီလာတာ"

"ဘယ်သူလဲ"

"ဗိုလ်မှူးနေမြင့်ခေါင်"

သူ ဦးဆောင်၍ စားသောက်ဆိုင်ထဲလှမ်းဝင်သွားကာ လေရှူးကိုပါ နေရာပေးသည်။

"မင်း အိမ်ကပြေးလာတာမဟုတ်လား"

"မဟုတ်ပါဘူး"

လေရှူးက သူမ မလိမ့်တစ်ပတ်ပြေးထွက်လာပုံကို ဝန်ခံ လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးလဲ အဲဒါ"

ဆူသလို ပြောကာ

"မင်း ဘာစားမလဲ"

"ဘာမှ မစားဘူး"

"ဘာလို့မစားရမှာလဲ၊ ညကလည်း ဘာမှ မစားဘူး ဟုတ်လား"

"မုန့်တွေစားထားတယ်"

"သိတယ်၊ တစ်ညလုံး ချိုးချိုးချွတ်ချွတ်နဲ့ နားတောင် ငြီးတယ်၊ ထမင်းနဲ့ သွားရည်စာက တူတာမဟုတ်ဘူး"

ဟုပြောကာ ကြက်သားနှင့်ထမင်းကြော်နှစ်ပွဲလှမ်းမှာ သည်။ လေရှူး တစ်ချက်မှ မပြုံးရယ်ခဲ့သေးပါ။

တစ်လမ်းလုံး မာနတွေကြီးကာ မခေါ်မပြောနေခဲ့ကြပြီး လမ်းဆုံးတော့မှ ဝတ္တရားကျေရုံလေး ဆက်ဆံပြတာကို ဘယ် လိုမှ မကျေနပ်နိုင်ပေ။

နို့မို့ဆို·· လေရှူး လုံးဝ ခေါ်ပြောမိမှာမဟုတ်ပါ။

ခုတော့ ကိုယ့်မှာ သောကတွေနှင့်··

လေရှူး အမူအယာကို သက်တန့်ကလည်းသိသည်။

သူလွှန်ခဲ့တာကိုလည်းသိနေသည်။

ဒါပေမယ့် ဘာဆိုင်လို့လဲ··· ဒီလိုနေသင့်ကြတာပဲ ဟုတ်ဘူးလား··

အစကတည်းက မိန်းဆို ဘာအကြောင်းကြောင့်မှ ခေါင်း ဆောင်မကြည့်ခဲ့တဲ့ကိုယ်···

လေရှူးဆိုတဲ့ ကောင်မလေးဟာ မုန်တိုင်းထက် ကြောက်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းပါလားလို့ ခံယူထားကာမှ…

"ဟိတ်..စားလေ…"

"မစားချင်ပါဘူးလို့ လေရှူးပြောထားတာပဲ"

"မှာထားပြီးမှ မစားချင်လို့ရမလား၊ ဘာလဲ အကြိုက်မတွေ့လို့လား၊ မုန့်ဟင်းခါးစားမလား၊ လက်ဖက်ရည်သောက်မလား"

ဘာကြောင့်မှန်းမသိဘဲ လေရှူး မျက်ရည်စို့လာသည်။ သူ့ကိုဖျတ်ခနဲမော့ကြည့်မိကာ

"ဘာမှ မစားဘူး၊ လေရှူးသွားတော့မယ်"

သေတ္တာကပျောက်… ကိုကြီးဆီရောက်အောင်လည်း မသွားတတ်တာကြောင့် သူ့ကိုခေါ်ပြောဆက်ဆံဖို့ အားတင်းခဲ့ပေမယ့် မာနက ခေါင်းခါဖို့ပဲ တိုက်တွန်းနေသည်မို့ နေရာကထဖြစ်လေသည်။

"နေဦးလေ..တပ်ထဲကို မင်းတစ်ယောက်တည်းသွားမလို့လား.."

"တစ်ယောက်တည်းလာတာပဲ"

"မင်းကိုယ့်ကိုရွဲ့မနေနဲ့၊ မင်းအစ်ကိုနဲ့မင်း ချိန်းထားသလား"

လေရှူး ဘာမှမပြောဘဲ မျက်နှာလွှဲပစ်၏။

"သူ ဟိုမှာရှိနေဖို့ သေချာသလား၊ သူမရှိရင် မင်းဘယ်လိုလုပ်မလဲ"

"ပြန်မှာပေါ့.."

လေရှူးဒါပဲပြော၍ အတင်းထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ စားသောက်ပွဲတွေ တန်းလန်းနှင့် ရုပ်ပျက်ဆင်းပျက်လိုက်မသွားချင်တာကြောင့်နေရာမှာပဲ ပြန်ထိုင်လိုက်ရသည်။ အဲဒါကြောင့် မုန်တိုင်းထကဆိုးတယ်ပြောတာ…။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"တာဝန်နဲ့ မိုးကောင်းဘက်ကိုသွားတယ်ညီမ"

"ဟုတ်ရဲ့လား အစ်ကိုရယ်၊ ဗိုလ်မှူးနေမြင့်ခေါင်လေ"

"ဟုတ်ပါတယ်၊ ကိုယ်ပိုင်နံပါတ်တွေနဲ့ပဲဟာ၊ မှားစရာ မရှိပါဘူး..၊ ညီမလေး ဗိုလ်မှူးဆီလာတာဆိုရင် သူ့ညီမဆိုတဲ့ အကြောင်း၊ ခရီးဝေးကနေ အလည်လာတဲ့အကြောင်း တပ်ရင်းမှူးဆီ အကျိုးအကြောင်းဝင်ပြောပါလား"

လေရှူး ခေါင်းခါလိုက်သည်။

သွားပြီဆိုထားသောကြောင့် ခေါင်းက ချက်ချင်းကိုက်တတ်လာသည်။ ထွက်လာတုန်းက ဒီလိုများဖြစ်ခဲ့ရင်ဆိုတာမျိုး လားလားမှ မတွေးမိခဲ့ပါ။

ကိုယ့်အစ်ကိုဆီသွားတာပဲဆိုသော သတ္တိတွေရှိနေခဲ့၏။ ဘောင်းဘီရှည်အဖြူ၊ ခေါင်းစွပ်ဆွယ်တာဖြူစွတ်စွတ်လေးနှင့် လေရှူးပုံစံလေးက ဘယ်ကကြည့်ကြည့် ထင်းနေသည်။

အချိုးကျ ပေါ်လွင်နေသော ကိုယ်လုံးလေးကြောင့် ယောက်ျားအတော်များများ သတိထားကြည့်ကြသည်။

ဘေးအိတ်ထဲမှာ အလွယ်သုံးဖို့ထည့်ထားသော ငွေလေး



www.burmeseclassic.com

www.burmeseclassic.com



သုံးထောင်လောက်ပဲရှိတော့တာမို့ ပြန်ဖို့စားဖို့စရိတ်အတွက် ကြံဖန်ဦးမည်။

လမ်းဘေးက မုန့်ဟင်းခါးဆိုင်လေးထဲဝင် မုန့်တစ်ပွဲစားရင်း လည်ပင်းက ဆွဲကြိုးလေးကို စမ်းကြည့်လိုက်မိ၏။

နဂိုကတည်းက လက်ဝတ်လက်စားဝတ်တာကို သိပ်ဝါသနာမပါ၊ လက်စွပ်၊ နားကပ်ကအစ ဘာကိုမှမဝတ်ခဲ့တာဖြစ်သည်။

ဒီဆွဲကြိုးလေးကိုသာ မေမေအမြဲဆွဲခဲ့တဲ့ဆွဲကြိုး ဟုဆို၍ နေ့တိုင်း ဆွဲပေးထားခဲ့သဖြင့် မြဲနေတာဖြစ်သည်။

ဆွဲကြိုးပုံက မဆန်းပါ။

အမ်စီကြိုးပြားလေးနှင့် အသည်းပုံစိန်လော့ကတ်လေး တပ်ထားသည်။ ဘယ်လောက်တန်မှန်းမသိသော်လည်း စရိတ်အတွက်တော့ လောက်နိုင်ပေမည်။

ဒါပေမယ့် မေမေ့ပစ္စည်းလေးမို့ လေရှူးရောင်းပစ်ရမှာ ဝမ်းနည်းနေမိသည်။

ဆွဲကြိုးလေးကို ဆုပ်စမ်းနေရင်း ငေးငိုင်နေမိ၏။

ပြီးတော့ ဘယ်မှာသွားရောင်းမလဲ..

ကိုယ့်မှာက ကလေးချွေးမပါ၊ အိတ်လေးတစ်လုံးတစ်လေမှ ဆွဲဖို့မရှိ၊ မျက်နှာစိမ်းတဲ့နေရာမှာ ခြေလွတ်လက်လွတ်ကြီး လျှောက်သွားနေလျှင် လူတွေသတိထားကြတော့မည်။

ရှေ့မှာ မုန့်ပွဲက အေးစက်နေပြီ။

လေရှူး ငိုင်နေမိဆဲပါ။

သက်တန့်ကို သတိရလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် လေရှူး မှားပြီဟူသော နောင်တမျိုးမဖြစ်မိပေ။

လုပ်ခဲ့ပြီးမှ နောင်တမရကြေးဟု ကိုယ့်စိတ်ကိုတင်းထားပြီး မုန့်ကိုတစ်ဖွန်းနှစ်ဖွန်းသာ စားပြီးဈေးရှိရာကိုမေး၍ ထွက်လာခဲ့သည်။

သူမကို သတိထားမိ၍ နားလည်စွာ မျက်စပစ်နေသော လူသုံးယောက်ကို လေရှူးမသိခဲ့ပေ။

လမ်းမသိတော့ ဘယ်တွေဘယ်လိုရောက်နေမှန်းလည်း မသိ၊ အိမ်ခြေကျဲပါးကာ သစ်ခြုံတွေပေါသော လမ်းသွယ်လေးကိုဖြတ်မှ ဈေးကရှေ့မှာရှိပါ့မလားဟု တွေးမိကာ ပတ်ဝန်းကျင်ကို သတိထားမိလာ၏။

ထိုအခါကျမှ နောက်လှည့်ကြည့်မိ၏။

"ဟင်…"

စပ်ဖြဲဖြဲ မချိုမချဉ်နှင့် ခပ်သုတ်သုတ်လျှောက်လာကြသည့် လူသုံးယောက်… မကြောက်တတ်သည့်စိတ်ဟာ 'အရက်' ဆိုတာကို သတိရကာ မျက်လုံးတွေပြာဝေသွားလောက်အောင် ဖြစ်သွားခဲ့မိ၏။

ပတ်ဝန်းကျင်သည် သူလူကင်းရှင်းလျက်…

"ဟိတ်…ညီမလေး…ဘယ်ကလဲဟင်"

"ဒုက္ခရောက်နေတယ်မဟုတ်လား၊ တို့ကူညီမယ်လေ"

"တစ်ယောက်တည်းမို့ သနားလို့ပါကွာ"

သံစုံမြည်၍ သူမကို ဝိုင်းလိုက်ကြ၏။

"လှလိုက်တာကွ၊ မန္တလေးသူလား၊ ရန်ကုန်သူလား။



www.burmeseclassic.com

www.burmeseclassic.com



ဟိတ်ကောင်တွေ ချစ်စရာမကောင်းဘူးကွာ"

"သိပ်ကောင်း.."

"ထိရက်ဖွယ် မရှိပေါ့ဗျာ.."

လေရှူး ပတ်ဝန်းကျင်ကိုအကူအညီရှာရင်းနောက်ဆုတ်သည်။ သူတို့က ရှေ့တိုးလာ၏။

လမ်းက ထောင့်ချိုးဖြစ်သွားတာကြောင့် ပတ်လည်မှာခြံတွေဝိုင်းထားသလိုဖြစ်သွားလေသည်။

"အချိန်သိပ်မဆွဲနဲ့ကွာ၊ ကြာတယ်.."

"ညီမလေး လိုက်ခဲ့နော်၊ အစ်တို့ကို့က အစအဆုံးကူညီမှာပါ၊ ဟဲ..ဟဲ.."

"အို..."

လက်ကိုလှမ်းဆွဲသဖြင့် လေရှူး ဆတ်ခနဲခါချပစ်ကာနောက်ထပ်ဆုတ်၏။

"ညီမလေးကလည်းကွာ၊ ကိုယ်လည်း အားကိုးမဲ့နေတဲ့ဥစ္စာ၊ အမိုက်ခံပြီး ငြင်းမနေပါနဲ့၊ လာစမ်းပါ"

"ဟိတ်ကောင်တွေ ဖွတ်မလုပ်နဲ့"

"ဘာဖြစ်လဲကွာ၊ ခြံထဲသာဆွဲသွင်း"

သူတို့ချင်း ညှိနှိုင်းကြသည်ကိုကြားကာ လေရှူး သွေးများခြောက်ခြားသွား၏။

တစ်ယောက်က လည်ပင်းက ဆွဲကြိုးကို အာသာငမ်းငမ်းကြည့်၍

"ငါကတော့ ဒါပဲယူမယ်၊ ကျန်တာမင်းတို့ယူ"

ဟုဆိုကာ ဆွဲကြိုးကိုလှမ်းကိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆွဲကြိုးကို သူဆုပ်မိလိုက်သည်နှင့် သူ့လက်ပေါ်မှာ နဝရတ်လက်စွပ်ဝတ်ထားသောလက်တစ်ဖက်က ဖတ်ခနဲ ဆုပ်ကိုင်လျက်··

"ဆွဲကြိုးကို ပြန်လွှတ်လိုက်ပါ"

အမိန့်သံက သြဇာသံအပြည့်

သူသည် အမိန့်ကိုနာခံတာမဟုတ်သော်လည်း ဆုပ်ညှစ်ခံလိုက်ရသည့်လက်က အသည်းခိုက်မျှ နာကျင်ကာ အလိုလိုလွှတ်ဗိုက်ပြီးသားဖြစ်သွားခဲ့၏။

"ဟိတ်ကောင်··မင်း ငါတို့လူကိုလွှတ်လိုက်စမ်း"

ရုတ်တရက် ရောက်လာသော သက်တန့်ကို သူတို့ မသိပေမယ့် မျက်နှာကို မြင်သည်နှင့်ရှိန်ကာ ချက်ချင်းပြေးမရိုက်ရဲဘဲ ဖြစ်ကုန်ကြသည်။

"အား···လွှတ်···လွှတ်ပါ··"

ဆွဲကြိုးကိုလွှတ်လိုက်ကြောင်း လက်ချောင်းတွေကို လှုပ်ပြ၍ ရှုံ့မဲ့ညည်းမှသာ ထိုသူနှာခေါင်းရိုးကို အနီးကပ်ပင့်ထိုးပစ်လိုက်၏။

"ခွပ်···"

"အား···"

တစ်ချက်တည်း လန်ကျသွားတာ ပြန်ထမလာတော့ပေ။

"ဟိတ်"

တစ်ယောက်က ခြေထောက်နဲ့ပြေးကန်၏။

တစ်ယောက်က တုတ်ကိုင်ပြေးလာလေသည်။

သက်တန့် တုတ်အောက်ကို ကိုယ်ရှိုဝင်၍ တုတ်ကိုဆွဲလု



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

လက်ပြန်ရိုက်ချက် ဖောင်းခနဲမိကာ တုတ်သံမား စိုက်ဆင်းသွား၏။ တစ်ယောက်က ထွက်ပြေးလေသည်။

သက်တန့် လက်ထဲက တုတ်ကို တစ်ချက်ဆ၍ ဒိုခနဲ ပစ်လွှတ်လိုက်၏။

"ဒုတ်…"

"အင့်…"

ခေါက်ပိုးကို တိတိကျကျ ထိကာ ဘိုင်းခနဲမှောက်လဲသွားသည်။ သုံးယောက်လုံး ထမလာနိုင်တော့ပေ။

သူ လေရှူးကို လှမ်းကြည့်၏။

လေရှူးသည် ရှိုက်ငင်ခြင်းမရှိဘဲ ပါးပြင်ထက်မှာ မျက်ရည်တွေ ကျလျက်…

အနားလျှောက်သွားကာ လက်ဖဝါးလေးကိုဆွဲယူလိုက်၏။

အေးစက်စေးထန်းနေသော အထိအတွေ့ကြောင့် သူ သနားသွားမိသည်။ ဆွဲခေါ်လာတော့လည်း ခေါ်တဲ့နောက်ကိုပါလာသည်။

လေရှူးသည် အိပ်မက်ထဲမှာ လမ်းလျှောက်နေတဲ့ အတိုင်း…။

a j b



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ရှော့..ဒီစာကိုယူသွား၊ အဲဒီသုံးယောက်ကို ရဲစခန်းကို သွားပို့၊ ဒီစာပေးလိုက်၊ မင်းကို ဘာမှ အစစ်အဆေး မရှိစေရဘူး"

"ဟုတ်...ဟုတ်ကဲ့ဆရာ"

ဘုံပြတ်သမားက ရဲစခန်းဆိုတာကို လန့်သလိုဖြစ်သွား ပေမယ့် သက်တန့်ကိုကြည့်၍ ယုံကြည်သလိုလည်းဖြစ်ကာ မေ့ မျောနေသူတွေကို ဘုံပြတ်ပေါ်တင်သည်။

သက်တန့်ကိုယ်တိုင် သေချာတင်ပေး၍ စာကို ဘုံပြတ် သမား လက်ထဲ ထည့်ပေးလိုက်၏။

"ညနေသုံးနာရီ ဒီစာပေးတဲ့သူလာမယ်လို့ပြောလိုက်"

စာနဲ့အတူ ဘုံပြတ်ခပေါ ထည့်ပေးလိုက်တာမို့ ဘုံပြတ် သမား သွက်လက်စွာထွက်သွားလေသည်။

သက်တန့်က လေရှူးကို ငုံ့ကြည့်ကာ ဆိုင်ကယ်ထားခဲ့ သည့် နေရာကိုမေးဆတ်ပြ၏။

"ကိုယ်တို့အိမ်ပဲ သွားကြတာပေါ့"

လေရှူးကဆိုင်ကယ်ကိုလှမ်းကြည့်၍ စကားတစ်လုံးမှ မပြော..။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ပျဉ်ထောင်အိမ်လေးက သေးပေမယ့် နှစ်ဆောင်တွဲဖြစ်ကာ အကျယ်ကြီးလည်းမဟုတ်ဘဲ နေချင်စရာလေး၏။

ခြံကျယ်ကြီးလည်းမဟုတ်၊ ပန်းခြံလည်းမဟုတ်၊ ခြံသည် အသင့်အတင့်အကျယ်အဝန်းရှိကာ ခရေပင်များနှင့် သီးပင်ကြီးများသာ အများဆုံးရှိ၏။

ပြီးတော့ သနပ်ခါးပင်တွေ တန်းစီလျက်..

"ဟိတ်...ဘာတွေကြည့်နေတာလဲ 'လာလေ"

လေရှူး အိမ်ပေါ်တက်လာခဲ့၏။

အခန်းဖွဲ့သိပ်မရှိဘဲ တစ်အိမ်လုံး ရှင်းလင်းပြောင်လက်။ ပရိဘောဂပစ္စည်းကလည်း စားပွဲ၊ ကုလားထိုင်၊ ပန်းကာလောက်သာရှိကာ ကျန်တာဘာမှမရှိ။

"ဒါ ကိုယ့်အတွက် ပြင်ပေးထားတာတဲ့၊ တီဗီ အောက်ကတော့ ညနေကျမှ လာပို့ကြလိမ့်မယ်၊ ခွင့်က နှစ်လပဲရခဏဖြစ်သလိုပေါ့၊ နေမှာက ကိုယ်တစ်ယောက်တည်းပဲ၊ နေဝံ့ရဲ့လား"

"မနေဝံ့လည်း လေရှူးမှာ သွားစရာမှမရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



လေရှုးလေသံကြောင့် သူကပြုံး၍
"မင်း‥ကိုယ့်ကို မကျေနပ်သေးဘူးလား"
"ခင်ဗျားက လေရှူးရဲ့ ကယ်တင်ရှင်ပဲ"
သက်တန့် ဟက်ခနဲရယ်ကာ
"မတင်ချင်လည်း မတင်ပါနဲ့ကွာ၊ တကယ်ကျေးဇူးတင်တာ မဟုတ်ဘဲနဲ့"
လေရှူး ရပ်နေတဲ့ ပြတင်းပေါက်နား သူလျှောက်လာပြီး
"မင်းအစ်ကို မရှိဘူးမဟုတ်လား"
"ဟုတ်တယ်‥"
"ဒါဆို မင်းပြန်ဖို့ ကိုယ်စီစဉ်ပေးမယ်၊ လောလောဆယ်တော့ သောကတွေခဏမေ့ထားပြီး ထမင်းစားဖို့လုပ်ရအောင်၊ နောက်ဖေးမှာ အိုးခွက်ပန်းကန်ရော၊ အသားငါး၊ သီးနှံအားလုံးအဆင်သင့်ထည့်ပေးထားတယ်၊ သွားချက်ရမယ်၊ ဒီနားက ရန်ကုန်လို အလွယ်တကူ သွားမြေးဝယ်လို့မရဘူး၊ မနက်တစ်ခါ ညတစ်ခါ ထမင်းထွက်စားတာလည်း ကြာရှည်မကောင်းဘူး၊ ဒါပေမယ့် သူတို့ပို့ပေးမယ်လို့ပြောတယ်၊ ကိုယ်က သူများကိုဒုက္ခမပေးချင်တာ၊ မင်းထမင်းဟင်းချက်တတ်လား"
"ချက်တတ်ပါတယ်"
အပျိုကြီး အဒေါ်တွေနဲ့ နေလာခဲ့တာ အချက်အပြုတ်မတတ်ဘဲ နေပါ့မလား‥
အချုပ်အလုပ်‥ ဇာထိုး၊ ပန်းထိုးကအစ အမှုန်သင်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလာ‥ ကိုယ်လိုက်ပြမယ်"

မီးဖိုချောင်ထဲ အ တူဝင်လာစဉ် သက်တန့်က လေရှူး လက်ကလေးကိုဆွဲထားသည်။

"နေဦးကွ‥ နှစ်ယောက်တည်းနေရမှာ မင်းမျက်နှာ အဲလို စူပုတ်ပုတ်ကြီးဖြစ်နေတာ မကောင်းဘူး၊ ကိုယ့်ကို ဘာ မကျေနပ်တာလဲပြော‥"

"လေရှူး‥ခုပဲပြန်ချင်တယ်"

"ပြန်ရမယ်လေ၊ တစ်ရက်နှစ်ရက်တော့‥"

"ဟင့်အင်း…"

"ခရီးက နီးတာမဟုတ်ဘူး၊ မင်းအရမ်းပင်ပန်းသွား မှာပေါ့၊ ပြီးတော့ မင်းအစ်ကို ပြန်လာမယ့်ရက်ကို ကိုယ်သွား မေးပေးမယ်၊ နှစ်ရက် သုံးရက်အတွင်း ရောက်လာမယ်ဆိုရင် ဒီကနေ စောင့်နေလိုက်ပေါ့‥"

"လေရှူး‥ခင်ဗျားဆီမှာ မနေချင်တာ‥"

သူ အံ့ဩသလိုဖြစ်သွားကာ

"ဘာဖြစ်လို့လဲ"

"ဒီမှာ‥ကျွန်မ ဒီယောက်ျားကိုခံစားမယ့်ဘူး၊ မျက်နှာ မပြောင်ဘူး၊ ခင်ဗျား ဟန်ဆောင်ခေါ်ပြောနေတာကို သိတယ်"

"ဘာ‥ဘယ်လို"

လေရှူးကို သူငုံ့ကြည့်လာသည်။

"ကိုယ်ဘက်က ဟန်ဆောင်ခေါ်ပြောရလောက်အောင် ခင်းနဲ့ကိုယ် ငွေညာစရာ အားနာရလောက်အောင် ဘာမှမရှိဘူးလေ၊ ဉီးစားကြည့်ပါဦး၊ မင်းကိုကိုယ် လုံးဝလှည့်မကြည့်ဘဲနေလို့



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်၊ ဘာမှမှမဆိုင်တာ၊ ဒါပေမယ့် ကိုယ်မင်းကို ပစ်မထား ရက်တာ ဟန်ဆောင်မှု လုံးဝမရှိဘူး၊ အဲဒါ မယုံဘူးလား"

လေရှူး··မျက်ရည်တွေ ဝိုင်းလာသည်။

ဟုတ်ပါသည်။

သူနဲ့ကိုယ် ဘာဆိုင်လို့လဲ··

'ကိုယ်ပဲဖွတ်ဆိုင်ချင်နေမိတာကို သူက ထုတ်ပြနေသည့်နှယ်··

"ကိုယ့်မှာ တာဝန်ပြီးရင် တာဝန်ပဲ၊ ကိုယ့်အတွက် အချိန်ပိုဆိုတာမရှိဘူး၊ တာဝန်ကလွဲပြီး ဘာမှကို စိတ်မဝင်စား ခဲ့တာ အမှန်ပဲ၊ ရှားရှားပါးပါး ဒီနှစ်လပဲ နားခွင့်ရဖူးသေးတာ၊ အထူးသဖြင့် တာဝန်တွေနဲ့ လုံးထွေးနေရတဲ့ ကိုယ့်ရဲ့အချိန်တွေကို မိန်းမနဲ့ပတ်သက်ပြီး ကိုယ်ဘယ်တုန်းကမှ အချိန်မဖြုန်းခဲ့ဖူးဘူး"

သူ··လေရှူး ပခုံးနှစ်ဖက်ကို ဖျတ်ခနဲဆုပ်ကိုင်၍

"အခု··မင်းနဲ့ပတ်သက်ခဲ့တာ ပထမဆုံးပဲ"

သူ ဆွဲလှုပ်လိုက်တော့ လေရှူး မျက်ရည်စက်လေး လွင့် စင်ကျသွားသည်။

"မင်း သွက်ခဲ့တုန်းကတော့ လက်လန်အောင်ပဲ ဆိုး လိုက်တာလည်း မျောက်လွှဲကျော်လေးကျနေတာပဲ၊ ခုကျမှ ဒီပုံစံ လုပ်မနေနဲ့၊ ကိုယ်အသည်းယားတယ်"

"ယား··သေလိုက်ပေါ့··"

လေရှူး သူ့ကိုပုတ်ထုတ်၍ မျက်ရည်ပေါက်ပေါက်ကျ လာသည်။ စိတ်ကတော့ ပြေနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ငိုချင်တာက ငိုချင်တာပဲဖြစ်သည်။

ကိုယ်ဟာ ဒီလောက်ပျော့ညံ့တတ်မှန်း အစကမသိခဲ့ပါ။

သက်တန့်က နားလည်စွာ ပင့်သက်ရှိုက်၍

"မျက်ရည်ကျတာ ကိုယ်မကြိုက်ဘူး၊ မိန်းမလည်း ပျော့ညံ့တာ မကောင်းဘူး၊ မျက်ရည်သုတ်ပစ်၊ နောက်မငိုရဘူးကြားလား"

ခေါင်းမညိတ်မိတော့ သူ့ကိုဆန့်ကျင်လိုသေးသည့် စိတ်လေး ရှိနေသေးသောကြောင့်....။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဩော်·· သူ မင်းညီမလား"

"ဟုတ်ကဲ့ဆရာသော်၊ ညီမဝမ်းကွဲပါ၊ သူ့မိဘတွေ မသိအောင် ကျွန်တော့်နောက် ခိုးလိုက်လာတာလေ၊ သူ့ကိုပြန်ပို့ဖို့ စီစဉ်ရဦးမှာ"

"သူနေချင်လို့လိုက်လာတာပဲကွာ၊ နေပါစေ··· ကျုပ်သမီးတွေလည်း ရှိတာပဲ"

"အဖေ···ညီမလေးက ချစ်စရာလေးနော်"

"ဟုတ်တယ်··အစ်ကိုနဲ့လည်းဆင်တယ်··"

နယ်ထိန်းကြီးနဲ့ သူ့သမီးတွေက လေရှူးကိုမြင်မြင်ချင်းပဲ ခင်မင်သွားကြတာဖြစ်၏။ တစ်ယောက်ကလက်ကိုလှမ်းဆွဲ၏။

"ချစ်ဖို့ကောင်းတာ အရမ်းပဲ၊ လှလည်းလှတယ်၊ ညီမလေး နာမည်က ဘယ်သူလဲဟင်··"

"လေရှူးပါ··"

"အယ်·· စုံထောက်မှူခင်းတွေရေးတဲ့ လေရှူးခိုက်နဲ့ သွားတူနေတယ်နော်··"

"အဲဒါ သူပဲလေ··"

"ဟယ်···တကယ်··"

အငယ်မ အိသူဇာက ထိုင်နေရာမှ ဖျတ်ခနဲ ထရပ်



www.burmeseclassic.com

www.burmeseclassic.com



ည်။

"လေရူးခိုက်ကို အိ သိပ်ကြိုက်တာ.."

"ကဲ..သွားကြ၊ သမီးတို့ စကားပြောကြ၊ အဖေတို့ နွေးစရာရှိတယ်.."

ဆွေးနွေးစရာဆို၍ သက်တန့်ခေါင်းကြီးသွားသည်။

သူ့အနားယူခွင့်ရတော့မည်မထင်..

"ဘာလို့အပ်သေးလဲ သက်တန့်၊ ကျုပ်က ရန်ကုန်လာ င်းနဲ့ ခင်လာတာ၊ မင်းက ဒီကိုညွှန်သည်လာလုပ်ဖူးတာ တ်ဘူး၊ လိုအပ်တာပြော၊ အစက ကျုပ်တို့ကို တစ်ယောက် ာမယ်လို့ အထက်က အကြောင်းကြားလိုက်တာကိုး၊ ယောက်အတွက်ပဲ ပြင်ထားတာလေ၊ အခု ညီမလေးပါ ာတော့ လိုအပ်တာရှိမှာပေါ့.."

ရဲဘော်လေးနှစ်ယောက်က တီဗီနဲ့အောက်စက်ကို နေရာ ျ ပြင်ဆင်ပေးကြသည်။

ဒီအိမ်လေးက ဝန်ထမ်းအိမ်ယာလေးဖြစ်သည်။

အရာရှိတွေ ခဏတဖြုတ် အနားယူဖို့ သီးသန့်ဆောက် ာ ဖြစ်သည်။ လူမနေတဲ့အခါ ပစ္စည်းဘာမှမထားပေ။

ဗဟိုဌာနချုပ်မှ အရာရှိတစ်ဦးဦးရောက်လာတော့မည့် ကြောင်းကြားချက်ရှိမှသာ ပြင်ဆင်ပေးရတာဖြစ်၏။

"ဖုန်းလိုသေးလား.."

"ဟာ..မလိုပါဘူး၊ ကျွန်တော်က ညွှန်သည်ပဲ၊ ဘယ်မှ ်စရာမှမရှိတာ"

"ဆက်စရာမရှိလည်း စခန်းကိုဆက်လို့ရပါတယ်ဗျာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်··ဟား··ဟား··"

နဖူးကြောတွန့်နေသော သက်တန့်ကို အကဲခတ်မိသဖြင့် နယ်ထိန်းကြီးက ရယ်ရင်းပြောသည်။

"မူးယစ်ဆေးဝါးမှုနဲ့ မှုခင်းထောက်လှမ်းရေးအရာရှိကြီးရောက်လာမယ်ဆိုကတည်းက ကျုပ်တို့က ဝမ်းသာနေတာ"

"လုပ်ပြီး နယ်ထိန်းကြီးက···"

"စိတ်တော့ မညစ်လိုက်ပါနဲ့ကွာ၊ ဒီဘက်မှာလည်း ခက်ခဲနေတာတွေ အများကြီးရှိလို့ ကယ်တင်ရှင်မျှော်နေတာပါ"

သက်တန့်က စီးကရက် မီးညှိပြီး မီးခြစ်ကိုစားပွဲပေါ် ချလိုက်၍

"သိတယ်၊ ချုပ်ကြီးက ကျွန်တော်အနားယူခွင့်ရတော့ ဗန်းမော်ကိုသွားဆိုကတည်းက နားလည်နေတာ··"

"ဗန်းမော်မှာက အေးချမ်းပါတယ်၊ ဒီပြင်အပိုင်းတွေမှာ ခက်နေတာ··"

"အစ်ကိုရေ·· ညနေ သူဇာတို့ရေသွားကူးရင် လေးလေးကိုခေါ်သွားမယ်နော်··"

"ဟာ···မလုပ်နဲ့···သူ မကူးတတ်ဘူး"

"ဟင်···လေးရှူးကပြောတော့ ကူးတတ်တယ်တဲ့"

"သူကူးတတ်တာ ရေကူးကန်၊ မြစ်ကိုသူမြင်ဖူးတာမှ မဟုတ်တာ၊ မြစ်ရေက ရေရှင်၊ ရေသေနဲ့ရေရှင်က တူတာ မဟုတ်ဘူး၊ ပြီးတော့ သူက လုပ်ချင်ပြီဆို ကြောက်တတ်တာ တတ်တာမဟုတ်ဖူး"

"သူ မလွတ်ချင်လို့ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



လေရှူး နှုတ်ခမ်းစူသွားတာကို သက်တန့် ဂရုမစိုက်ပေ။

"ခေါ်မသွားနဲ့နော်ညီမ၊ မင်းတို့တာဝန်ပိုများစိုးလို့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူ့နှမအကြောင်း သူသိလို့ပြောနေတာ၊ မခေါ်ကြနဲ့၊ ရေရှင်နဲ့ရေသေကလည်း တူတာမဟုတ်ဘူး"

ထိုနည်းအားဖြင့် လေရှူးကျန်ခဲ့ပါလေသည်။

အခန်းက နှစ်ခန်းမို့ မိန်းကလေးအိပ်ဖို့အတွက် သူတို့ပြင်ဆင်ပေးထားကြတဲ့အခန်းထဲ လေရှူးနေလိုက်၏။

"လေရှူး··"

"ဘာလဲ··"

"ဟာ···ထူးပုံယဉ်ကျေးလှချည်လား၊ ဘာလုပ်နေလဲ၊ ခြံထဲမှာလမ်းလျှောက်ရအောင် ထွက်ခဲ့"

"မလျှောက်တော့ဘူး"

"ဒါဆိုပြီးရော၊ ကိုယ်အပြင်သွားမလို့ နေရဲရဲ့လား"

"နေရဲတယ်··"

ပြောပြီးမှ လေရှူး ကပျာကယာတံခါးဖွင့်ထွက်လာကာ

"လေရှူးလည်းလိုက်မယ်"

"မလိုက်နဲ့"

သက်တန့်က လှည့်မကြည့်ဘဲပြောသည်။

"သက်သက် လျှောက်လည်မလို့မဟုတ်လား၊ ဘာဖြစ်လို့မခေါ်တာလဲ"

"လျှောက်လည်မလို့မဟုတ်ဘူး၊ ဝင်စရာရှိသေးတယ်"

"လေရှူးပါ လိုက်ဝင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး၊ ကိုယ်မိုးမချုပ်ခင်ပြန်လာမယ်"

"အဲဒါဆို ခင်ဗျားပါ မသွားနဲ့၊ စောစောကပြောတော့ ခြံထဲမှာ လမ်းလျှောက်မလို့တဲ့၊ သူများကိုခေါ်လို့ရသားနဲ့"

သက်တန့်ကအိမ်ပေါ်ကဆင်းသွားပြီးမှ သမင်လည်ပြန် ပြန်ကြည့်ကာ

"မင်းလျှောက်ချင်လို့လား၊ လာလေ။ ပြီးမှ ကိုယ်သွားမယ်"

"ကြည့်…"

လေရှူးဒေါသထွက်သွား၏။

"ခြံထဲမှာလျှောက်ဖို့၊ ဒီခြံကျဉ်းကျဉ်းလေးကို ခင်ဗျား ပါမှမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ်လျှောက်လို့ရတယ်"

"ဒါဆိုပြီးရောပေါ့၊ အစကတည်းက ဒီမှာလမ်းလျှောက် ပြီးမှ သွားဖို့ပါ"

"ဦးသက်"

ဦးတပ်ခေါ်တော့ နားထဲမှာကန့်လန့်ကြီး…

သို့သော် သူဘာမှမပြောဖြစ်ဘဲလှည့်ကြည့်လိုက်၏။

"လေရှူးလိုက်မယ်ဆိုမှ‥"

"လိုက်လို့မဖြစ်လို့ပါ ချာတိတ်ရာ၊ မင်းကလေး မဟုတ် ဘာမဟုတ်၊ တစ်ခွန်းပြောလည်းမရပါလား"

လေရှူး ချာခနဲ လှည့်ဝင်သွားသည်။

သူ့ဆိုင်ကယ်သံပျောက်သွားတဲ့အထိ အပြင်မထွက်ဘဲ နေလိုက်ကာ….။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ချာတိတ်..."

အိမ်ပေါ်လှမ်းတက် လိုက်ကတည်းက ခေါ်လိုက်မိသည်။ အထဲက မည်သည့်တုံ့ပြန်သံမှမကြားရ။

"လေရှူး.."

သူ ခြေလှမ်းမြန်သွားသည်။ လေရှူးအခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

ဘယ်သူမှမရှိ။

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။

ထင်ရာလုပ်တတ်တဲ့ကောင်မလေး...

အပြင်ကိုခေါ်မသွားလို့ စိတ်ကောက်ကျန်ခဲ့တာ..

"လေရှူး..."

အသံမြှင့်ခေါ်ကာ မီးဖိုချောင်ဘက်ရောက်လာခဲ့၏။

အစအနပင်မရှိ..

စားပွဲပေါ်မှာတော့ ညစာကို ဖွယ်ဖွယ်ရာရာပြင်ထားသည်။ မိုးမချုပ်သေးဘဲနှင့် မီးချောင်းတွေဖွင့်ထားကာ ဘယ်ထွက်သွားပါသနည်း။

"လေရှူး.."



www.burmeseclassic.com

www.burmeseclassic.com



"ဦးသက်ရေ..လေရှူး ဒီမှာ"

"ဟင်..."

အဝေးကအသံပါလား..

သူနောက်ဖေးတံခါးဆီ ခပ်သွက်သွက်လျှောက်သွား၍ ခြံထဲပြေးဆင်းခဲ့သည်။

"လေရှူး..မင်းဘယ်မှာလဲ"

"ဒီမှာ..မာလကာပင်ပေါ်မှာ.."

မာလကာပင်ဆိုတာ ဘယ်မှာမှန်းမသိတာကြောင့်မှောင်ရီဖြိုးဖျမှာ သက်တန့် ဘယ်အပင်ကို ကြည့်ရမှန်းမသိဘဲဖြစ်သွား၏။

"ခစ်...ခစ်...ခစ်..."

နောက်ထပ် ရယ်သံလေးထွက်လာမှ မာလကာပင်ကို သူတွေ့သည်။ မာလကာပင်က အပင်မြင့်ကာ အရွက်ဖားဖား ဖုံးအုပ်နေသဖြင့် ရုတ်တရက် သူမမြင်ခြင်းဖြစ်သည်။

"ဟိတ်...မင်း ညနေစောင်းကြီး အပင်ပေါ်ဘာတတ် လုပ်နေတာလဲ"

"အိမ်ပေါ်မှာဘယ်သူမှမ ရှိတာ"

"မရှိတော့ တစ်ယောက်တည်းနေပေါ့ကွ"

"လေရှူး ကြောက်လို့ပေါ့"

"ကြောက်ရအောင် မိုးမှမချုပ်သေးတာ"

"မိုးမချုပ်ပေမယ့် ဦးသက်ရဲ့အိမ်ကြီးက တံခါးဖွင့် တော့လည်း ကျွီ..အီအီ... ပိတ်တော့ ကျွီ...အီအီ.. ကိုင်ပြီး လှည့်ထွက်လာတာလည်း ကျွီ..သံကြီးက မကြိုးနိုင် မပျောက်

www.burmeseclassic.com



ိုင်···။

အပင်ပေါ်ကနေ လက်ရော ခေါင်းရော မျက်လုံး ပါးစပ် အစုံရှုံ့မဲ့ တွန့်ခါ၍ ကဲ့ရယ်နေပုံကို မော့ကြည့်ရင် သူပြုံးလိုက် သည်။

"လေကတိုက်တော့ ထမင်းဟင်းချက်ရတာ အိုးဖုံးတွေ ာ ဟိုကလှုပ်တုပ်တုပ် ဒီကလှုပ်တုပ်တုပ်·· တဂတ်ဂတ် အသံ ထွက်၊ လျှောကျသွားတာကရှိသေး၊ ဥမ်ခနဲ ဒေါက်ခနဲ သံစုံ ည်နေတာ သရဲတိုင်းပြည်ရောက်နေတာ ကျနေတာပဲ"

သူပဲ သရဲတိုင်းပြည်ရောက်ဖူးတဲ့အတိုင်း··

သက်တန့် မျက်နှာငုံ့၍ရယ်မိသည်။

"ကဲ··ဆင်းခဲ့ကွာ၊ ဒီလောက်အပင်အမြင့်ကြီးကို ဘယ်လိုလုပ်တက်သွားတာလဲ၊ မျောက်မလေး ကျနေတာပဲ"

လေရှူးက အပင်ပေါ်ကနေ လွှားခနဲ လွှားခနဲ ဆင်းချ ာ၏။

"ဟာ··မင်း ကိုယ့်ဟာတွေဝတ်ထားတယ်"

အစိမ်းနနစပို့ရှပ်လက်တိုက လေရှူးကိုယ်လုံးလေး ပေါ်မှာ ပွပွဖားဖားဖြစ်နေသည်။

စစ်စိမ်းရောင် ဘောင်းဘီပွပွကြီးကိုကျတော့ ဒူးဆစ်နား ခေါက်တင်ထားလျက် ဘယ်လိုတင်တင် ဖွပွကြီးပဲမို့ သစ် ်ပေါ်က ခုန်ချလာတာ လူလေးနဲ့မတူ။

လေရှူးနဲ့ပတ်သက်၍ သူ့မှာ ပြုံးမိရသည်ချည်းသာ။

"လေရှူးက ဦးသက်ဟာမဝတ်လို့ ဘာဝတ်ရမှာလဲ၊ နေ့ကတည်းက ဝတ်ထားတဲ့ဝတ်စုံက ချွေးစော်နံပြီး ယားနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ တကယ်ဆို အဝတ်လေးဘာလေး ဝယ်ပေးဖို့ ခေါ်ထုတ်သွားမယ် ဘာညာဆိုတာ မရှိဘူး"

"ရန်ကုန်လို ပလာဇာတွေ ဘာတွေပေါတယ်မှတ်လို့လား၊ ပြီးတော့ မင်းကို နေရာတကာခေါ်သွားဖို့က ကိုယ့်မှာ အခက်အခဲရှိတယ်.."

"အံမယ်..ဘာဖြစ်လို့လဲ"

"ပြောစကားဆိုစကား နားမထောင်လို့ပေါ့၊ ပြီးတော့ ကိုယ်က ညီမလို့ပြောထားတာ၊ မင်းက ဦးသက်လို့ခေါ်တော့ တွေးစရာတွေ ဖြစ်ကုန်မှာပေါ့"

"ဒါဆိုပြောင်းခေါ်မယ်လေ..ဘယ်လိုခေါ်ရမလဲ"

အပြင်ကိုတော့ တော်တော်လိုက်ချင်ရှာသားဟု တွေးမိကာ သနားသွားမိ၏။

"ကိုကြီးဖြစ်ဖြစ်ခေါ်ပေါ့"

"ကိုကြီးက လေရှူးကိုကြီးပဲဟာ၊ ရှုပ်ကုန်မှာပေါ့"

"ဟုတ်တယ်၊ အဲဒီအတိုင်းပဲခေါ်၊ လူလာတော့ နောက်ဆုတ်ရတာပေါ့.."

"မရဘူး၊ မဆုတ်ဘူး၊ အခု ဦးသက်မရှိရင် လေရှူးမနေရဲဘူးနော်၊ နောက်တစ်ခါ မိုးချုပ်ခါနီးအပြင်သွားကြည့်"

"အပင်ပေါ်တက်နေဦးမလို့လား"

"နေစရာလား.. ဖွတ်လိုက်မှာပေါ့"

သာလီကာလေး တစ်ကောင်ထက်ပိုသွက်တဲ့ကောင်မလေး။

သူ့ လေရှူးခေါင်းလေးကို လက်သီးဆုပ်နဲ့ ဝိတ်ထု၍



www.burmeseclassic.com

www.burmeseclassic.com



ရယ်သည်။

"မှတ်ထား··အိမ်တွေမှာ သရဲမရှိဘူး၊ အပင်တွေမှာပဲ နေတာ··"

"နေပေ့စေ··· အပင်ပေါ်ကကျတော့ ပတ်ဝန်းကျင်က ရှင်းနေတယ်၊ မကြောက်ပါဘူး၊ အိမ်ထဲမှာက အကာအရံကြီး ထဲမှာ ချောင်ပိတ်နေရသလိုပဲ···"

"မင်းအစ်ကိုဆီ ကိုယ်သွားတယ်"

သူတို့အိမ်ပေါ် အတူတက်လာခဲ့ကြ၏။

"ဟုတ်လား··ဘာတဲ့လဲဟင်"

"ပြန်မယ့်ရက်ကို မပြောနိုင်ဘူးတဲ့၊ မင်းဟိုမှာ တည်းခို ဖို့ သူတို့စီစဉ်ပေးပါ့မယ်တဲ့"

လေရှူး စဉ်းစားသလိုလေးဖြစ်သွားသည်။

"အဲဒါ သူ့ကိုမေးလိုက်ဦးမယ်လို့ ကိုယ်ပြောခဲ့တယ်၊ မင်းဟိုမှာသွားနေမလား"

"ခင်ဗျားက နေစေချင်တယ်ပေါ့"

"လှည့်တွတ်ပြန်ပြီ၊ အဲဒါ မင်းသဘောလေ၊ ကိုယ်က ဒီမှာနေစေချင်တော့ မင်းကနေရမှာလား"

"နေစေချင်ရင်နေမှာပေါ့"

"အဟင်း··မင်းရှိတာ ကိုယ်အပျင်းပြေပါတယ်၊ မနေ စေချင်ဘဲနေပါ့မလား"

"ဘာ···ဘာရယ်··"

လေရှူး ဆတ်ခနဲ မော့ကြည့်သည်။

ကိုယ့်ကိုသူက အပျင်းပြေဒြပ်ရုပ်တစ်ခုလို သဘော



www.burmeseclassic.com

www.burmeseclassic.com



ထားသတဲ့··

"မဟုတ်ဘူးချာတိတ်၊ ကိုယ်စကားပြောတာ လော သွားတယ်၊ မင်းနဲ့နေရတာ ကိုယ်ပျော်တယ်၊ မင်းရှိတဲ့အတွက် စိတ်ချမ်းသာတယ်လို့ အဲဒါကိုပြောချင်တာ"

လေရှူးက မယုံသလို စေ့စေ့ကြည့်နေဆဲ··

သက်တန့်က ကြိမ်ကုလားထိုင်လေးမှာ ဝင်ထိုင်လိုက်ကာ··

"ကိုယ့်ရုပ်က လူလိမ်ရုပ်ပေါက်နေလို့လား"

လေရှူးက ထိုင်နေရာမှ မျက်စောင်းထိုးသည်။

"ချာတိတ်"

သက်တန့်က သေချာစိုက်ကြည့်ခေါ်သည်။

"မင်းအားလုံးလည်း ခံစားနားလည်တတ်နေသားနဲ့၊ ဘာဖြစ်လို့ ကလေးဖြစ်နေတာလဲ"

"ဘယ်သူကကလေးလဲ၊ ခင်ဗျားပဲ လူကိုချာတိတ် ချာတိတ်နဲ့ခေါ်တာ"

"မကြိုက်ဘူးလား"

"မကြိုက်ဘူး"

"အဲဒါဆို မင်း လူကြီးနဲ့တူအောင်နေလေ"

"လေရှူးက လူကြီးနဲ့မတူရအောင် ဖုတ်ထဲမှာ လေး ဘက် သွားဆော့နေလို့လား"

"အစစ်ပေါ့ ဖုတ်ကိုရှုံတတ်လို့ မင်းမဆော့တာပဲရှိ တယ်၊ ခုပဲကြည့် အပင်ပေါ်က ကိုယ်ခေါ်ချလာရတာ"

"အဲဒါ အိမ်မှာမနေရဲလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ သရဲကြောက်လို့ သစ်ပင်ပေါ်တက်နေတာ
ခင်း ကြားဖူးလား"

"အို... မွေးကင်းစ ကလေးတွေ အမိဝမ်းက ကျွတ်
ကျွတ်ခြင်းငိုကြတာ ကြားဖူးလို့ ငိုတာမှမဟုတ်ဘဲ"

"ကြည့်..."

"ဘာလဲ"

"တစ်ခွန်းမှ မခံဘူး"

"ဘာလို့ခံရမှာလဲ၊ ဟုတ်မှမဟုတ်တာ"

"ကလေးလို့ပြောတော့ မကြိုက်ဘူး"

"အဲဒါ ခင်ဗျားမျက်လုံးဝါးတားတားဖြစ်နေလို့ပါ"

"ဟုတ်တယ်.. လူကတော့ ပျံနေတာပဲ၊ စိတ်က မွေး
ခင်းစကလေးထက် နည်းနည်းပဲသာတယ်"

"ဦးသက်နော်.. လူကိုကျပ်မပြည့်ဘူးလို့ ပြောချင် တာ
သိဘူး မှတ်လို့လား"

"ဟား..ဟား..ဟား..."

အမြဲ ခပ်တည်တည်ကြီးနေတတ်သော သက်တန့် ရယ်ပုံ
ဦ လေရှုးငေးကြည့်နေဖြစ်၏။

ရိုးသားတည်ကြည်ခန့်ညားနေသော အနီယောက်ျားကို
မှ လေးစားမြတ်နိုးအားကိုးလှစွာ...။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"လေရှး"

"ရှန်…"

"ဘာချက်တာလဲ"

"ဦးသက် ကြက်သားဝယ်လာပေးတာ ကြက်သား ပဲပေါ့၊ ခြံထဲက ဒန့်သလွန်ပင်မှာ လေရှး ဒန့်သလွန်ရွက်ခူးပြီး ပုစွန် ခြောက်နဲ့ ဟင်းခါးချက်ထားတယ်၊ ပြီးတော့ငပိထောင်း"

"ငပိထောင်း‥မင်းလုပ်တတ်တယ်ပေါ့"

"ဘာလို့ မလုပ်တတ်ရမှာလဲ၊ ဦးသက် ဘာစားချင် လဲပြော၊ အားလုံးလုပ်တတ်တယ်"

"တော်တယ်ကွာ၊ အဲလို စားဖိုမှူးမျိုး အပိုင်ဝယ်ထား ဖို့ကောင်းတယ်"

သူ ဘယ်လိုသဘောနဲ့ပြောမှန်းမသိပေမယ့် လေရှး၏ မို့လေးတွေ ရဲသွားသည်။

"လူကို ဝယ်ထားလို့ရတယ်လား"

"ဟိတ်…ဒီမှာလှည့်ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



လေရှူး နောက်လှည့်ကြည့်တော့ သက်တန့်လက်ထဲမှာ အထည်တစ်ထပ်··

“ရော့··မင်းအတွက် ဝယ်လာတာ၊ ဘောင်းဘီ ါးထည်၊ အင်္ကျီတွေက ချုပ်ပြီးသားတွေပဲ၊ လောလောဆယ် တ်ကွာ၊ တစ်ရက်နှစ်ရက်တော့ မင်းကိုကိုယ် ဈေးခေါ်သွား ယ်၊ ဒါကတော့ အလွယ်တကူပေါ့၊ မကြိုက်လည်းဝတ်”

“ကြိုက်ပါတယ်··”

“ကြည့်ပြီးမှပြော··”

“ဩော်··ကြိုက်ပါတယ်ဆိုမှ··”

သူ စိုက်ကြည့်လာတော့ လေရှူးက ခပ်တည်တည်လေး ုပ်၍ မျက်နှာလွှဲပစ်သည်။

နှစ်ယောက်ကြားမှာ တဒင်္ဂတိတ်ဆိတ်သွား၏။

သက်တန့် နားထင်တစ်ချက်ကုတ်ကာ

“မနက်ဖြန် ကိုယ်အမဲပစ်မလို့၊ အဲဒါမင်း···”

“နေခဲ့ခိုင်းဦးမလို့လား”

“မနေခဲ့လို့ရမလား၊ တောထဲသွားမှာ”

“လိုက်မှာပဲ၊ မခေါ်ရင် အိမ်ရှေ့မှာ ငုတ်တုတ်ထွက် ိုင်နေမှာ··”

“ယောက်ျားတွေပါဦးမှာ··”

“ပါပါ··”

“ပင်ပန်းတယ်ကွ”

“ပန်းပန်း··”

“လေရှူး··”



www.burmeseclassic.com

www.burmeseclassic.com



"လိုက်မှာပဲ"

"တစ်ခါတလေ ပြောစကားနှားထောင်ဖူးတယ်ရှိအောင် ထောင်ကြည့်ပါလား"

"ကောင်းဖို့မှမရှိတာ"

သက်တန့် ချာခနဲလှည့်ထွက်သွားတော့

"ဦးသက်.."

လေရှူး သူ့ကို ပတ်ပြေးကာရှေ့ကပိတ်ရပ်လိုက်ပြီး

"လေရှူးကို ခေါ်မှာလား"

"မခေါ်လည်း ခင်ဗျားပြဿနာရှာမှာမဟုတ်လား"

"အဟဲ..ဦးသက်အများကြီးလိမ္မာလာပြီ"

အသည်းယားဖွယ်ပြောနေသော ရှုံ့တွတွမျက်နှာလေးကို ဆက်မကြည့်မိအောင် သူမျက်နှာလွှဲပစ်လိုက်၏။

ဘာမှလည်းမဟုတ်ပါဘဲ ကွေ့ရှောင်ထွက်လာခဲ့သည့် အထိ ရင်ထဲမှာ တစ်မျိုးဖြစ်သွားခဲ့တာကမပျောက်...

ကောင်မလေးနဲ့တော့ ခက်ပြီ...။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"အယ်··ဟိုမှာယုန်လေးပါလား"

ခြံတိုင်အဖြစ် ယိုင်နဲ့နဲ့ ပျဉ်တိုင်အကျိုးအပျက် ခပ်ကျဲကျဲသာရှိပြီး ခြံနှစ်ခြံရဲ့ စည်းခြားထားခြင်းက ခြုံတွေလိုလိုပဲဖြစ်နေတာမို့ တစ်ဖက်ခြံထဲမှာ မျက်လုံးနီရဲရဲလေးနှင့် စွတ်စွတ်ဖြူနေသော ယုန်လေးကို လေရှူးမြင်လိုက်ရ၏။

"ချစ်ဖို့ကောင်းလိုက်တာ"

ခြံစပ်ကို တိုးကပ်သွားရင်း နောက်ကိုလည်း ပြန်ကြည့်သေးသည်။ သူများခြံထဲကိုချောင်းရမှာမို့ သက်တန့် လှမ်းလိုက်မှာစိုးလို့···

သို့သော် ရဲဝန်ထမ်းဟောင်းဆိုသော ခြေတစ်ဖက်မရှိသည့် ချိုင်းထောက်နဲ့လူကြီးတစ်ယောက်နှင့်စကားပြောနေသာ သက်တန့်က အိမ်ရှေ့မှာ ရပ်နေပေမယ့် သူမ ရှိသည့်ဘက်ကိုကျောပေးထားသဖြင့် မမြင်ပေ။

လေရှူး···ယုန်ကလေးကို ထွေးပွေ့ချင်စိတ်တွေ ဇာအားဖြစ်လာကာ ခြုံတွေထဲကို လက်နှစ်ဖက်နှင့် ဖယ်နိုင်သမျှဖယ်ရှေ့တိုးသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ခြံမှာ နှစ်ဆောင်ပြိုင်အိမ်မြင့်မြင့်ကြီးတစ်လုံးရှိသော်လည်း လူသူအရိပ်အယောင် မမြင်ရသဖြင့် ရှေ့တိုးရင်းအရှိန်မသတ်နိုင်ဘဲ ခြံကိုကျော်လွှားဝင်သွားလိုက်မိ၏။

ယုန်လေးကလေရှူးဝင်လာတာကိုမြင်သည်။

ပစ်ချကျွေးထားပုံရသော ကန်စွန်းရွက်တွေကိုစားရင်း မျက်လုံးရဲရဲလေးများနှင့်လှမ်းကြည့်နေ၏။

"ယုန်လေး‥မပြေးနဲ့နော်၊ မမက ခဏလေးချီကြည့်မှာပါ‥‥မပြေးနဲ့နော်၊ ကလေးကိုဘာမှမလုပ်ဘူး"

အနားကို ဖြည်းဖြည်းလေးကပ်သွားတော့လည်း ယုန်လေးက မပြေး‥‥လေရှူး‥ ယုန်လေးကို ဝမ်းသာအားရ ကောက်ချီလိုက်၏။

လူယဉ်နေပုံရသော ယုန်လေးသည် နှေးထွေးနူးညံ့ကာ လေရှူးလက်ထဲမှာ ငြိမ်ငြိမ်လေးပါလာလေသည်။

"ဂီး‥‥"

"ဟာင်‥‥"

ခွေးဟိန်းသံမှန်း သိကာ လေရှူးပတ်ဝန်းကျင်ကို ဇွေ့ကြည့်လိုက်မိတော့ မျက်လုံးဝိုင်းသွားလေသည်။

နားရွက်ဖားဖားကြီးနှင့် အနက်ရောင်ရှိသောခွေးကြီးက မြေပြင်မှာဝပ်နေတာပေမယ့် ရှေ့လက်နှစ်ဘက်ကို ချကာ ထောင်မတ်နေသော လည်တိုင်ကြီးက ကြောက်မက်ဖွယ်‥

သေချာပါသည်။

ငှင်းဝင်းဝင်းတောက်နေသော မျက်လုံးကြီးများဟာ လေရှူးဆီကို တစ်ဟုန်ထိုးထပြေးလာတော့မည့်ပုံတာ‥



www.burmeseclassic.com

www.burmeseclassic.com



လေရှူး‥ ဘာဘာညာညာ မစဉ်းစားတော့ဘဲ ယုန်လေးထိုပိုက်ရင်း ခြေနောက်ပြန်ဆုတ်ကာ မြို့တွေကို ကျော်ခွထွက်၏။

ထိုစဉ်ခြေထောက်နဲ့မြို့နဲ့ငြိကာ ဘုတ်ခနဲ ဖင်ထိုင်လျက်သားလေသည်။

ယုန်လေးက လွှားခနဲခုန်ထွက်ပြေး၏။

"ဂ်…"

"အား…"

လေရှူးနေရာမှ ကျုံးထကာ လှည့်မကြည့်စတမ်းပြေး၏။

"ဦးသက်ရေ…ဦးသက် လုပ်ပါဦး‥ခွေးခွေး…"

ခွေးကြီးသည် စည်းရိုးကိုလွှားခနဲခုန်ကျော်ကာ လေရှူးအနားကိုလိုက်လာ၏။

"ဟာ…"

သက်တန့် စကားပြောရင်း လေရှူးအသံကြောင့်နောက်လှည့်ကြည့်လိုက်တော့ အသည်းယားသွားသည်။

ခွေးကြီးက ပေါင်လယ်ခန့်လောက်ထိ ထွားကျိုင်းလျက်လေရှူးနောက်မှာ သွားကြီးဖြဲလိုက်နေသည်။

မိလိုက်လို့ကတော့မလွယ်‥

အံ့မခန်းအပြေးသန်သည့်လေရှူးပါလား။

သူပြေးထွက်သွားတော့ ညှိုသည်ပါ မနေနိုင်ဘဲ နောက်ကပါလာသည်။

"ဦးသက်ရေ‥‥လုပ်ပါဦး"

အော်နေရင်းပဲ အနားရောက်လာကာ လေရှူး သူ့ကိုဖက်ပြေးလျက် ရဲဟောင်းကြီးရဲ့ ချိုင်းထောက်ကို ဖျတ်ခနဲဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"အိုး..."

ရဲဘော်ယောင်းကြီး ခြေကားယား လက်ကားယားနှင့်ဖြစ်နေဆဲ သက်တန့် အချိန်မီ လှမ်းဆွဲလိုက်ရသည်။

လေရှူးက ခွေးကို ချိုင်းထောက်နှင့်ရိုက်သည်။

ခွေးကဗလကောင်းကောင်းနှင့်ချိုင်းထောက်ကို ဂရုမစိုက်ဘဲ လေရှူးမျက်နှာဆီကို ခုန်ဆွဲ၏။

"ဖောင်း..."

"ဝါး..."

ခွေးနှုတ်သီးကို သက်တန့် ဖောင်းခနဲရိုက်ချပစ်လိုက်သည်။ ခွေးကြီး ဘုန်းခနဲ ပစ်ကျသွား၏။

သို့သော် ချက်ချင်းထလာကာ ခုန်အုပ်လာပြန်သဖြင့် လက်နှစ်ဘက်မှာအားပြည့်ထည့်၍ ခွေး၏လည်မျိုကို စုံလွဲရိုက်ပစ်လိုက်၏။

"အမလေး... ငါ့ခွေးကို အသေတော့ မသတ်ပါနဲ့ကွယ်။ တော်ပါတော့.."

ခပ်ဝဝမိန်းမကြီး လေရှူးလိုပဲ စည်းရိုးသဖွယ်ခြံုတို့ကို ကျော်ခွပြေးရောက်လာ၍ မထနိုင်တော့ဘဲ ဖြစ်သွားသည့်ခွေးကြီးကို တယုတယ သွားပွေ့သည်။

"တော်ကီ... သားကြီး"

ခွေးကို တယုတယ ပွတ်သပ်ပေး၍ သူ့ကိုမေးကြည့်ကာ

"တိရစ္ဆာန်ကို ဒီလောက်လုပ်ရသလားဟင်၊ ခွေးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သစ္စာကြီးတဲ့အမျိုး၊ သခင်ကိုစောင့်ရှောက်တာ၊ လူတောင်ခြံကို ကျော်ခွပြီး ကျူးကျော်ဝင်လာသေးတာ၊ ခွေးက သူ့ပစ္စည်းကို ထိတော့ လိုက်တာပေါ့"

"ကျွန်တော် တောင်းပန်ပါတယ်အန်တီ၊ ဒီလိုမှမလုပ်ရင် သူ့ကြောင့် တစ်ခုခုဖြစ်တော့မှာမို့ ကာကွယ်လိုက်ရတာပါ၊ အန်တီ ကျေနပ်တဲ့အထိ ကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ်"

ရဲဘော်ဟောင်းကြီးသည် လေရှူးကိုင်ထားသည့် ချိုင်းထောက်ကို ပြန်ပေးနိုးနိုးနှင့်ကြည့်ရင်း မပေးသည့်အဆုံးမှာ သူ့ဟာသူပဲ လှမ်းဆွဲရှာလေသည်။

"အယ်··ကန်တော့ ကန်တော့နော်ဦး··လေရှူးက အဲ့အဲ့ဒါကို···မေ့ပြီး··တုတ်ဆိုပြီးဆွဲလိုက်တာ၊ ကန်တော့နော်"

"ရပါတယ်ကွယ်"

ရဲဟောင်းကြီးမျက်နှာမှာ မအီမလယ်ကြီးနှင့်··

ချိုင်းထောက်ရှိမှ ရပ်လို့ရတဲ့ သူကိုများမေ့ပြီးဆွဲရတယ်လို့··· ကံကောင်းလို့ သက်တန့်သာ ဖမ်းမဆွဲလိုက်လျှင် သူ့အဖြစ်ဟာ···။

a ၂ b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟယ်…အဲဒါက ဘာငှက်ကြီးလဲဟင်၊ လှလိုက်တာ၊ အို…မပစ်လိုက်ပါနဲ့"

လေရှုးသေနတ်ကို ဆွဲ၍ သူ လွှဲတိမ်းလိုက်တော့ ခြောက်လှန့်လိုက်သလို ဖြစ်သွားကာ ငှက်ကထပျံသွားလေသည်။

"လေရှုး…"

"ဟင်…"

"မင်းတောထဲလိုက်လာပြီး ဟိုဟာလှတယ်၊ ဒီဟာလှတယ်နဲ့ ပန်းခြံထဲလမ်းလျှောက်နေတယ် မှတ်နေသလား"

"ဦးသက်ကလဲ"

"အမဲပစ်ဖို့ထွက်လာတာ တောခြောက်ဖို့မဟုတ်ဘူး"

"ဦးသက်က အဲဒီကောင်လေးတွေ ပစ်မှစားရမှာမို့လို့လား…"

"ဘာဖြစ်ဖြစ် တောလိုက်တယ်ဆိုတာ ဒါပဲ"

"ကျီးကန်းတို့ ခိုတို့ စာကလေးတွေ ပစ်လို့ရသားပဲဟာ"

"ငါကိုင်ထားတာ လောက်လေးလား သေနတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဦးသက်က အထူးလေ့ကျင့်ထားတာပဲ၊ အပင်ပေါ်က မာလကာသီးကိုတောင် ပန်းသီးနဲ့ လှမ်းပစ်တဲ့ဟာ၊ သေနတ်နဲ့ ငှက်ကိုပစ်ရင် ထိမှာပဲ"

"ထိဖို့လိုတာပဲကွ"

"လှကလှနဲ့ နှမြောစရာကြီး၊ အရှင်ဖမ်းရင်ဟုတ်တုတ်တုတ်"

"လေရှူး..မင်း လာအရှူးထမနေနဲ့၊ အခုမှ တောဝင်တာ လှည့်ပြန်သွားလို့ ရသေးတယ်၊ အချိန်မီစဉ်းစား၊ မင်းဆက်ရှုပ်နေရင်တော့ ငါဆက်လိုက်ခွင့်မပြုနိုင်ဘူး"

လေရှူး..ခေါင်းလေးကုတ်၍ နှုတ်ခမ်းစူသွားသည်။

"ကဲ..ပြော.."

"လိုက်မှာပဲ"

"ပြီးရော..ဖယားလိုက်မရှုပ်နဲ့"

အမဲလိုက်သေနတ်ကို ထမ်း၍ သက်တန့်ကရှေ့ကထွက်သွားသည်။

"ဟင့်..ကြီးကိုကြီးကျယ်တယ်"

"ဘာပြောတာလဲ"

လေရှူး မျက်နှာလေးလျှော့ချ၍

"စောစောက ငှက်လေ၊ အကြီးကြီးပဲလို့ပြောတာ"

သက်တန့် ရှေ့ပြန်လှည့်၍ ဆက်သွားတော့မှ လေရှူး ထုပစ်ချင်လှကာ လက်သီးဆုပ်ရွယ်၍ မြောက်လိုက်၏။

တိုက်တိုက်ဆိုင်ဆိုင် သက်တန့်ဖျတ်ခနဲပြန်လှည့်ပိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



"အား··လက်မောင်းကနာလိုက်တာ"

မြောက်လျက်သား လက်ကြီးတန်းလန်းနှင့်ချက်ချင်း ရှုံ့မဲ့ကျသွားတာကို သက်တန့်ကသိသည်။

ခပ်မဲ့မဲ့ပြုံး၍

"ရေဗူးထည့်လာသလား"

"ထည့်လာတယ်၊ သောက်မလို့လား"

"မသောက်ပါဘူး၊ ထုတ်မနေနဲ့၊ လက်မောင်းက နာဦးမယ်"

သက်တန့်က ရီသည်။ ဇက်လေးပု၍ လေရှူး ခစ်ခနဲ ရယ်သည်။

အမဲပစ်ထွက်လာတာ အားလုံးသုံးယောက်···

နှစ်ယောက်က ခွဲထွက်သွားကြသည်မို့ သက်တန့်နှင့်သူမ နှစ်ယောက်တည်းပဲဖြစ်ကျန်ခဲ့၏။

"ဦးသက်···"

"ဘာလဲ"

"လေရှူးကို သေနတ်ပစ် သင်ပေးပါလား"

"မိန်းကလေးနဲ့ ဘာဆိုင်လဲ"

"လေရှူး တတ်ချင်လို့ပါ၊ လောက်လေးဆို လေရှူးက တန်းခနဲပဲ၊ သေနတ်ဆိုလည်း သင်ရင် ခဏလေးနဲ့တတ်မှာ"

"ကျည်သိပ်မပါဘူး"

ပြော၍ သက်တန့် တုံ့ခနဲရပ်ကာ နောက်ပြန်လက်ကာပြ၏။

ငြိမ်ငြိမ်နေဖို့ အမူအယာပြသောကြောင့် လေရှူးရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြကြည့်၏။

ခပ်ဝေးဝေး ခြုံစပ်စပ်မှာ အတော်ဖွံ့ထွားသော ယုန်လေး တစ်ကောင်ပါလား..

သက်တန့် သေနတ်နဲ့ချိန်နေပြီ..

"မလုပ်ပါနဲ့၊ မပစ်ပါနဲ့ဦးသက်ရယ်..."

"လေရှူး..လွှတ်လိုက်စမ်း"

"ဟင့်အင်း..."

သူ့လက်မောင်းကို ကိုင်လှုပ်နေသဖြင့် သက်တန့်စိတ် ဓာတ်ကျသွားလေသည်။

"လေရှူး..မင်း ငါ့နောက်ကိုနောက်ယှက်ဖို့သက်သက် လိုက်လာတာလား"

"မဟုတ်ပါဘူး ဦးသက်ရယ်၊ အဲဒီအကောင်လေးတွေ ကို လေရှူးချစ်လို့ပါ"

"ချစ်တော့ရော ဒီလောကကြီးမှာ ဒါအမဲပဲ၊ သမင်၊ ဒရယ်၊ ကျားဆင်တွေ ပေါတဲ့တောကြီးမှမဟုတ်တာ၊ ဒါမပစ် ရင် ဘာသွားပစ်မလဲ"

လေရှူးက မျက်တောင်ကော့ကြီးများ တဖျတ်ဖျတ်ခတ်၍ သူ့ရှေ့မှာ ခေါင်းငုံ့ရပ်နေ၏။ သူ့မှာ ဒေါသကို သက်ပြင်းချ၍ လျှော့လိုက်ရပြန်ပြီ။

"လာ..ပြန်မယ်.."

"ဟင်..ဦးသက်"

သူလှည့်ပြန်တော့လည်း ပျာပျာသလဲဖြစ်သွားတော့

"ဦးသက်..ညနေကျမှ ပြန်မှာဆို.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေရမလဲ တောထဲမှာ"

"လျှောက်ကြည့်မယ်လေ"

"သေလိုက်ပါလား..မင်း ဒီလောက် ဆူးညှောင့်ခြုံနွယ်တွေထဲမှာ.."

"လေရှူးပျော်လို့"

"ပျော်ရင်နေခဲ့"

သူ ခပ်ရွဲ့ရွဲ့ပြော၍ လှည့်ထွက်လာခဲ့၏။

လေရှူးလိုက်လာသံကိုနားစွင့်တော့မကြားပေ။ သေချာပါသည် ကျန်ခဲ့ပြီဆိုတာ..

သက်တန့်နောက်လှည့်ကြည့်လိုက်တော့ ထိုနေရာမှာပဲ လေရှူး ငုတ်တုတ်ထိုင်နေလေသည်။

"ဟိတ်...အဲဒါဘာလုပ်နေတာလဲ"

လေရှူးက ဂျစ်ကန်ကန်မျက်နှာနဲ့လှည့်ကြည့်၍

"ထိုင်နေတာလေ၊ ဦးသက်ပဲနေခဲ့ဆို..."

"ထစမ်း..လေရှူး..မင်းတော့ငါ စိတ်ထုမိတော့မယ် သိလား.. ဘယ်လိုပြောမရ ဆိုမရ ဟာလေးမှန်းမသိဘူး"

"ဦးသက်..အလကားနေရင်း ဒေါသကြီးနေတော့ လေရှူးပဲ လွန်တယ်ဖြစ်ရတာပေါ့၊ ကိုယ့်ကိုယ်ကိုတော့ ပြန်မကြည့်ဘူး၊ တစ်ကိုယ်လုံးမှာ သူများကိုဆူမယ်၊ မာန်မယ်နဲ့ ဒေါသချည်းပဲ၊ သူများ သူ့ဆူတိုင်းခံနေရတာကျတော့ လိမ္မာလိုက်တာလို့ ချီးမွမ်းရမှန်းမသိဘူး၊ စုံထောက်မို့လို့ပဲ၊ ကျောင်းဆရာသာဆို သူ့ကျောင်းမှာ ဘယ်ကျောင်းသားမှ တက်ရဲမှာမဟုတ်ဘူး၊ ဒီပုံစံနဲ့ ဘယ်မိန်းမကမှလည်း ပြန်ကြိုက်မှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အမြဲတမ်း တစ်ရယောက်တည်းပဲနေရာမှာ မှတ်ထား”

ပြောချလိုက်တာ တစ်သီတစ်တန်းကြီး..

မျက်နှာကို တစ်ချက်မှမော့မကြည့်ဘဲ ကွယ်ရာမှာ ထင်တိုင်းပြောသလိုမျိုး တွဲတွဲကြီးပြောနေတာကြောင့် သူ့မှာ စိတ်ဆိုးရခက်၊ ရယ်ရခက်နှင့်။

“မင်း စွာလှချည်လား ချာတိတ်...”

“စွာတယ်လေ.. အစကတည်းက ခင်ဗျားမသိဘူးလား၊ လေရှူးတို့က သူများကြောရင် သိပ်ခံတတ်တာမဟုတ်ဘူး၊ ခင်ဗျားနဲ့ကျမှ လိုမ့်ခံနေရတာ၊ အခု မခံနိုင်တော့ဘူး”

လေရှူးဆတ်ခနဲ ထရပ်ကာ သူ့ကိုကျော်၍ ထွက်သွား၏။ သက်တန့်ဖမ်းဆွဲထား၍

“ဒါသတွေဖြစ်သွားလိုက်တာ ချက်ချင်းကြီးပါလား၊ ဘယ်သူ့မှာအပြစ်ရှိတာလဲ၊ နေရာတကာ ဝင်နှောက်ယှက်နေတာ ဘယ်သူလဲ”

“ခင်ဗျားဘက်က နှောက်ယှက်တယ်ဆိုပေမယ့် လေရှူးက စိတ်ထဲရှိတဲ့အတိုင်းပြောတာပဲ၊ ပြောခွင့်မရှိတော့ဘူးလား၊ ခင်ဗျားက လေရှူးကို အိမ်ဖော်တစ်ယောက်လိုသဘောထားလို့ ဘာပြောပြော မကြိုက်တာ၊ ဆူမယ်၊ မာန်မယ်ချည်းပဲ”

“ဟ..မင်းကို ကိုယ်က အလကားနေရင်းများဆူနေမိလို့လား”

“အလကားနေရင်းဆူမလား၊ ခင်ဗျားအရှုးမှမဟုတ်ဘဲ၊ ဘာဖြစ်ဖြစ် ခွင့်မလွှတ်ချင်တာကိုက ဘဝင်မြင့်နေတာ”

“ချာတိတ်.. မင်းပြောတာတွေ သိပ်များနေပြီ ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်..”

“ပြောမှာပဲ၊ ပြောချင်တာကြာနေပြီ၊ ခင်ဗျားကို လုံးဝ မကျေနပ်ဘူး”

“ဟား..ပက်ခနဲ ပက်ခနဲပါလား”

“ပြောတယ်လေ၊ ခင်ဗျားလည်းပြောပေါ့”

“ပြောလည်း မင်းကိုနိုင်အောင် ပြောလို့ရမှာမှမဟုတ်တာ”

“အမယ်...”

သေနတ်သည် သစ်ရွက်ခြောက်တို့အပေါ် ဘုတ်ခနဲ ပြုတ်ကျလျက် လေရူး..သက်တန့်ရင်ခွင်ထဲရောက်သွား၏။

သစ်ပင်ပေါ်မှ ငှက်ကလေးတချို့ ဟူးခနဲထပျံသွားကြသည်။ လေရူးတစ်ကိုယ်လုံးဟာ လေဟာနယ်ထဲမှာ စောက်ထိုးထွမ်းပြန် လွင့်ကျနေတဲ့အတိုင်း....။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"အမလေး..ကမ္ဘာပျက်ပြီ လုပ်ကြပါဦး"

"ဘာဖြစ်လို့လဲ..မမ..ဘာဖြစ်တာလဲ၊ ဘယ်သူ့ဆီက ဖုန်းလဲ"

ကျွက်ကျွက်ညံအောင် ထအော်သဖြင့် ဒေါ်စိုးစိုးပြေး ထွက်လာရင်းမေးခွန်းတွေဆက်တိုက် ဖြစ်သွား၏။

ဒေါ်မျိုးမျိုးက ဖုန်းကိုလှမ်းပေး၍

"ဟောဒီမှာ ညည်းရဲ့တူတော်မောင်ဆီက ဖုန်းလေ၊ လေရူး ဟိုကိုမလာဘူးတဲ့"

"အမလေးတော်.."

ဒေါ်စိုးစိုး ဖုန်းကို ဖင်ပြန်ခေါင်းပြန်တွေ နားထောင် ကာ တော်တော်နှင့် အဆင်မပြေ..

"မိုး..မိုးလာဟင်"

"ဟုတ်တယ်တီလေး၊ ညီမလေးကို ကျွန်တော် မခေါ် ဘူး၊ သူလာချင်တယ်ဆိုလို့တောင်မှ မအားလို့ ခဏနေဦးလို့ ပြောလိုက်သေးတယ်၊ အဲဒါ သူစိတ်ဆိုးသွားမှာစိုးလို့၊ အနှ ဘခေါ်မယ်လို့ ဖုန်းဆက်တာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဪ…ဒါကြောင့် အဲဒီကိုသွားမယ်ဆိုလို့ ကျုပ်တို့ ပစ္စည်းတွေ ထည့်ပြီးပေးတာကိုဘာမှမယူဘဲ ခြေလွတ်လက်လွတ် ထွက်သွားတာကိုး၊ ဒုက္ခပါပဲ၊ လုပ်ပါဦးသားငယ်ရယ်၊ မင်းညီမကို ဘယ်သွားရှာမလဲ"

"ကျွန်တော် ခုလာခဲ့မယ်တီလေး"

"အေး…အေး…မြန်မြန်လာခဲ့စမ်း၊ အမလေး ရင်တွေ ပူလိုက်ပါဘိ"

ညီအစ်မနှစ်ယောက် ဖုန်းချပြီး စကားလည်းမပြောဖြစ်ကြဘဲ ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေလေသည်။ အရေးကြီးတော့ သွေးနီးရသည်။

မိုးမြင့်ခေါင်ကို ပစ်ထားတာတွေ စိတ်ဆိုးခဲ့တာတွေ ဘာကိုမှ သတိမရနိုင်တော့ဘဲ အမြန်ရောက်လာဖို့ကိုသာ မျှော်လင့်နေမိတော့သည်။

သိပ်မကြာလိုက်ပဲ မိုးမြင့်ခေါင်ရောက်လာသည်။

"သားငယ်…မင်းညီမကိုဘယ်သွားရှာကြမလဲဟင်"

ဒေါ်မျိုးမျိုးက တံခါးဝထိ သွားကြို၍ လက်မောင်းပြေးဆွဲသည်။ မမြင်တာကြာပေမယ့် မိုးမြင့်ခေါင်လည်း အရင်တုန်းက အတိုင်းပါပဲ။

"သူ့မှာချစ်သူတွေ ဘာတွေရှိသလား၊ တီလေးတို့ တားဆီးထားတာရှိလား"

"ဘယ်ကချစ်သူရှိရမှာလဲသားရယ်၊ ဆိုးလွန်းလို့ စိတ်တောင်ညစ်ရတယ်၊ ရည်းစားသနာစိတ် လုံးဝမရှိဘူး၊ ကျုပ်တို့သိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော် စဉ်းစားမိတယ်"

မိုးမြင့်ခေါင်က ဒေါ်မျိုးမျိုးနဲ့ ဒေါ်စိုးစိုးကို တစ်ဖက်စီ ဆွဲ၍ ဆိုဖာမှာ အတူထိုင်ကာ

"ညီမလေး ကိုကြီးဆီသွားတာဖြစ်နိုင်တယ်"

"ဟင်..."

"ဟုတ်ပါ့မလား ဒီလောက်အဝေးကြီးကို"

"ဒါပဲရှိတယ်၊ အန်တီ၊ ရန်ကုန်မှာပဲနေဖို့ ဘာအကြောင်းမှ မရှိဘူး၊ သူငယ်ချင်းရှိတဲ့မြို့ရွာတွေ သွားရလောက်အောင် လေရှူးက ကလေးစိတ်၊ ဒီလောက်ထိ စွန့်စားထွက်ရဲမှာမဟုတ်ဘူး။ ကျွန်တော့်ဆီ လာချင်တယ် ပြောပြီးမှ စိတ်ဆိုးပြီး တစ်ဖက်ကလှည့်ထွက်တာ သေချာပါတယ်၊ ကိုကြီးဆီသွားတာပဲ ဖြစ်မှာပါ"

"ဒါဆို ဖုန်းဆက်ကြည့်စမ်း..မြန်မြန်..."

သူတို့မှာ ဟိုပြေး ဒီပြေးနှင့် ခေါင်းတောက်သွားလေသည်။

လေရှူးဘယ်မှာရှိနေမှန်း သိသောအခါ...။

a j b



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

"ကိုယ် ဒီည အလုပ်လုပ်စရာတွေရှိတယ်လေရှး၊ နှစ်ရက် သုံးရက်လောက်က အားမှာမဟုတ်ဘူး၊ မင်းကို ဒီမှာ တစ်ယောက်တည်း ထားခဲ့ရမှာ ကိုယ်စိတ်မချဘူး၊ နယ်ထိန်းကြီးအိမ်မှာ ခဏသွားနေနော်"

ပြော၍ သူကိုယ်တိုင်ပဲ ပို့ခဲ့တာဖြစ်သည်။

သူ..ဟိုအိမ်လေးကိုရောက်လာတတ်သော်လည်း လေရှး ဆီကို မဝင်တော့ပေ။

သုံးရက်ခန့်ဟုဆိုကာ လေးရက်ကြာသွားသည်။

"မသူဇာ..ကိုကြီးက ဘယ်လောက်ကြာမှာလဲဟင်"

"အဲဒါ အစ်မတို့မသိဘူး လေရှးရဲ့၊ အဖေပဲသိမှာ၊ တရားခံဖမ်းမလို့ ထင်တယ်၊ အရင်စုံစမ်းမယ်၊ သက်သေယူမယ်၊ ပြီးမှ ဖမ်းလို့ရမှာဆိုတော့ ကြာမှာပေါ့"

"ဘာလဲ.. လေရှးက အစ်ကို့ကို လွမ်းပြီလား"

ညီအစ်မနှစ်ယောက်က စနေကြသည်။

လေရှး သက်တန့်ကို လွမ်းနေတာမှန်ပေမယ့်

"မဟုတ်ပါဘူး၊ လေရှး ရန်ကုန်ကိုလွမ်းတာပါ၊ ကိုကြီး ပြန်လာရင်တော့ ရန်ကုန်ပြန်ဖို့ပြောတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်··လေရူး··ဒီမှာမပျော်ဘူးလား"

"အဟင်း···အစကပျော်တယ်၊ ကြာတော့ ပျင်းလာတာ
ပါ"

"ဘယ်မှာကြာလို့လဲလေရူးရယ်၊ ဆက်ရက်လောက်ပဲ
ရှိသေးတဲ့ဥစ္စာ"

"မဟုတ်ဘူး တီလေးရယ်·· အဲ··မေမေတို့စိတ်ပူနေ
မှာစိုးလို့ပါ၊ လေရူးက မေမေတို့မသိအောင် ဖွတ်လိုက်လာတာ၊
ဆက်ကြာ ကိုကြီးနဲ့ပါလာမှန်းမသိဘဲ 'စိတ်ပူနေမှာစိုးလို့"

"ဖုန်းဆက်လိုက်ပေါ့ ညီမရဲ့"

"အဲဒီလိုဆိုရင် ရန်ကုန်ကနေ ချက်ချင်းထလိုက်လာကြ
မှာ သေချာတယ်၊ မေမေတို့က လေရူးကို ရန်ကုန်မှာနေတာ
အောင် ဟိုနား ဒီနားသွားတာမကြိုက်ကြဘူး၊ အဲဒါကြောင့် ကိုယ့်
ဆန္ဒကိုနဲ့ပဲ ဆိုပြီး ဖွတ်လိုက်လာတာ"

"ညီမလေးရယ်·· ယုံတယ်၊ ယုံတယ်၊ ညီမလေးကို
မိဘက အရမ်းအလိုလိုက်တယ်၊ ချစ်ကြတယ်ဆိုတာ၊ ငါ့ညီမက
းမယ့်ပုံလေးလည်း ပေါ်နေတယ်၊ ချစ်ဖို့လည်းကောင်းတယ်၊
မ်ကိုကဆို သူ့ညီမကိုတုန်နေတာပဲ၊ မြစ်ဆိပ်မှာရေချိုးမခေါ်
တစ်ယောက်တည်း ဘယ်မှမလွှတ်ဖို့ အဖေ့ကိုရော၊ အစ်မ
ကိုရော မှာလိုက်တာ၊ တတွတ်တွတ်ပဲ"

လေရူး မယုံပါ။

ရင်ထဲမှာ ရှက်သလိုလို ဝမ်းနည်းသလိုလို ခံစားနေရ
လည်း ဘယ်သူ့အပေါ် သတ္တုချရမှန်းမသိ။

သူဟာ ကိုယ့်အပေါ် အနမ်းရိုင်းများနဲ့ အနိုင်ယူသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေမယ့် ချစ်တယ်လို့ဖြင့် မပြောခဲ့ပါ။

မိန်းကလေးတစ်ယောက်ကို မချစ်ဘဲ နမ်းတတ်တဲ့ ယောက်ျားမျိုးလား.. သို့ဆိုလျှင်..

သူ့အနားမှာ လေရှူးဆက်နေသင့်ပါသလား..။

a j b

www.burmeseclassic.com

## အခန်း (၂၅)

"လေရှုးရေ··ဟောဒီမှာလေရှုးရဲ့ ကိုကြီးလာခေါ်တယ်"

ဖတ်လက်စစာအုပ်ကိုချ၍ လေရှုး အပြင်ထွက်လာခဲ့၏။

"အစ်ကိုတို့ကလည်း ကိုယ့်ညီမကို ခေါ်လာပြီး ပျော်အောင်မထား ဘူး၊ လေရှုးက ရန်ကုန်ကိုပြန်ပို့ခိုင်းတော့မယ်တဲ့၊ သူ့စာတို့မြို့ သိက္ခာကျတာပေါ့"

သက်တန့် မျက်နှာကွက်ခနဲပျက်ကာ လေရှုးကို လှမ်းကြည့်သည်။ လေရှုးက ပြုံးနေလျက်ရှိပေမယ့် မျက်နှာလေးညိုနေလေသည်။

နယ်ထိန်းကြီးနဲ့ ဘာတွေပြောနေမှန်းမသိဘဲ သူ လေရှုးသိ လျှောက်လာကာ

"အားလုံးကျေးဇူးပါပဲ·· လာလေရှုး··"

လေရှုးလက်ကလေးကိုဆွဲခေါ်လာခဲ့သည်။

နယ်ထိန်းကြီးက နောက်ကလိုက်လာကာ

"ကျုပ်တို့ မနေတတ်အောင် မပြောပါနဲ့ကွာ၊ ကျေးဇူးတင်စကား မင်းကပြောရမှာမဟုတ်ဘူး၊ ကျုပ်တို့ရွာ ခုမှပဲ ဝင်ထုပ်နဲ့ပိုးကြီး ပြုတ်ကျသွားရတာ၊ ဒီကောင်တွေ သိပ်ရိုင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေကွ''

စကားမပြတ်နိုင်ဘဲ အတော်ကြီးကြာမှ အိမ်ပြန်ရောက်လာကြ၏။ အိမ်ပေါ်တက်ခဲ့ကြသည်နှင့် သက်တန့်က လေရှူးလက်ကလေးကို လှမ်းဆွဲ၍

''ပြန်ချင်တယ်လို့ပြောတယ်ဆို…''

ချက်ချင်းမေးပြီး… လေရှူးခေါင်းညိတ်၍ လက်ကိုရုန်းသည်။

သက်တန့် ဖွတ်ကိုင်ထား၍

''ဘာဖြစ်လို့လဲ၊ မင်းကိုထားခဲ့ပြီး ကိုယ်လာမကြည့်လို့ စိတ်ကောက်တာလား''

''မကောက်ပါဘူး၊ ကောက်ရအောင် လေရှူးက ခင်ဗျားရည်စားမှ မဟုတ်တာ''

သူ··လေရှူးကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲပွေ့လိုက်ကာ

''ရည်စားဆိုတာ ဘာကိုပြောတာလဲလေရှူး၊ ချစ်ခွင့်တောင်းတာ ပြန်ချစ်တာကိုခေါ်တာလား၊ အတူတွဲသွားလျှောက်လှည်ပြီး အမြဲတမ်းယုယနေတာကိုခေါ်တာလား''

''နှစ်ခုလုံးဟုတ်တယ်''

''အဲဒါဆိုရင်တော့ ကိုယ် ရည်းစားမထားနိုင်တာသေချာတယ်၊ ဒါပေမယ့် မင်းကို ကိုယ်သိပ်ချစ်တယ်''

သူသည် လေရှူးပါးပြင်လေးနှစ်ဖက်ကို မြတ်နိုးစွာနမ်းရှိုက်လေသည်။ ဘယ်လိုပင် မာနကြီးချင်ပေမယ့်

သူ့ရည်စားလို့ မသတ်မှတ်နိုင်ပါဘဲ နမ်းရှိုက်တာမှန်းသိပေမယ့် လေရှူးမငြင်းနိုင်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ကျယ်မှာ ကလေးငယ်လေးသဖွယ် မှီနွဲ့ငြိမ်သက်နေမိလေသည်။ သက်တန့်သည် သူမ ပခုံးသားပြည့်ပြည့်လေးကို ယုယစွာထွေးပွေ့ထားလျက်..

"ကိုယ်ထမ်းဆောင်နေရတဲ့တာဝန်တွေက သူများတွေလို အဖြူပေါ်အမည်းတင်ပြီး အရိပ်ထဲမှာထိုင်နေရတာမဟုတ်ဘူး လေရူး.. အချိန်တန် အိမ်ပြန်လို့ရတဲ့အလုပ်လည်းမဟုတ်ဘူး၊ တာဝန်ကျတဲ့အချိန်၊ တာဝန်ကျတဲ့ဆီမှာ အသက်ကိုပေးထားရတာ၊ မင်းဆီက ချစ်ခွင့်ကိုတောင်းပြီး ကိုယ် တရားဝင်ဖို့ မကြိုးစားချင်ဘူး၊ ပြီးတော့ မင်းဟာ ထက်မြက်တဲ့ မိန်းကလေး၊ ကိုယ့်ဘက်က မင်းလိုချင်တဲ့ ဂုရစိုက်မှု၊ ကြင်နာမှုတွေ လစ်ဟင်းခဲ့ရင် မင်း ကိုယ့်ကို နားလည်ခွင့်လွှတ်မှာ မဟုတ်ဘူး"

လေရူးကို သူ ခပ်တင်းတင်းဖက်ထားလျက်နှင့်ဆက်ပြောနေ၏။

"မင်းကိုယ့်ကို ပြန်မချစ်ပါနဲ့၊ ဒါပေမယ့် ကိုယ်မင်းကိုသိပ်ချစ်တယ်ဆိုတာကို မှတ်ထားပေးပါ"

"ဟင့်အင်း..မမှတ်ဘူး၊ မသိဘူး၊ လေရူးကိုလွှတ်"

"မင်းကိုကိုယ် တန်ဖိုးထားတယ်၊ မြတ်နိုးတယ်၊ အဲဒါယုံပါ"

"မယုံဘူး မပြောနဲ့"

လေရူးဘယ်လိုရုန်းရုန်း သက်တန့်က အတင်းဖက်ထားသည်။ ချစ်တယ်ဆိုတာကို အသိပေးရုံပဲတဲ့။

လေရူးက သူ့ရဲ့ ပေးစာကမ်းစာကို လက်ခံတင်းတိမ်



www.burmeseclassic.com

www.burmeseclassic.com



နေရမယ့်သူလား။

"ကိုယ့်ကိုချစ်လားဟင်" ဆိုတဲ့မေးခွန်းမေးဖို့ဟာ ဒီလောက်ထိ တန်ဖိုးကြီးနေသလား။

လေရှူးပြန်ပေးမယ့်အချစ်ဟာ ဒီလောက်ထိ တန်ဖိုးမဲ့သလား၊ သူပေးတိုင်းယူ၊ သူပြောတဲ့အတိုင်းခေါင်းညိတ်ဖို့ လေရှူးက ရှူးသွပ်နေတဲ့သူလား..။

လေရှူးသည် သူ့ကိုဒေါသကြီးစွာ ထုနှက်ရန်းဖယ်ရင်း ကျဆင်းလာသော မျက်ရည်တို့ကို သူသည် အစမွှဆန်ဆန် တိုးတိုက်ဖျက်ဆီးလျက်..၊

"တိတ်ပါတော့ လေရှူးရယ်.."တဲ့လေ။

a ᴊ b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ဦးသက်..

တီလေးနဲ့ ကိုလေး လာခေါ်လို့ လေရှူးလိုက်သွားပါပြီ။ မချစ်ပါနဲ့ဆိုပေမယ့် ခင်ဗျားကို လေရှူးက ချစ်ခဲ့တာလေ.. နှုတ်မဆက်ရဲလို့ ခင်ဗျားမလာခင် ပြန်လိုက်သွားတာပေါ့။

ဒါပေမယ့် လေရှူးဘယ်အချစ်ကိုမှ သယ်ဆောင်မသွားဘူး၊ ခင်ဗျားပေးခဲ့တဲ့အချစ်တွေကို ခင်ဗျားရဲ့အိမ်လေးထဲမှာပဲထားခဲ့ပါတယ်၊ လေရှူးနဲ့အတူ လေရှူးက ချစ်တယ်ဆိုတာကိုလည်း မေ့လိုက်ပါ။

တာဝန်များနဲ့ ပျော်နိုင်ပါစေ

လေရှူး

ဘယ်နှစ်ခေါက်မြောက်မှန်းမသိ..

စာကိုဖတ်ပြီး ရင်ဘက်ပေါ်တင်ကာ ပက်လက်နေရင်းမှ အိမ်ခေါင်မိုးကို ငေးနေမိသည်။

မင်းကိုယ့်ကို ရိုက်သွားတာ တုတ်ချက်ထက်ပြင်းပါတယ် လေရှူးရယ်..

ရင်ထဲမှာ တဆစ်ဆစ်ခံစားနေရသည်။

မနက်က သူ့အပြင်ကို ခဏလေးထွက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတော့ လေရှူးမရှိတော့ဘဲ စာကိုသာတွေ့ရလေသည်။ နှုတ်မဆက်ရဲလို့ဆိုတာ ဘာလဲ

လူကို အရှင်လတ်လတ် ဖောက်ထိုးဆွဲပစ်ခဲ့ပြီးမှ‥မင်းတော်ပါတယ်‥

ကိုယ်ဘာမှ ပြင်ဆင်ချိန်မရဘဲ ရှူးသွပ်ကျန်ခဲ့အောင်လုပ်ပစ်ခဲ့တာ မင်းတော်ပါတယ် လေရှူးရယ်‥

မနက်က လေရှူးတို့နောက်ကို သူလိုက်လျှင် မှီပါသေးသည်။ ဒါပေမယ့် မလိုက်မိအောင် ကြိုးစားထိန်းချုပ်နေခဲ့သည်။

ပွင့်လင်းစွာ ချစ်ခွင့်မရကြတဲ့ဘဝမှာ ပြီးသွားပါစေတော့ဟု အံကြိတ်ဖြေခဲ့သည်။

အချစ်နဲ့တာဝန်ကြားမှာ သူ့အပြင် လေရှူးကိုပါ မနစ်မွန်းစေချင်‥ ဒါ သူလွန်ခဲ့သလား‥

"ကိုသက်တန့်"

"ဦးသက်တန့်ဆင်"

"ဗျာ…လာပြီ"

ခေါ်သံကြား၍ သူကဗျာထ၍ တံခါးဖွင့်ထွက်လာခဲ့ ပြီးခြံတံခါးဝမှာ ဗိုလ်မှူးဝတ်စုံနှင့်လူတစ်ယောက်ရယ်၊ တပ်သားသုံးယောက်ရယ်‥

လက်ထဲမှာ လက်နှိပ်ဓာတ်မီးများ ကိုယ်စီနှင့်။

"ဘာကိစ္စများလဲခင်ဗျာ‥ အထဲကိုကြွပါ"

"ကျွန်တော့်ညီမ ဒီမှာရှိတယ်ဆို"

"ဗျာ…"



www.burmeseclassic.com

www.burmeseclassic.com



ခန့်တည်နေသော မျက်နှာတစ်ခုကို သူအံ့ဩသလို ကြည့်၏။

"ဗိုလ်မှူးက လေရှူးရဲ့အစ်ကိုလား"

"ဟုတ်ပါတယ်၊ ကျွန်တော် တပ်ရင်းကိုတောင် ပြန် မဝင်ရသေးဘူး၊ ညီမလေးရောက်နေတယ်၊ ဒီမှာနေတယ်ဆိုတာ မရောက်ခင်ကတည်းက သတင်းကြားလို့ လှည့်ဝင်လာတာ"

သက်တန့်က မျက်နှာပေါ်ဝဲကျလာသည့် ဆံပင်တွေ ကို လက်နဲ့တစ်ချက်သပ်တင်၍ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ သူ လမ်းမှာခရီးဆောင်အိတ်လည်း ပျောက်သွားတယ်၊ ဗိုလ်မှူးကလည်း ခရီးထွက်သွားတော့ ဒီမှာ တော်တော်လေး ဒုက္ခရောက်နေတာနဲ့ ကျွန်တော် ရှိးရှိးသားသား စောင့်ရှောက်ထားတာပါ၊ ဒါပေမယ့် သူ အခု မရှိတော့ပါဘူး"

"ဘာဗျ"

"ရန်ကုန်က သူ့အဒေါ်တွေ လာခေါ်လို့ မနက်ကပဲ ပြန်ပါသွားပါပြီ"

ဗိုလ်မှူးနေမြင့်ခေါင်က သက်တန့်မျက်နှာကို စေ့စေ့ ကြည့်ကာ

"တီလေးတို့ တပ်ကိုဝင်သွားကြတယ်ထင်တယ်"

ဟုတီးတိုးရေရွတ်လိုက်ပြီး

"ခင်ဗျားကဒ မူးယစ်ဆေးဝါးနဲ့မှုခင်းတောက်လှမ်းရေး က ကိုသက်တန့်ဆင်"

"ဟုတ်ပါတယ်"

ဗိုလ်မှူးက လက်ကမ်းပေးကာ



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် ညီမလေးကို စောင့်ရှောက်ထားခဲ့တာ ကျေးဇူးတင်ပါတယ်"

နှစ်ယောက် လက်ဆွဲနှုတ်ဆက်ဖြစ်ကြရင်း သက်တန့် အားနည်းစွာပြုံးသည်။

မခံစားဖူးခဲ့သော အချစ်ဆိပ်ကြောင့် နှလုံးသားက တဖျစ်ဖျစ်မြည်နေပြီ···။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ကဲ..ကဲ.. တီလေးတို့ကို ပွင့်ပွင့်လင်းလင်းပြော စမ်း၊ အဲဒီတစ်ယောက်က သမီးချစ်သူလား"

"ရိုးရိုးသားသား သူနဲ့နေခဲ့ကြတယ်ဆိုတာ အန်တီတို့ ယုံတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမြို့တပ်ရင်းမှာ စုံစမ်းလိုက်ကတည်းက သူ့ရဲ့ဂုဏ်သတင်းကို သိခဲ့ရတာ၊ ဘာပဲဖြစ်ဖြစ် ချစ်လို့ခိုးပြေးကြတယ်ဆိုတာက တစ်မျိုး၊ ခုဟာက သူ့ဟာသူ အလုပ်ကခွင့်ရလို့ အနားယူတဲ့ဆီ သမီးက ဖွတ်လိုက်သွားတာ မျိုး..."

"လေရှူး..သူ့နောက်လိုက်တာ မဟုတ်ပါဘူး"

"ဒါပေမယ့် ဟိုမှာ သူ့ညီမလို့ပြောထားတာ မဟုတ်လား၊ မိဘမသိဘဲ လိုက်လာတာလို့ပြောထားတာ မဟုတ်လား"

လေရှူး ငြိမ်နေသည်။

"ဒါကလည်း ထားပါတော့၊ သူကိုယ်တိုင်က ဥပဒေ ဘက်တော်သား၊ မုသားလုံးလုံး ဘယ်ပြောချင်ပါ့မလဲ"

"ကဲ..အကောင်းမြင်ဝါဒတွေချည်း ပြောမနေပါနဲ့ တော့၊ ပွင့်ပွင့်လင်းလင်းပြောလိုက် မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမယ်.. ဒီလိုသမီး အန်တီတို့က သမီးနဲ့သူ မေတ္တာမျှခဲ့ကြတယ်ဆိုရင် သဘောတူမှာပါ၊ အတူလည်း နေဖူးခဲ့ကြတယ်ဆိုတော့ မြန်မာမိန်းကလေးပီပီ နောက်ထပ်တစ်ယောက်နဲ့ကျတော့ ဒါဟာ အမည်းစက်တစ်ခုဖြစ်လာနိုင်တယ်လေ၊ ဒါကြောင့် သမီး ပွင့်ပွင့်လင်းလင်းပြောစမ်း၊ သူနဲ့မေတ္တာမျှခဲ့ကြသလား၊ ဟို..ချစ်သူမဖြစ်သေးပေမယ့် တစ်ယောက်နဲ့ တစ်ယောက် ကြိတ်ပြီးသဘောကျခဲ့ကြတာမျိုး..."

လေရှူး ဘာပြောရမလဲဟင်..

မေတ္တာမျှခဲ့ကြသလားတဲ့ ဦးသက်ရယ်..

အချစ်ကိုချစ်ပါတယ်လို့ လေရှူးဘယ်လိုတင်ပြရမလဲ..

ပြန်မချစ်ရဘူးလို့ ဦးသက် တားဆီးထားခဲ့တာကို လေရှူးက ဘယ်လိုလုပ် ခေါင်းညိတ်ရမှာလဲ..

"ပြောလိုက်လေ ညီမလေး၊ နေရာတကာ ပွင့်လင်းခဲ့ပြီးမှကွာ၊ ချစ်ရင်ချစ်တယ်ပေါ့၊ ဒါရှက်စရာလား"

မိုးမြင့်ခေါင်က ညီမအပြောနောက်ကျသွားမှာစိုး၍ အားမလို အားမရ ဖြစ်နေမိသည်။

သက်တန့်ဆင်ဆိုတာကို နာမည်ကြားရုံနဲ့ပဲ သူကတော့ လက်ခံထားခဲ့ပြီးသားပါ။

ကိုယ့်ညီမလေးကို ရိုးသားစွာစောင့်ရှောက်ထားခဲ့တာ ကိုယ့်ကြည်သည်မို့လည်း လေးစားခဲ့တာဖြစ်သည်။

သူကိုယ်တိုင် ကိုယ့်ချစ်သူကိုသာ ယူခဲ့တာမို့ ညီမလေးကိုလည်း စိတ်ချမ်းသာစေချင်သည်။

သို့သော် အရင်က လွန်စွာသွက်လက်ခဲ့သော စွာတေး



www.burmeseclassic.com

www.burmeseclassic.com



မလေးသည် လက်သီးဆုပ်လေး နှစ်ဘက်ကို ထပ်ဆင့်လျက်.. တုတ်တုတ်မလှုပ်ဘဲ နေလေသည်။

တူဝရီးသုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။

လေရှူး ဘယ်သို့ဖြစ်ပါသနည်း။

"သမီး..ဘာဖြစ်လာသလဲပြောစမ်း၊ ဘာဖြစ်လို့ မပွင့် သင်းတာလဲ သမီးရယ်.. ဒီမိသားစုကိုမှ မပြောရင် သမီး ဘယ်သူ့ကိုသွားပြောမှာလဲ၊ ဘာလဲ.. သမီးအစ်ကိုကို ရှက်လို့ လား"

"သမီးနဲ့သူ တစ်ခုခုများ ငြိစွန်းခဲ့သလား၊ အမလေး ရင်ပူလိုက်တာသမီးရယ်..ပြောစမ်းပါ..တီလေးတို့ကို"

လေရှူး ခေါင်းခါ၍ မျက်နှာလေးမော့လာသည်။

"ဘာမှ မဖြစ်ခဲ့ပါဘူး တီလေးရယ်၊ တီလေးတို့မေး တာတွေကို လေရှူး ဘာဖြေရမှန်းမသိလို့ပါ"

"မေးတာတွေ မဟုတ်ပါဘူးကွယ်၊ တစ်ခုတည်းပါ၊ သူနဲ့သမီး မေတ္တာမျှခဲ့ကြသလား"

"လေရှူး သူ့ကိုချစ်တယ်"

"လေရှူး သူ့ကိုချစ်တယ်ဆိုတော့ သူက မချစ်ဘူးလို့ ပြောလိုက်တာလား"

"ချစ်တယ်လို့ပြောတယ် တီလေး.."

"ဒါဆို သမီးတို့ချင်း ချစ်ခဲ့ကြတာပဲ"

"မချစ်ခဲ့ပါဘူး.."

"ဘယ့်နှယ်.."



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ချစ်တယ်ဆိုတာကို မဖြေခဲ့ရတာလား"

"မဟုတ်ဘူး၊ သူက သူ့ကိုပြန်မချစ်ရဘူးတဲ့"

"ဟင်.."

လေရှုး မျက်ရည်ပေါက်ခနဲကျလာသည်။

မိုးမြင့်ခေါင် ချက်ချင်းနားလည်သွားသည်။ အပျိုကြီးနှစ်ယောက် မျက်စိတွေ နားတွေ ရှုပ်သွားသည်။

ငယ်သူချင်းမို့ မောင်နှမနှစ်ယောက် မျက်လုံးချင်းဆုံသွားသည်။ မိုးမြင့်ခေါင် မျက်လုံးမှာ သနားကြင်နာသော ကရုဏာတို့ကိုတွေ့တော့ လေရှုးပို၍ ငိုချင်လာကာ နေရာမှ ထပြေးလာခဲ့လေသည်။

ခွဲရမှ ပိုသိတာ..

ဦးသက်.. အနားမှာမရှိတော့မှ ပိုသတိရတာ။

လေရှုး..ခင်ဗျားကို သိပ်ချစ်တာ..

ခင်ဗျားကိုမှ ရူးသွပ်ခဲ့မိတာ..

ချစ်တတ်အောင် ခင်ဗျားပဲ သင်ပေးခဲ့ပြီးတော့

မချစ်ရဘူးတဲ့..

အဲဒါ လေရှုး ဘယ်လိုမေ့ရမလဲ၊ ချစ်နေတာကို ဘယ်လိုမေ့ပစ်ရမလဲ..

လေရှုး အိပ်ယာပေါ် ဝုန်းခနဲ လှဲချကာ တဟီးဟီး ငိုချလိုက်မိသည်။ တကယ်ဆို ဒီလောက်ထိ သူရက်စက်သွားသလား။

ထိုအိမ်ကထွက်လာပြီဆိုကတည်းက သူမှာပြေးလိုက်လာမလား။



www.burmeseclassic.com

www.burmeseclassic.com



မတားလောက်ဘူးဆိုတာ သိပေမယ့် နှုတ်ဆက်ဖို့တော့
သူရောက်လာလေမလားရယ်လို့ မျှော်ခဲ့ရတာ·· ဒီနေ့ထိ
သူကတော့ ဖုန်းလေးတောင်မှ ဆက်ဖော်မရပေ။
'ခတ်လမ်းက ဒီမှာပဲ ဆုံးခဲ့ပြီလား···။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

## ဈေးစပ်ကြောင်းလမ်းပြီးစီးခြင်း

## တိုင်းအာကာ
## နှင့်
## လေရူး

တို့သည်...

"ကြည့်စမ်း လုပ်ချလိုက်တာ အကြောင်းလေးဘာလေးတောင် မကြားဘူး၊ အဲဒီတစ်ယောက်နဲ့ ဘယ်တုန်းက ချစ်သွားတာလဲ"

လေရူးက မဲ့မဲ့လေးပြုံး၍

"မချစ်လည်း ဈေးစပ်လို့ရတာပဲ"

"ဘယ်တော့ယူကြမှာလဲ"

"သီတင်းကျွတ်ရင်"

"ကျောင်းမပြီးခင်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်.. သူတို့ဘက်က တစ်ခါတည်းလက်ထပ်ချင်တာ.. ငါက ခေါင်းမညိတ်လို့"

"ခုလည်းကျောင်းမပြီးသေးဘဲ ခေါင်းညိတ်ပြီးတော့"

လေရူး ပြုံးနေရင်းမျက်ရည်ဝဲသည်။ မေလင်းက သေချာ ငေးကြည့်နေ၏။

"ငါ...ငါရူးသွားမှာစိုးလို့ စေ့စပ်ခဲ့တာ"

လေရူး အသံတွေတုန်ခါနေ၏။

လွယ်အိတ်ကို ကျစ်နေအောင်ဖက်ထားတာ

"ငါနဲ့ စေ့စပ်ခွင့်ရဖို့ သူတအားကြိုးစားတာ"

"တိုင်းအာကာလား"

"အင်း..ယောက်ျားနှစ်ယောက်ရဲ့ မတူညီတဲ့ စရိုက်သွင်ပြင်နှစ်မျိုးကြားမှာ တစ်ယောက်ကြောင့် ငါရူးသွပ်ခဲ့ရသမျှ တစ်ယောက်ဆီက ပြန်လိုချင်တယ်၊ အဲဒါ ငါ့ရည်ရွယ်ချက်ပဲ"

"ဒါဆို တိုင်းအာကာက နစ်နာတာပေါ့"

"ငါ နစ်နာခဲ့တာ ပိုပါတယ် မေလင်းရယ်"

"သူနဲ့မှမဆိုင်ဘဲဟာ"

"မဆိုင်ပေမယ့် သူက သိပ်ချစ်ချင်တာကိုး၊ ငါ့အတွက် သူက ဘာမဆို ဖြစ်စေမယ့်သူ..."

"လေရူး..နင်..သက်တန့်ဆင်ကို အရမ်းစွဲလမ်းတာပဲနော်.."

"ပိုတယ်.. ငါသူ့ကို ရူးလောက်အောင်ချစ်တာ၊ သူ့အချစ်တွေကို တမ်းတရင်း ငါတစ်ယောက်တည်းဆို သေသွားနိုင်တယ်သိလား၊ အဲဒါကြောင့်...အဲဒါကြောင့်လေ..ငါတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုရွေးလိုက်ရတာ”

လေရှူး..မေလင်းကိုဖက်၍ငိုသည်။

အမြဲတမ်းပေါ့ပါးသွက်လက်စွာ ချစ်ဖွယ်ကောင်းခဲ့ပါသော လေရှူးမျက်ဝန်းမှာ မျက်ရည်မြစ်ရေဟာ စိုးရိမ်မှတ်ထိ ရောက်ခဲ့ရပြီ။

“သူတောင်မှ မေ့နိုင်သေးတာ၊ မေ့ပစ်လိုက်ပါ လေရှူးရယ်.. နင်ပြောပြကတည်းက ငါသဘောပေါက်တယ်၊ ဒီလိုလူမျိုးရဲ့အသည်းဟာ နင်တို့ ငါတို့ထက် အများကြီးမာတယ်ဟ၊ နင် သူ့အနားရောက်သွားလို့ သူနင့်ကိုသာယာမိတာ ဖြစ်ချင်ဖြစ်မယ်.. နင့်ကို ရူးသွပ်ဖို့တော့ အဝေးကြီးပဲ...”

“မဟုတ်ဘူး..သူ့အတွက်လည်း ငါဟာပထမဆုံးလူပါ၊ သူငါ့ကို ချစ်တာငါသိတယ်၊ ဒါပေမယ့်..သူ..”

“စွန့်လွှတ်ခဲ့တာကိုက မှတ်ကျောက်မတင်ရဲတာပါ ဟာ။ နင်အခုခံစားရသမျှကို ဖြေသိမ့်ရင်း စေ့စပ်ထားတဲ့သူကိုပဲ နှစ်သက်မြတ်နိုးနိုင်အောင် ကြိုးစားလိုက်ပါ”

“ပန်းချင်းတူပေမယ့် ရနံ့ချင်းကွာတယ်မေလင်း.. တိုင်းအားကာ ပစ်သမျှ မြားတွေဟာ ငါ့ရင်ထဲကို တစ်ချက်မှ မထိဘူး၊ အချစ်ဘာကြောင့်ဖြစ်တယ်ဆိုတာ ငါမသိပေမယ့် တိုင်းအာကာကို ငါမချစ်ဘူး”

“ဘာပဲဖြစ်ဖြစ်.. အချစ်ဆိုတာ အလျားအနံမရှိပေမယ့် အသွားအပြန်တော့ ရှိတယ်လို့ပြောကြတာပဲ၊ သူ့အချစ်ကြောင့် နင်တစ်နေ့တော့ ပျော်မွေ့လာနိုင်မှာပါ.. ဟိုမှာ သူလာကြိုနေပြီ.. ငါသွားတော့မယ်နော်..”



www.burmeseclassic.com

www.burmeseclassic.com



"အင်း‥ စောင့်ပေးတာ ကျေးဇူးပဲနော်‥"

မေလင်း လက်ပြထွက်သွား၏။

ခင်ဖျော့ဖျော့ စိမ်းညို့သောမျက်ခုံး၊ မေးရိုးကားသယောင် ရှိသော်လည်း အဖျားသွယ်သွားသည့်မျက်နှာ၊ နှုတ်ခမ်းပါးအစုံ နှင့်တိုင်းအာကာသည် ခပ်တိုတိုဆံပင်ကို သပ်သပ်ယပ်ယပ် ဖြီး လျက်‥ အဝါဖျော့ရှပ်လက်တို၊ ချည်ချောပုဆိုး ရွှေအိုရောင် ကို ခြေဖျားကပ် ဝတ်ထားပြန်ရာ သိမ်မွေ့သော ယောကျ်ားတစ် ဦးအသွင်နှင့်ချောမောတင့်တယ်ပါသည်။

သူသည် လေရူးကိုလည်း အစစအလိုလိုက် ယုယရှာ သူဖြစ်၏။ ဒါပေမယ့် တိုင်းအာကာဆိုသူကို သူမ မချစ်နိုင်ပါ။

"တို့ နည်းနည်းနောက်ကျသွားတယ်ထင်တယ်"

"ရပါတယ်"

လေရူး ကားဆီလျှောက်သွားတော့ သူကရှေ့ကိုကျော် တက်ကာ လျှောက်၍ ကားတံခါးဖွင့်ပေးသည်။

တံခါးပြန်ပိတ်ပေးပြီးမှ သူ့နေရာ သွားထိုင်သည်။

"နောက်နေ့တွေ ရှင်လာမကြိုပါနဲ့"

"ဘာဖြစ်လို့လဲ လေရူးရယ်‥ လေရူးကို လာကြိုပြီး ပြန်ပို့ခဲ့တဲ့အထိ မကြိုက်တဲ့စကားပြောမိသလား၊ သဘောမကျ အောင်ပြုမူခဲ့သလား၊ တို့ကို ဘာမကျေနပ်တာရှိလို့လဲ"

"ဘာမှမရှိဘူး၊ လေရူး စိတ်ကျဉ်းကျပ်လို့"

"တို့ကြောင့် လုံးဝစိတ်မကျဉ်းကျပ်နဲ့၊ အလုပ်ကလည်း မရှိသေးတော့ တို့မှာ လေရူးထက်အရေးကြီးတာ ဘာမှမရှိဘူး"

"ရှင့်အဖေ ဆောက်လုပ်ရေးတွေ တိုးချဲ့နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကိုယ့်အလုပ်ပါ လေရူးထက် အရေးမကြီးဘူး"

"ဪ..."

ကိုယ်ချစ်တဲ့သူကျတော့ တာဝန်ထက် အချစ်ကိုအရေးမပေးနိုင်ဘူးတဲ့၊ ရည်စားထားဖို့တောင် မစဉ်းစားနိုင်တဲ့သူ။

မလိုချင်တဲ့အချစ်တွေကျတော့ အနားမှာ ရေတံခွန်ကြီးတစ်ခုလို.. ဒါပေမယ့် ချမ်းနေတဲ့ကိုယ့်မယ် မီးပုံကလေးတစ်ပုံပဲလိုတာပါ..

ဦးသက်ရယ်.. လေရူးရင်ထဲမှာ ခင်ဗျားရှိနေတယ်သိလား၊ အဲဒါ ခင်ဗျား မသိချင်ယောင်မဆောင်ပါနဲ့...

အချစ်ဆိုတာ အစားထိုးလို့ရတတ်သလား ဦးသက်ရယ်..

ဝေ့တက်လာသည့် မျက်ရည်စတို့ကို မျက်တောင်ရှည်တို့နှင့် ပုတ်ခတ်သိမ်းဆည်း၍....

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဘယ်မှာမှ အလုပ်လုပ်နေဖို့မလိုဘူး၊ ကျုပ်တိုက်တွေက ရတဲ့လခနဲ့ပဲ ရှင်တို့တစ်သက်စာ မကုန်ဘူး၊ ကျုပ်တို့မှာ ငိုစား ရယ်စားဆိုလို့ ရှင်တို့ မောင်နှမသုံးယောက်ပဲရှိတာ၊ မောင်နှမ ချစ်ချစ်ခင်ခင် နေကြဖို့ပဲလိုတယ်"

"ဟုတ်တယ်.. တီလေးတို့ရှာသမျှ မင်းတို့အတွက်ပဲ၊ တစ်စိမ်းတွေဖက်လာရင်လည်း သွေးမကွဲကြနဲ့၊ မောင်နှမ သုံးယောက်လုံးအတွက်က ညီတူညီမျှ ရမှာပဲ၊ အဲ...တီလေးတို့ မသေမချင်းတော့ ဘယ်သူအိမ်ထောင်ကျကျ တီလေးတို့နဲ့ပဲနေရမှာပဲ၊ ဘယ်သူ့ကိုမှ မျက်စိကွယ်ရာ နားကွယ်ရာ ခွဲမထုတ်လိုက်နိုင်ဘူး"

မိုးမြင့်ခေါင်ပြုံး၍ ဇနီးဖြစ်သူ စပယ်နှင်းရဲ့လက်ဖဝါးလေးကို ဆုပ်ကိုင်သည်။

စပယ်နှင်း ခေါင်းလေးငုံ့နေ၏။

သူမဟာ ချစ်လင်ထားသလိုနေ စေရာသွားမယ့် သူပါ။

"ညည်းရော.. ကြားရဲ့လား၊ ပြီးခဲ့တာတွေကို မေ့လိုက်၊ ကျုပ်တို့က ပြောစရာရှိရင်တော့ ပြောမှာပဲ၊ ဒါပေမယ့် ကွယ်ရာမှာ



www.burmeseclassic.com

www.burmeseclassic.com



လက်တို့ နှုတ်ခမ်းမမဲ့ဘူး၊ ဒီမှာပဲ မိသားစုလို လက်ရည်တစ်ပြင်တည်းနေပါ၊ ထစ်ခနဲရှိ အိမ်ခွဲဖို့တို့ အမွေခွဲဖို့တို့ ယောက်ျားကို မပြောပါနဲ့၊ ကျုပ်တို့က မကြိုက်တာရှိရင် ပြောတတ်ပေမယ့် တစ်ဖက်သားကို ချိုးနှိမ်ဆက်ဆံတာမျိုး ဘယ်တော့မှ မလုပ်ဘူး၊ တူကိုချစ်တော့ ညည်းလည်း တူမပါပဲ၊ အခွင့်အရေးပေးတာကိုတော့ ပေးမှန်းသိပါ''

''ဟုတ်ကဲ့ပါ အန်တီ''

''ဒီမှာအတူနေရပေမယ့် လက်ဝေခံသုံးဖို့မလိုဘူး၊ မောင်ထော်လေးလမ်းသုံးလွှာကို သားငယ်တို့သုံးစွဲဖို့အတွက် လောလောဆယ်ယူထား၊ လိုအပ်တာသုံး၊ ပိုရင် ဘဏ်မှာစုထား၊ အိုးခွဲချက်တာတွေ၊ လုပ်ငန်းခွဲချင်တာတွေ မလုပ်ရဘူးနော်၊ ဒီအိမ်မှာ သမီးလေးလေရှုးရှိတယ်၊ ကလေးမရှိတော့ အိမ်မှာသူပဲ ကလေး··ယောင်းမလို့မမြင်နဲ့၊ ညီအစ်မလိုပဲဆက်ဆံပါ၊ ခွင့်လွှတ်သည်းခံ''

မှာစရာရှိတာ အကုန်မှာရသည်။

အပျိုကြီးတွေဆိုပေမယ့် စာတွေ့ မျက်မြင်သင်ခန်းစာတွေက အများကြီး··

''ဟော···ကိုတိုင်းပါလား·· လာသား··မင်းညီမ ခြံထဲမှာထင်တယ်''

တိုင်းအာကာက ပြုံး၍

''ဒါဆို ကျွန်တော်ခြံထဲလိုက်သွားမယ်နော်၊ ပြောစရာလေးရှိလို့''

''သွားလေ··သွား··''



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ် ဒီနှစ်ဒီအခါမှာ မင်္ဂလာကိစ္စတွေ စုပြုံဖြစ်နေရမှန်းမသိပေ။

သားငယ်တို့လင်မယားကို အိမ်ပေါ်ပြောင်းနေခိုင်းလိုက်ကာမှ မမကြီးက သူ့သားနဲ့ လက်ထပ်ဖို့ကို လောလောဆော်ဆော်ဖြစ်လာပြန်သည်။

ဒီကိစ္စအတွက် ဒေါ်မျိုးမျိုး··လေရှူးကို ဘာမှ တိုက်တိုက်တွန်းတွန်းမပြုခဲ့ပါ။

ဒီသမီးလေး သဘောမကျ ငြိုငြင်၍ တစ်ခါထပ်တွက်သွားမှဖြင့်ဆိုသော အသိကြောင့် စကားမှာမှာပင် မပြောခဲ့ပေ။

ပြီးတော့ သူ့ခမျာ ဟိုတစ်ယောက်ကို စွဲလန်းနေဆဲ။

ထိုအချိန်မှာ လေရှူးကိုယ်တိုင်က စေ့စပ်ထားဖို့အတွက် ခေါင်းညိတ်ခဲ့တာဖြစ်လေသည်။

ဘာပဲဖြစ်ဖြစ် တိုင်းအာကာဟာ ယဉ်ကျေးသိမ်မွေ့ဆဲပင်··။

အမိကက သမီးလေး စိတ်ချမ်းသာဖို့····။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"လေရှူး…တစ်ယောက်တည်း ဘာလုပ်နေတာလဲ ဟင်"

"တစ်ယောက်တည်းနေရတာလောက် အေးချမ်းတာ ဘာမှမရှိဘူး"

ပေါင်ပေါ်မှာ စာမူတစ်ထပ်ရှိသည်။

လက်ပိုက်ထိုင်နေရင်း လေရှူးက ခပ်ရွှင်ရွှင်ပြောသည်။ တိုင်းအာကာက ပြုံး၍ အနားမှာထိုင်ရင်း

"တို့က လေရှူးပဲအဲသလို တစ်ယောက်တည်း ငေးငိုင်နေတတ်တာကို မကြည့်ရက်တာ၊ တစ်ခုခုကို ခံစားနေရသလို ပဲလေ…"

"ရည်းစားပူမိနေတာလို့ရောမထင်ဘူးလား"

"ဟုတ်တာပဲဟာ၊ ထင်စရာမလိုပါဘူး"

"ဟင်…"

လေရှူး…မှီထိုင်နေရာမှ မတ်ခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သိတယ်ပေါ့"

တိုင်းအာကာက ခပ်ယွဲ့ယွဲ့ပြုံးသည်။

"လေရှးဝတ္ထုတွေရေးတာ အချစ်မှသိပ်မပါတာ၊ ရန်ကုန်-ဗန်းမော်ခရီးစဉ်တစ်ခုကို အခြေခံပြီးရေးတဲ့ဝတ္ထုတစ်ပုဒ်မှာတော့ အတော့ကို ရင်နင့်စရာဖြစ်အောင်ရေးထားတာတွေ့တယ်၊ အဲဒီဝတ္ထုထွက်တာလည်း ဒီလဆန်းပိုင်းကမှလေ"

သူကပြောနေရင်း လေရှးမျက်နှာလေးကို စိုက်ကြည့်နေသည်။

"ဒုရဲအုပ်တစ်ယောက်နဲ့ ကျောင်းသူလေး တစ်ယောက် မဆုံဆည်းခဲ့တဲ့ အကြောင်းလေ၊ ရေးထားလိုက်တာ၊ အဲဒီမိန်းကလေးရဲ့ ပူလောင်ခြင်းတွေ တို့ရင်ဘတ်ထဲရောက်လာသလိုပဲ၊ လေရှး... ဗန်းမော်က ပြန်ရောက်လာတာ ဘယ်နှစ်လရှိသေးလို့လဲ၊ အဲဒီမိန်းကလေး ဘယ်သူဖြစ်နိုင်သလဲဆိုတာ တို့တွေးမိတာပေါ့"

လေရှး နုံလေးမှာ ပြန်မှီချလိုက်ကာ..

"ဟုတ်တယ်..လေရှးပဲ...လေရှး သူ့ကိုသိပ်ချစ်ခဲ့တာ"

တိုင်းအာကာ မျက်နှာမကောင်းဘဲရှိသော်လည်း နားလည်ဖို့ ကြိုးစားနေလေသည်။

"အဲဒါကို လေရှး ဖုံးကွယ်ဖို့မရည်ရွယ်ပါဘူး၊ မပြောချင်တာ"

"တို့နားလည်တယ်.. လေရှးတို့ကိုချစ်တာမှမဟုတ်တာ၊ ဒီကိစ္စကိုတမင်ဖုံးကွယ်ဖို့မလိုဘူးဆိုတာ ရှင်းပါတယ်၊ တို့လည်း



www.burmeseclassic.com

www.burmeseclassic.com



လေ့·· ရည်းစားထားခဲ့ဖူးပါတယ်၊ အသည်းမကွဲခဲ့ဖူးဘူး၊ ဘာဖြစ်လို့လဲသိလား၊ မခံစားရဘူးဆိုတော့ သိပ်မချစ်တတ်ခဲ့လို့နေမှာပေါ့···ဒါပေမယ့် လေရှူးကို တို့ချစ်တယ်၊ ဟိုးအရင် လူကြီးတွေနဲ့ အိမ်မှာ တစ်ခါတလေလေး မြင်လိုက်ရကတည်းက ချစ်မိခဲ့တာ···"

"မလိုချင်ပါဘူး··ပေးနေပြန်ပါပြီ"

လေရှူး··သက်ပြင်းလေးချမိ၏။

"တို့က ခံယူချက်တစ်မျိုးရယ်၊ တို့ကပဲ အေးဆေးချင်တာ၊ တို့ယူမယ့်မိန်းမကိုတော့ တို့အပေါ် နွဲ့ဆိုးနေတတ်တဲ့ ချစ်စရာ အရမ်းကောင်းပြီး ဂျစ်ကန်ကန်ကလေးလိုချင်တာ"

"အံမယ်··ရှင်က လေရှူးထက် နှစ်နှစ်ထဲကြီးတာ များ"

"ဒါပေမယ့် လေရှူးနဲ့တို့ အသက်ချင်းအရမ်းကွာသလိုပဲလေ·· ဆံပင်တိုတိုလေးတွေ နွဲ့နွဲ့အိအိနဲ့·· စိတ်ကောက်လိုက်တိုင်း ခြေဆောင့်လိုက်တိုင်း တဖျတ်ဖျတ်ခါသွားတာကို တို့မြတ်နိုးတယ်၊ ဘာပြောပြော ကလေးဆန်ဆန် မိုလ်ကျချင်တာလေးတွေကို သည်းခံချင်တယ်···"

"အဲဒီထဲမှာ ရည်းစားပြတ်ခဲ့ဖူးတာမှ မပါဘဲ၊ လေရှူးကို ရှင်ခွင့်လွှတ်ဖို့ စိတ်ကူးသေးလား"

"ရည်စားဖြစ်ခဲ့ဖူးတာမှမဟုတ်ဘဲ၊ ဖြစ်ခဲ့ဖူးရင်လည်း ချစ်သူက တစ်ယောက် လက်ထပ်ခဲ့တာတစ်ယောက် ဖြစ်ဖူးကြတာတွေကို ပြန်တွေးပြီး နားလည်ပေးနိုင်တယ်၊ တို့နဲ့လက်ထပ်ပြီးတဲ့အခါ လေရှူးတို့ကိုချစ်လာအောင် စွမ်းဆောင်နိုင်မယ်လို့ တို့ကိုယ်တို့ ယုံတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက လေရူး လက်ဖမိုးလေးကို ဆိုင်ကိုင်၍
"လေရူးကို တို့တာကယ်စွဲတာ"
သူကိုင်လိုက်သည့်လက်ကို လေရူးရုန်းပစ်လိုက်၏။
"ကျေးဇူးပြုပြီး ဟိုကိုင်ဒီကိုင် မလုပ်ပါနဲ့"
တိုင်းအာကာ သက်ပြင်းချလေသည်။
"နောက်ကို လေရူး ငိုင်တိုင်တိုင်မနေဖြစ်အောင် တို့ဘာလုပ်ပေးရမလဲ"
"သိကြားမင်းဆင်းပြီး ကပြရင်တောင် ရယ်မိမှာမဟုတ်ဘူး"
သိကြားမင်းတော့မသိပါ၊ လေရူးအပြောကြောင့် တိုင်းအာကာ ရယ်သည်။
"တို့က အဲသလိုမှ ရုန်တွေ့ပါ့မလားလို့၊ လေရူးတကယ်မရယ်ဘဲ တည်ထားမှာလား၊ တို့ကပြောမယ်၊ မရယ်ရဘူးဆိုရင် တို့ရှုံးတယ်၊ ကြိုက်တာကိုတောင်းဆို၊ လေရူးရယ်တယ်ဆိုရင် ပါးတစ်ဖက်တည်းပဲ နမ်းမယ်··ဘယ့်နှစ်လဲ"
"အို···"
လေရူး ရှက်သွားသည်။
သူက မျက်နှာငုံ့ကြည့်၏။ အသံထွက်ရယ်နေသဖြင့် နေတတ်တော့ဘဲ လေရူးပြုံးလိုက်မိလေသည်။
"ဟော··ဟော··ပြုံးသွားပြီတွေ့လား"
လေရူး ဟိုဘက်လှည့်ပစ်တော့ သူက အတင်းလိုက်ငုံ့ကြည့်တာကြောင့်·ပခုံးချင်းထိကပ်သွား၏။
သူသည် လေရူးနာဖျားလေးနားမှာ နှုတ်ခမ်းကပ်၍



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လှတာပဲ တကယ်.."

သူဟာ လေရူးကို ပြုံးရယ်နိုင်အောင် တကယ် စွမ်းဆောင်နိုင်ခဲ့သူပါ...။

a ၂ b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

စာရေးတော့မည်ဟု အကြောင်းပြကာ လေရှူး ဘယ်သူ့ကိုမှမတွေ့မခံတော့ဘဲ အခန်းတံခါးပိတ်နေခဲ့သည်။

အထူးသဖြင့် ကျောင်းတွေလည်း ပြီးတော့မှာမို့ လက်ထပ်ဖို့ ပြောတော့မှာကို သိကာ တိုင်းအာကာနဲ့မတွေ့ချင်တာဖြစ်သည်။

မတွေ့ချင်တာရှောင်လွှဲရင်း ရေးလက်စစာမူပင် လက်စသတ်တော့မည်။

"ခဏလေးတော့ လိုက်ခဲ့ပါလေရှူးရယ်၊ တို့မင်္ဂလာကိစ္စအတွက် တိုင်ပင်ချင်လို့ပါ"

"ကဲ...သမီးလည်း အညောင်းမိပါတယ်ကွယ်၊ လိုက်သွားလိုက်ပါ"

တီလေးတို့လည်းပြောတော့ သူနဲ့လေရှူး လိုက်လာခဲ့သည်။

"ရုပ်ရှင်ကြည့်ရအောင်နော်.."

ဟုပြောတော့လည်းခေါင်းညိတ်ခဲ့သည်သာ..

တိုင်းအာကာ ရုပ်ရှင်ရုံထဲမှာ လေရှူးစားဖို့သောက်ဖို့အားလုံးသူပဲဝယ်ကာ ဘာမှ လိုလေသေးမရှိရ။



www.burmeseclassic.com

www.burmeseclassic.com



"လေရှူး..တို့လေရှူးကို ပိုင်ချင်တယ်ကွာ၊ လက်ထပ်ရအောင်နော်..."

ထင်တဲ့အတိုင်းပဲ..

တွေ့တာနှင့်လက်ထပ်ဖို့ကို တိုင်းအာကာ နားပူလေသည်။ လေရှူးလက်ကို ဆုပ်ကိုင်ထားတာလည်း ရုန်းလို့မရ။

"ကျောင်းမပြီးသေးဘူး ကိုတိုင်း၊ ပြီးတော့ စာတ်လမ်းအတွက် အဆာလိုနေလို့ လေရှူးခရီးထွက်ရဦးမှာ"

"ဟင်..ဘယ်ကိုသွားမှာလဲ"

"မဲဆောက်ကို.."

"ဟာ..အဲဒီလောက် သွားဖို့လိုလို့လားလေရှူးရယ်.."

"ဟုတ်တယ်..လေရှူးစာတ်က အဲဒီမှာစာတ်သိမ်းမှာလေ..."

ထိုစဉ် ရုပ်ရှင်ပြလိုက်တာကြောင့် စကားခဏပြတ်သွား၏။

သူက အာလူးကြော်တစ်ထုပ်ကိုဖောက်၍ လေရှူးလက်ထဲထည့်ပေးသည်။

"လေရှူး..တို့နဲ့လက်မထပ်ချင်သေးတာနဲ့ ရှောင်ထွက်တာတော့ မဟုတ်ပါဘူးနော်"

"ဟုတ်မယ်ထင်တယ်၊ လေရှူး အိမ်ထောင်မပြုချင်သေးတာတော့အမှန်ပဲ"

"လက်မထပ်ချင်သေးရင် တို့စောင့်ပါ့မယ်ကွာ၊ ခရီးတော့မထွက်ပါနဲ့"

"ဟင့်အင်း.. လေရှူးဆုံးဖြတ်ပြီးပြီ၊ ဒီစာတ်လမ်းကို



www.burmeseclassic.com

www.burmeseclassic.com



မဲဆောက်မှာသွားပြီးအခုံးသတ်မယ်"

တိုင်းအာကာ မျက်နှာပျက်ပျက်နှင့်ငြိမ်သွားလေသည်။

"ရှင်နဲ့လေရှူး စေ့စပ်ပြီးသားပဲ၊ တစ်နေ့တော့လက်ထပ်ဖြစ်ကြမှာပါ"

"ကျောင်းပြီးတာနဲ့ လက်ထပ်မယ်လို့ လေရှူးခေါင်းညိတ်ထားခဲ့လို့ တို့မျှော်လင့်နေတာပါ၊ လေရှူးသဘောပါပဲ၊ တို့တတ်ရှေ့တိုးဖို့လုံးဝစိတ်မကူးဘူး၊ ဒါပေမယ့် ဒီခရီးကိုတော့ တို့လိုက်ပါရစေ..."

"အို...မဟုတ်တာ.."

"ဘာဖြစ်လို့လဲလေရှူး.. ကိုယ်တစ်ဝက်ဆိုင်ထားတဲ့ နီးလောင်းကို စောင့်ရှောက်ခွင့် တို့မှာမရှိဘူးလား၊ ဒီလိုအပြော တို့ မဏ္ဍာပ်တိုင်တက်ပြနေတာလို့ အထင်မမှားနဲ့နော်၊ လေရှူး ကို တောင်းပန်နေတာပါ"

"လေရှူးတစ်ယောက်တည်းပဲ သွားချင်တယ်"

ပြောလိုက်ရသော်လည်း တစ်ခါမှားခဲ့ဖူးတာကို သတိရ၏။ အဲဒီတုန်းက သူသာမကယ်ခဲ့လျှင်..

ပါလာပြန်ပြီ သူ့အကြောင်း..

နှလုံးသားသည် ဖျစ်ခနဲဖြစ်လျက်..လေရှူးနှုတ်ခမ်းလေး ကိုက်ပစ်လိုက်မိ၏။

မမေ့နိုင်တာထက် မမေ့ချင်တာက ဘာဖြစ်လို့လဲ.. နိုင်တယ် ဦးသက်ရယ်..

ခွဲလာကြတည်းက လုံးဝ အစအနကွယ်ပျောက်နေတဲ့တာ တမင်ရှောင်နေခဲ့တာဖြစ်မှာပါ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ကိုစိုးညာဏ်တို့ခြံကြီးဘက်ကို မိုးလင်းက မိုးချုပ် လှမ်းလှမ်းကြည့်ဖြစ်ခဲ့ရတာလည်း နေ့စဉ်လိုလို… ကြာခဲ့ပေမယ့် အချစ်သည်…..

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"တီလေးကလည်း စာသွားရေးမယ့်ဥစ္စာ၊ ရှင်လောင်းလှည့်တာကျနေတာပဲ"

"အို…ရှင်လောင်းပဲလှည့်လှည့်၊ ရှင်ဘုရင်ပဲထွက်ထွက်အေ… ကျုပ်တို့ကတော့ လိုက်ရမှာပဲ… တစ်ယောက်တည်းသွားမှာတော့ စိတ်မချနိုင်ပါဘူး"

"ဟုတ်တယ်…မိန်းမသားချည်းပဲမို့ သားငယ်လည်းစိတ်မချဘူးတဲ့…ပြီးတော့ ကိုတိုင်းကလည်း သူလိုက်ပို့ပါရစေလို့ပြောနေတာ…တားလို့ကမကောင်းပြန်ဘူး၊ သူနဲ့နှစ်ယောက်တည်းသွားခိုင်းလို့ဖြစ်မလား…ဒါကြောင့် ဒီလူသုံးယောက်က မပါလို့ကို မရဘူး…"

တော်သေးတာပေါ့…အန်တီမပါလို့ဟု တွေးမိကာ လေရှူးခါင်းထဲလက်ထည့်၍ ဖွပစ်လိုက်၏။

"တွေ့လား သူ့ကိုစိတ်မချလို့ လိုက်ကြတဲ့ဥစ္စာ…မိစံက…"

"တီလေးကလည်း ကိုလေးက သူ့မိန်းမနဲ့နေတဲ့ဟာ၊ သရူးက ဟိုမှာတစ်ရက်နှစ်ရက်တည်းနေမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေပေါ့ ညီမလေးရ၊ မိန်းမနဲ့ဘာဖြစ်လဲ၊ ဒီမှာ အနံ့တီ အဖော်ရတာပေါ့၊ ညီမလေး ဟိုတစ်ခေါက်ကလိုဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ မဲဆောက်နဲ့ ဖန်းမော် ဘယ်လောက်ကွာတယ်ဆိုတာ ဟိုကျမှ ညီမလေးသိမယ်၊ ကိုလေးတို့ စိတ်မချတာဘာဖြစ်လို့လဲဆိုတာရော ဟိုကျမှ သိသွားမယ်"

မိုးမြင့်နွေခေါင်က လေရှူးခေါင်းလေးကို ပွတ်ပစ်၍ အနားမှာ လာထိုင်သည်။

"အင်း ကလေးမဟုတ် လူကြီးမဟုတ်နဲ့ တော်တော်ကိုပြောရခက်တဲ့ကလေးပဲ၊ငါ့ညီမကို ကိုတိုင်းနဲ့ အိမ်ထောင်ချပေးရမှာ ခေါင်းတော့ခပ်ကျိန်းကျိန်းပဲ၊ ဟိုကလည်းပုံစံကြည့်ရတာ ပြောသမျှခေါင်းညိတ်မယ့်ရုပ် ဒီပေါက်ကျော်မကို ဘယ်လိုလုပ် နိုင်တော့မလဲ"

"ကိုလေးနော်"

"ဘာလဲ စိတ်ကောက်ဦးမလို့လား"

"ကောက်ချင်နေပြီ ပြောလိုက်ရင်လူကို ပေါက်ကျော်မနဲ့ မျောက်လွှဲကျော်နဲ့"

"မျောက်လွှဲကျော်လို့ဖြင့် ကိုလေးမပြောဖူးပါဘူးဗျာ ကိုယ့်ညီမလေးကို မျောက်နဲ့နှိုင်းစရာလား"

"ပေါက်ကျော်လို့လဲ ပြောဖူးပေါင်တော်"

လေရှူးသူမျက်နှာကို ဖျတ်ခနဲမြင်သည်။

ကိုယ့်စကားနဲ့ကိုယ်ကျွန်သွားပြီးမှ ဘယ်လိုနှုတ်ရမှန်းမသိ

"မျောက်လွှဲကျော်က ကျွန်မပဲတဲ့"

ဘယ်သူပြောခဲ့ဖူးတာလဲ…။



www.burmeseclassic.com

www.burmeseclassic.com



လေရှူးကို ဆုခဲ့မှာန်ခဲ့ဖူးတာ သူပဲရှိတာလေ ဝိတ်ထု ပစ်ချင်တယ်ပြောတာ…

နောက်လှည့်ပြန်သွားလို့ရိုင်းတယ်…

ထုတယ် ရိုက်တယ်နဲ့ ကြိမ်းမောင်းခဲ့ဖူးတာသူပဲ

ဒါပေမယ့် လေရှူး သူ့ကိုပဲစွဲလမ်းခဲ့ဖူးတာဟာ…

ကဲ…ကဲ…ကြီးတဲ့လူတွေက မျောက်ပဲပြောပြော ခွေး ပေါက်လေးပဲဆိုဆို ချစ်လို့ပြောကြတာပါကွယ်၊ ကလေးပြော တာ မကြိုက်ရင် ခဏ ခဏ စိတ်ကောက်မနေနဲ့တော့…။

အန်တီက လေရှူးမျက်နှာလေး ငိုင်သွားပြန်တာကို မမြင်လိုတာကြောင့် ဝင်ချော့သည်။

"ကျောင်းပြီးတာနဲ့တန်းသွားမှာလား ဒါဆို တီလေးခရီး ထွက်ဖို့ စီစဉ်လိုက်တော့မယ်နော်"

ခေါင်းညိတ်မိသလား ငိုင်မိသလားမသိ…

လေရှူးစိတ်ကတော့ အဝေးကိုပျံသန်းရှာဖွေနေခဲ့ပြီဖြစ်သည်။

လေရှူးကို ဆုလှည့်စမ်းပါ ဦးသက်ရယ်…

မပေးတာကိုမှ အထူးလိုချင်နေတာ မိုက်မဲတဲ့ကလေး လေးလို့ ပြောလှည့်ပါဦး…

အခုလေရှူး မဆိုးတော့ဘူး…

ဆိုးနွဲ့ချင်တဲ့ တက်ကြွ လန်းဆန်းခြင်းတွေအားလုံး ဦးသက်ဆီမှာ ထားခဲ့တာပါ….။

ဘဝမှာ ဘာမဆိုဖြစ်ချင်တာ ဖြစ်ခွင့်ရခဲ့ပြီး အချစ်နဲ့ ကျမှ…

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

ကျောင်းပြီးသွားသည်နှင့် စာရေးဖို့ကိုအာရုံပြောင်းယူရသည်။ဆယ်အုပ်စာချုပ်ထားသည်။

အခုနာမည်ကျော်လည်းဖြစ်ခဲ့ပြီ။

ရေးပြီးသားကမရှိ····

ဒါကြောင့်လည်း ခရီးထွက်ဖို့ကို တီလေးတို့လည်း မတားဆီးဘဲ လိုက်ပို့ကြတာဖြစ်သည်။

ဟိုရောက်တော့ ဟိုတယ်မှာမတည်းဖြစ်တော့ဘဲ တိုင်းအာကာရဲ့ဦးလေးအိမ်မှာပဲတည်းဖြစ်ခဲ့သည်။

"ဟိုတယ်မှာက လူရှုပ်တယ် ပြဿနာရှိတတ်တယ် လေရှူးကစာရေးမှာဆိုတော့ အန်ကယ်ထွန်းအိမ်က အကောင်းဆုံးပဲ သူတစ်ယောက်တည်းနေတာ ဘေးခြံကြီးကလည်း လူမရှိဘူးဆိုတော့ စားပင်သီးပင်ကြီးတွေပဲရှိတာ နောက်ဘက်မှာလယ်ကွင်းတွေနဲ့ လေရှူးလိုက်ကြည့်ဦးနော် မနေချင်တော့မပြောင်းတာပေါ့"

ဟိုရောက်တော့ လေရှူးသဘောကျသွားသည်။ ကိုလေးနဲ့တီလေးကလည်း ကောင်းတယ်ဆိုသဖြင့် ထိုအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုဖြစ်ခဲ့လေသည်။

"အိပ်ခန်းထဲမှာပဲ ရေးပါလားသမီးရယ်"

"ဟင့်အင်း လေရှူး တစ်ခန်းသပ်သပ်ပဲ ရေးချင်တာ"

"ရတယ်လေ နောက်ဖေးရော အပြင်ကိုရော လှမ်းမြင်နေရတဲ့ ဒီဘက်ထောင့်ခန်းကို လုပ်ပေးမယ်"

လေရှူး ဘာပြောပြော တိုင်းအာကာက အားလုံးဖြစ်စေခဲ့ကာ ဦးထွန်းကျော်ကိုယ်တိုင်က သဘောကောင်းကာ စုဆောင်းရေးတပ်က အစာရှိ ဝန်ထမ်းတစ်ဦးမို့ အိမ်မှာကပ်သည် သိပ်မရှိပေ။

"လေရှူး··ညစာစားတာ ငပိရည်တွေ သိပ်မစားနဲ့လေ"

ပြောတာက မရဲတရဲ···

လေရှူး မျက်လုံးဝင့်ကြည့်တော့ တိုင်းအာကာ ပျာပျာ သလဲဖြစ်သွား၍···

"သခွားသီးတွေနဲ့ပေါင်းပြီး ဗိုက်နာမှာစိုးလို့ တို့က ပြောတာ"

ဟု ပျာပျာသလဲ ရှင်းပြ၏။

"ရပါတယ်သားရယ်၊ သူက သခွားသီးသိပ်ကြိုက်တာ၊ စားနေကျ··"

လေရှူး·· မျက်နှာပုတ်ပြီးချပစ်တော့ တီလေးက အားနာသံနှင့်ဝင်ပြောသည်။

ထမင်းစားပြီး အချိုစားကြတော့လည်း တိုင်းအာကာ မနေနိုင်ရှာ··

အရသာရှိတဲ့ သစ်သီးတွေကိုထားပြီး တီဗီခုံပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တင်ထားတဲ့ မမှည့်တတ်သေးသည့် မာလကာသီးတွေကို ထယူကာ

"ဒါတွေ စားလို့ရလားဟင်" တဲ့..

"ဘာလုပ်မလို့လဲလေရှူးရယ်.. အဲဒါ ညနေက ဟိုဘက်ခြံမှာ ကလေးတွေဝင်ခူးကြလို့ ကြီးမေယူထားလိုက်တာကွ၊ မှည့်လည်းမမှည့်ဘူး"

"လေရှူး မာလကာသီးပဲကြိုက်တာ"

"အဲဒါတို့ မသိလို့ပါ၊ မနက်ကျရင် မာလကာသီး ကောင်းတာတွေ ဝယ်ထားပေးပါ့မယ်၊ မစားနဲ့နော်၊ အဲဒါတွေ"

"စားမှာပဲ၊ ရှင်နေရာတကာ ဆရာမလုပ်ပါနဲ့"

"မဟုတ်ဘူး၊ အဲဒါတွေ ဖန်မှာစိုးလို့ပါ၊ မာလာကာသီးစိမ်းက ဝမ်းကိုက်တတ်တယ်"

"ကိုက်ကိုက်..."

ကိုလေးက သူတို့ဖြစ်နေပုံကိုကြည့်၍ပြုံးနေသည်။

လေရှူးလုပ်သမျှ မတားဆီးနိုင်ဘဲ တိုင်းအာကာ ခြေမထိ လက်မထိ ဖြစ်နေရှာတာ မြင်ရက်ဖွယ်မရှိ...

တိုင်းအာကာမျက်နှာမှာတော့ ပြောမရလေခြင်းဟု စိတ်ဓာတ်ကျသွားတာမျိုး မတွေ့ရဘဲ ဆိုးနေတာလေးကိုပဲ မြတ်နိုးမဝရှိတဲ့ပုံ...

ဆိုးလိုက်တဲ့ ငါ့ညီမ...

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"လေရှူး…"

စားပွဲထိုင် ဘောပင်ကိုင်နေမှ တံခါးခေါက်သံကြောင့် ဒေါ်သဖြစ်သွား၏။

"ဘာလဲ"

"ခဏလေး တံခါးဖွင့်ပါဦး"

လေရှူး တံခါးဖွင့်လိုက်တော့ လက်ထဲမှာ ခေါက်ဆွဲပုံးနဲ့ ကိတ်မုန့်ဗူးနဲ့ တိုင်းအာကာ ရပ်လျက် ။

"ရော့… ညကျဆာရင်စားဖို့…မီးဖိုချောင်ထဲမှာလည်း စားစရာတွေရှိတယ်၊ ဒါအနားမှာ အလွယ်တကူထား ခေါက်ဆွဲ ထဲမှာ ကော်ဖီသုံးခွက်ဖျော်ထားတယ်၊ ရေခဲသေတ္တာထဲက သစ်သီးတွေ မစားနဲ့နော်၊ ညဘက်ကြီးဗိုက်နာမှာစိုးလို့"

"နေပါဦး၊ ရှင်က မုန့်ကျွေးလိုက် ဟိုဟာမစားနဲ့ ဒီဟာမစားနဲ့တားလိုက်၊ လူကို ရှင်မွေးထားတဲ့ သမီးမှတ်နေဦး မယ်"

"ပြောတော့မယ် လေရှူးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမှာပဲ ဒီမှာတီလေးစီစဉ်ပေးပြီးသား၊ ရှင့်ဟာတွေ ရှင်ပဲပြန်ယူသွား"

"တီလေး ကိုယ့်ကိုဘာမှ မပြောလို့ပါ၊ ပြီးတော့ ဒီမှာ တို့ကအိမ်ရှင် လေရှူးတို့အစစ ပြည့်စုံစေချင်လို့"

"မလိုဘူး… မွေးကတည်းက လေရှူးမှာလိုတယ်ဆိုတာ ဘာမှရှိခဲ့တာ မဟုတ်ဘူး၊ ကဲ…ပြီးပြီလား"

"ပြီးပါပြီ ဟိုရှေ့က ပြတင်းပေါက်ကြီးပိတ်လိုက်ဦးနော် ညဦးက အကြောင်းမဟုတ်ဘူး၊ ညဉ့်နက်တော့ လေရှူးတစ်ယောက်တည်းလေ"

"သိတယ်.."

"ရော့..ဒါတွေယူထားလိုက်နော်၊ တို့ပြန်မသိမ်းချင်လို့ပါ"

လေရှူး ခေါင်းအုံးနဲ့ ကိတ်မုန့်ကို ခပ်ဆောင့်ဆောင့်ဆွဲယူ၍ မျက်စောင်းထိုးတော့ သူကပြုံးနေသည်။

တံခါးပိတ်လိုက်တော့မှပဲ ပြုံးနေတဲ့မျက်နှာကြီးပျောက်သွားပါ၏။ သူ ဘာဖြစ်လို့ ဒီလောက်ခွင့်လွှတ်နိုင်နေတာလဲ။

စိတ်ပျက်ပြီးတော့များ ဇွဲစပ်ထားတာကို ဖျက်ပစ်လိုက်ပါတော့လား.. တကယ်တော့ လေရှူး အစားထိုးလိုမှုတစ်ခုကြောင့်…

တိုင်းအာကာရဲ့ချောမောပြေပြစ်မှုမှာ သာယာနိုင်မည်လားဆိုသော မိုက်မဲတဲ့တွေးခေါ်မှုနှင့် သူ့ချစ်ကို ရှာခဲ့တာဖြစ်သည်။

လေရှူး..မသာယာခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်သည် သာယာမှုကြောင့် ဖြစ်တည်ခြင်းမဟုတ်ပါချေ။

အဘယ်ကြောင့်ချစ်တယ်ဆိုတာ အဖြေရှိတတ်ကြပေမယ့် ဒါကြောင့်မဟုတ်ဘူးဆိုတာမျိုးကျတော့ လူတိုင်းခေါင်းခါတတ်ပါလိမ့်မည်။

ဦးသက်...လေရှူးကိုဖျားယောင်း ချော့မော့ခဲ့သည်မဟုတ်ဘဲ.. နားလည်လိုက်လျောခဲ့တာမရှိဘဲ..

နူးညံ့ပျော့ပျောင်းသူမဟုတ်တာလည်း သိသိနှင့် လေရှူးဘာလို့ချစ်ခဲ့တာလဲ။

စားပွဲမှာထိုင်ပြီးတော့လည်း စာမရေးဖြစ်ပါချေ။

"လေ့ရှူး.."

"လာပြန်ပြီ တစ်ယောက်..."

"ကိုလေး..ဘာလဲဟင်"

"တံခါးတွေ အားလုံးပိတ်ထားနော်"

ဟိုတစ်ယောက် သွားပြောနိုင်းတာဖြစ်နိုင်၏။

"ဟုတ်ကဲ့ပါ"

"စားစရာတွေ စုံအောင် သိပ်စားမနေနဲ့ဦး"

ဒီအသံပဲ

"အင်းပါဆို..."

"ကိုလေး..အိပ်တော့မယ်.."

အိပ်တော့မှာကိုပဲ လာပြောနေရတဲ့အဖြစ်...

အမြဲတမ်း တစ်အိမ်လုံး ယုယတတ်ကြတာမှန်းသိပေမယ့် ခုချိန်မှာ လေရှူးတစ်ယောက်တည်းပဲ တွေးငေးနေချင်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

နေ့တွေ လတွေ ရှေ့တိုးရင်း ရာသီဟာ အသစ် အသစ် ပြောင်းလဲသွားပေမယ့် နှလုံးသားမီးလောင်ပြင်မှာ မီးခိုးငွေ့တွေ ရှိနေဆဲ..

သူ့ထံမှ ပြန်လည်သိမ်းဆည်းလာခဲ့ရသော ဒြပ်မဲ့အချစ် တစ်ခုကို တစ်ယောက်ထံမှာ ရောနှောမွှေနှောက်ပစ်၍ မရပါလား...

"သမီးရေ..."

"ရှင်..."

လေရှူး ခေါင်းကုတ်မိတော့သည်။

"တီလေး ပုတီးစိပ်နေတာနော်၊ မအိပ်သေးဘူး၊ အပေါ့အပါးသွားရင် တီလေးကိုခေါ်၊ တစ်ယောက်တည်းမသွားနဲ့"

"ဟုတ်ကဲ့ပါ"

"အေးအေး..."

လာစရာလူမရှိတော့ဘူးဆိုတော့ လေရှူးဘောပင်ကို ပြန်ကိုင်သည်။

သို့သော် ရေးလက်စစာမှုကို ဟိုလှန်ဒီလှန်ပြန်ဖတ်ရင်း တော်တော်နဲ့ စာမရေးဖြစ်ပါ။

ရေးထားတဲ့စာကို ခေါင်းထဲမှာ ပူသွားအောင်ပြန် ထည့်နေရသည်။

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးသွား၏။

ညဉ့်ကလည်း တိတ်ဆိတ်နေသည်။

ပြတင်းပေါက်က လေတဖြူးဖြူးဝင်နေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မပိတ်ဖြစ်ခဲ့ပေ။

မှောင်မည်းနေသော ခြံထဲအား ငေးကြည့်လိုက်၊ စာရေးလိုက်...

✍ ငရဲလေးဟာ သစ်နက်ရှုးထားတဲ့ ခြေထောက်ကို ဖရွတ်တိုက်ဆွဲပြီး အနီးဆုံးမှာရှိတဲ့ တိုက်ခံအိမ်တစ်လုံးရဲ့ ခပ်ဟာဟာ နောက်ပေးတံခါးကနေ အားစိုက်ဝင်လာခဲ့တယ်...

✍ ခုချိန်မှာ သူဟာရှေ့မှာဘာယ်လို ရန်သူမျိုးကိုပဲဖြစ်ဖြစ် ကြောက်တော့မည်မဟုတ်ပါ..

လေရှူးရေးပြီးတဲ့စာကြောင်းတွေကို ပြန်ဖတ်လိုက်သေးသည်.. ပြီးမှ ဆက်ရေး၏။

✍ သူဝင်လာခဲ့တဲ့ သံမံတလင်း တစ်လျှောက်မှာ သွေးစွတ်ကြောင်းကြီးက အမျှင်ပြတ်ခဲ့သည်မရှိဘဲ အခန်းတစ်ခုထဲ ဝင်မိလိုက်မိတဲ့အချိန်မှာ ခြေထောက်ကသွေးများက အိုင်ထွန်းနေခဲ့ပြီးဖြစ်၏။

"ဂျိမ်း.."

ခပ်သော့သော့လေးပဲ တိုးတိုက်သွားတာပေမယ့် မျက်နှာရှေ့က ပြတင်းတံခါးတစ်ချပ်က ဂျိမ်းခနဲဆောင့်ပိတ်သွားသည်။

စာထဲမှာ စိတ်နစ်နေတာကြောင့် လေရှူးမော့မကြည့်ဖြစ်ပေ...။

✍ သို့သော်နောက်ကရှူသံရှူသံတွေကြားလာရ၏။

ငရဲလေး အခန်းတံခါးပိတ်ဖို့ကြိုးစားထရပ်လိုက်တယ်။ ပေမယ့်လဲကျသွားပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



✍ ဖက်ရာက သွေးထွက်လွန်ကာ မျက်လုံးတွေ ပြာလာတာကြောင့် သူ့ဘဝနောက်ဆုံးအချိန်ကိုရောက်နေပြီဆိုတာ သူသိလိုက်တယ်။ ဒါကြောင့်သူဟာအသက်ပေးခေါင်းရောက်လာခဲ့တဲ့ သူ့ပစ္စည်းလေးတွေကို တုတ်ကြည့်ရင်း လက်ထဲမှာ ကျစ် နေအောင် ဆုပ်ထားလိုက်တယ်။

✍ သွေးရူးနေသောသူ့လက်ကြမ်းကြီးထဲမှာ...

လေရူး စာငုံ့ရေးနေရင်း မျက်ဝန်းထောင့်မှာ လှုပ်ရှားမှု တစ်ခု တဖြည်းဖြည်းဝင်လာတာကြောင့် မျက်လုံးက ထိုနေရာသို့ရောက်သွားမိ၍

"အမလေး..."

ပြတင်းအပြင်ဖက်မှ တိုးဝင်လာသော လက်ကြီး တစ်ဖက်သည် သွေးချင်းချင်းနီလျက်..

ကြောက်အားကြီး၍ ကြက်သေသေသွားစဉ် ခေါင်းကြီး တစ်လုံးဟာ တဖြည်းဖြည်းကြွတက်ပေါ်လာကာ

"အာ.. အား..."

မျက်ခွံကြီးတစ်ဖက်က ဖူးယောင်ပိတ်ကျနေသည်။

မျက်လုံးကြီးတစ်ဖက်က နီရဲပြူးထွက်နေ၏။

ရုပ်ရှင်ထဲမှာ အလူးအလှိမ့်နှိပ်စက်ခံထားရသည့် ရုပ်မျိုး ဖြစ်ကာ မေးဖျားမှာ ချွေးစတွေ ရွှဲနေ၏။

"ရှင်...ရှင်..."

လေရူး ထပြေးဖို့ သတိမရ။

မေ့မျောလဲကျသွားတာလည်းမဖြစ်ဘဲ နှုတ်ခမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ တဆတ်ဆတ်တုန်ကာ စကားပြောလို့မရဘဲဖြစ်သွား၏။

ထိုခေါင်းကြီးသည် ပြတင်းပေါက်ဘောင်ကို လက်နဲ့ အနိုင်နိုင်ခိုတွယ်ထောင်မတ်လာပြီး

"ရော့··ဒါ···ဒါလေး···အား··"

လေရှူးရှိရာသို့ တစွေစွေ လှမ်းငေးနေ၏

ကိုယ်တိုင်သည် အသက်ကိုခက်ခဲပင်ပန်းစွာရှူလျက်···

"ဒါလေး အမှတ်နှစ်ထဲက မမြသန်းနဲ့သီတာသန်းကို သွား··သွား စမ်း···အ"

လူသည် တွန့်ခနဲတုန်လှုပ်သွားသော်လည်း လေရှူးရှိရာ သို့ ဆန့်တန်းထားသည့်လက်ကတော့ ပြုတ်ကျမသွားပါလေ

"သူခိုးကွ သူခိုး ဒီခြံထဲဝင်သွားတာ"

"ခေါ်သွား"

"ဗျို့···ဦးလေးထွန်း"

ချက်ချင်းပတ်ဝန်းကျင်မှာ ဆူညံလာ၏

လေရှူးရှေ့က မျက်နှာကြီးသည် ပြုံးပြဲခြောက်ခြားသွား သည် ။

"ဒါလေးပေးပေးပါ ကျုပ်···ကျုပ် မတရားနှိပ်စက်ခံရ တာပါ၊ ကျုပ်လူကောင်းပါ···အား"

လူကြီးကိုယ်လုံးကြီးကော့ခနဲ ဖြစ်သွားကာ သူ့လက်ထဲ ခပ်လုံးလုံးအရာလေးမှာ ဖြုတ်ခနဲစားပွဲခုံကြားသို့လွတ်ကျ သွားသည်။

ခေါင်းကြီးတဖြည်းဖြည်း နိမ့်ကျပျောက်ကွယ်သွားပြီး တင်းပေါက်မှာ လက်ချောင်းရာ သွေးစင်းကြောင်းကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျန်နေခဲ့၏

လေရှူး အစအဆုံးကြည့်နေပြီးမှ တစ်ကိုယ်လုံးတုန်ယင်လာ၏

"လေရှူး…လေရှူး"

"ဒေါက်…ဒေါက်"

ခေါ်သံကြားမှ ကိုယ်ကိုပုတ်နှိုးလိုက်သလိုဖြစ်ကာ လေရှူး ဝုန်းခနဲ ထရပ်လိုက်မိသည်။

"လေရှူး"

"ကိုတိုင်း"

လေရှူးတံခါးအမြန်ဖွင့်လိုက်သည်။

တံခါးဝမှာ ရပ်နေသည့် တိုင်းအာကာကို ကတုန်ကယင်ဖက်၍ လေရှူး ဟီးခနဲငိုချလိုက်သည်။

"လေရှူး ဘာဖြစ်တာလဲ"

"ခဏလေး ဟိုမှာ သွေးတွေပါလား"

ပြတင်းပေါက်မှာ ထင်ကျန်ခဲ့သည့် လက်ချောင်းရာကြီးကို အားလုံးမြင်သွားတော့ ကိုလေးနောက်ပြန်လှည့်ကာ ရဲကင်းတွေဆီ အကြောင်းကြားလိုက်သည်။

တိုင်းအာကာက လေရှူးကို ခေါ်စိုးစိုးရင်ခွင်ထဲ ထည့်ပေးခဲ့ပြီး ပြတင်းပေါက်အပြင်ဘက်ကို ပြေးလိုက်သွားသည်။ အားလုံးရဲတော်မီးထိုးထားကြသော မီးရောင်အောက်မှာ သွေးသံရဲရဲနှင့် တရားခံက သေဆုံးနေပြီဖြစ်သည်။

"ဒီလူ စွတ်ပြေးတာကွ၊ လိုက်လို့ကိုမမီဘူး"

"ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ မသင်္ကာလို့ ဓါတ်မီးထိုးပြီးရပ်ဆိုတာ မရပ်လို့ လိုက်ကြတာ"

"ဒီအခန်းထဲမှာ ဘယ်သူရှိလဲ"

"ကျွန်တော့်ညီမလေးပါ ဝတ္ထုရေးနေလား၊ စာရေးနေလား၊ မသိဘူး"

"ဟုတ်လား...သူ့ကို ဒီလူဘာလုပ်သွားသလဲ"

"ဘာမှမဖြစ်ဘူး သူကအပြင်ကဆိုတော့ ဘာမှမလုပ်နိုင်သေးခင် ဆရာတို့ရောက်လာလို့ အားလျော့ပြီး ဆုံးသွားတာဖြစ်မယ်"

ဒါပေမယ့် သူတို့က လေရူးကိုသေသေချာချာ မေးကြသေးသည်။

လေရူး ဘာမှမဖြစ်ဘူးပဲ ခေါင်းခါလေသည်။

ပေးခဲ့သည့် ပစ္စည်းလေးကို သတိရမိသော်လည်း ကြောက်စိတ်ပြေသွားတော့ သူဟာလူတစ်ယောက်ပါလားဟု အနာစိတ်ဝင်လာပြီး လူဆိုးများအကူအညီတောင်းတာကို ရဲတွေ ရှေ့မှာ မပြောရက်ဘဲ ဖုံးကွယ်ထားခဲ့မိ၏။

"သူပြတင်းပေါက်မှာ ပေါ်လာတုန်းပဲ အိမ်ရှေ့ကအသံတွေကြားရတာပါ အဲဒီမှာသူလဲကျသွားတယ်"

လေရူး ဒါပဲပြောခဲ့သည်။

အားလုံးအေးချမ်းသွားမှ ထိုပစ္စည်းလေးကို တစ်ယောက်တည်းကောက်ယူကြည့်ခဲ့၏။

ချောမွတ်နေသော ကွမ်းသီးလုံးခန့်အထုပ်ကလေး ငွေစ ပ်ဖြစ်ကာ ဖြေကြည့်လိုက်တော့ အထဲမှာ အညီအညာ လုံတ်ဖြ



www.burmeseclassic.com

www.burmeseclassic.com



ထားသော စာရွက်ခေါက်လေးတစ်ခု

စာရွက်ပေါ်မှာ တောင်တန်းပုံ သစ်ပင်ပုံ စက်ဝိုင်းသေးလေးနှစ်ခုသုံးခုနဲ့ ပုံကြမ်းတွေဆွဲထားတယ်။

ထိုပုံအလယ်ဆိုင်နေသော သစ်ပင်သုံးပင်ကြားအလယ်တည့်တည့်ကို ကြယ်ပွင့်ပုံဆွဲထား၏။

မြေပုံတစ်ခုဆိုတာ လေရူးသိလိုက်၏

မှုခင်းရေးနေရင်း သူမကိုယ်တိုင် မှုခင်းထဲ ပါဝင်ပတ်သက်မိပြီ မှန်းသိတော့ စဉ်းစားရပြီ။

ဒီမြေပုံကို ပြောတဲ့အတိုင်း သွားပေးသင့်လား၊ မပေးသင့်ဘူးလား။ မပေးဘဲ ရဲလက်ထဲ အပ်လိုက်ရင်ပြီးပြီ။

ဒါပေမယ့် ဟိုလူကြီးကို လေရူး သနားနေ၏။ သူ့ခမျာ ဒါလေးတစ်စုံတစ်ယောက်ကို ပေးပြီး ပို့နိုင်းချင်လို့ လူရှိတဲ့ နေရာ မနဲဝင်လာရှာတာ

သူ့ကိုယ်သူ သေတော့မယ့်ထွက်သက်လေးကို အနိုင်နိုင်တင်းထားပြီး အကူအညီတောင်းချင်လွန်းလို့ရောက်လာတာ။

ဌါကိုပေးပြီးမှ စိတ်ချပြီး အသက်ထွက်သွားတာကို ငါဒီလို လုပ်သင့်သလား...။

ပြီးတော့ သူပေးခိုင်းသည်က မိန်းမတွေဆီကို ကိုယ်သွားပေးလိုက်ရုံပဲ။

ဒီလောက်လေးကို လုပ်ဖို့ လေရူး ဆုံးဖြတ်လိုက်၏

a a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"စက်ဘီးစီးချင်တာပဲ တို့ဘေးကလိုက်ခွင့်မရှိဘူးလား လေရှူးရယ်"

"မလိုက်ပါနဲ့ဆိုမှ ဘေးမှာ ဘယ်သူပါတာမှကို မကြိုက်တာ၊ ဘာလုပ်လုပ် ဟိုဟာမလုပ်နဲ့ ဒီဟာမကိုင်နဲ့ စားတာသောက်တာကအစ ပြောနေတာ၊ သိပ်စိတ်ညစ်တာပဲ"

စက်ဘီးနဲ့အတူထွက်လာကြပြီး လမ်းကျမှ လေရှူးဖွဲ့ဖောက်တာဖြစ်သည်။

စက်ဘီးစီးချင်တယ်ဆိုလို့ တိုင်းအာကာ ချက်ချင်းစီစဉ်ပေးသည်။ကားတစ်စီးသာရှိသောအိမ်မှာ စက်ဘီးနှစ်စီးရဖို့ ချက်ချင်း စီစဉ်ကာ အတူထွက်လာခဲ့၏။

တကယ်တော့ တစ်ယောက်တည်းဆို တီလေးတို့မလွှတ်မှာစိုးလို့ တိုင်းအာကာကို ခေါ်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကို လူသိခံလို့မဖြစ်ပါ။

"ရှင် ဒီမှာပဲနေခဲ့ပါ အမှတ်နှစ်ထဲကို ဝင်ပြီးရင် လေရှူးပြန်လာမယ် အိမ်ကိုမပြန်သွားနဲ့နော် လေရှူးကို ကိုလေးတို့ ဆူရင် ရှင့်ကို မခေါ်တော့ဘူး"

"လေရှူးရယ် ဘယ်သူ့မှမပြောလည်း ကိုလိုက်ပါရစေ လေရှူးတစ်ယောက်တည်း ကိုစိတ်မချလို့ပါ ကိုလေးတို့သိရင် တို့ဘယ်လိုဖြေရှင်းရမလဲ"

"ဘာမှသိစရာမရှိဘူး ဒီနားမှာသာစောင့်"

လေရှူးဖွတ်ထွက်သွားတာကို ရပ်ကြည့်နေခဲ့ရရင်း အလိုလိုက်ချင်မိတဲ့ဒုက္ခကို တိုင်းအာကာ ကောင်းကောင်းကြီး ခံစားနေရလေသည်။

a j b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ခြံကြီးတွေက ကျယ်ဝန်းကာ အချို့ခြံအတော်များများဟာ အိမ်မရှိပေ။သစ်ပင်ခြံနွယ်များနှင့် အိမ်ခြေပြတ်သလို လူသွားလူလာပါပြတ်၏။

လေရှူးရှေ့ဆက်တိုးဖို့ကို စဉ်းစားရပြီ၊ နာမည်လောက်ပဲ သိတာမို့ လိပ်စာကမရေရာ မမြသန်းကိုတွေ့ပေမဲ့ သီတာသန်းနဲ့ တွဲလျက်မဟုတ်…။

ဘယ်သူကတွေ့ချင်တာလဲဆိုတော့ ကိုယ့်မှာပြောစရာမရှိ ထိုစဉ်ရှေ့တည့်တည့်မှ ဈေးဆွဲခြင်းနဲ့ ကလေးလေးလျှောက်လာတော့ အမျိုးသမီးတစ်ယောက်ကို မေးကြည့်တော့မှ…

"မမြသန်း ဟုတ်လား"

"ဟုတ်ကဲ့ သီတာသန်းဆိုတာရောပဲ"

"အဲ့ဒါသူ့သမီးလေ ကိုသိန်းဇော်ရဲ့ဇနီးနဲ့မယား"

အမျိုးသမီးကပြော၍ နှုတ်ခမ်းကို မဲ့ကာ

"ခြံက ဟိုရှေ့မှာ အုတ်တံတိုင်းတစ်ခြမ်း ကျိုက်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ခြံပဲ... အဲဒီခြံက ပိုင်ရှင်တွေက ခဏတို့ကို အစောင့်ထား ခဲ့တာ၊ ခပ်ရှုပ်ရှုပ်ဟာတွေပါ၊ ညီမလေးကဘာသွားလုပ်မလို့လဲ"

"ကိစ္စရှိလို့ပါမမရယ် ကျေးဇူးတင်ပါတယ်နော်"

"အေး ရပါတယ်၊ စောစောကပဲ အဲဒီထဲ ကားတစ်စီး ဝင် သွားသေးတယ် သိပ်ဖယားရှုပ်တဲ့ဟာတွေ"

အမျိုးသမီးက အထင်အမြင်သေးသလို ပြောကာ လေရှုးသွားမယ့်ဘက်ကိုပဲ လျှောက်ထွက်သွားလေသည်။

လေရှုး သူမကို လှန်၍စက်ဘီးစီးလာခဲ့၏

သူတို့ဟာ ဘယ်လိုလူတွေပဲဖြစ်ဖြစ် ဦးသိန်းဇော်ရယ် မမြသန်းနဲ့ သီတာသန်းတို့ဟာ မိသားစုလေးတစ်စုမှန်း သိခဲ့ရပြီ။

သူ့မယား သူ့သမီးအတွက် အသက်စွန့်သွားလေသူရဲ့ ဆန္ဒအတိုင်းသာဖြည့်ဆည်းပေးဖို့ လေရှုး ဆုံးဖြတ်ချက်ခိုင်မာသွား ၏။

လူကောင်းတွေပဲဖြစ်ဖြစ် လူဆိုးတွေပဲဖြစ်ဖြစ် လေရှုးက ပို့ပေးပါဆိုတာကို ပို့ပေးဖို့သာ ခေါင်းထဲထည့်ထားတာ ဖြစ်သည်။

ဒီပစ္စည်းနဲ့ပတ်သက်လို့ စိတ်မဝင်စားပေ။

a ၂ b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

အုပ်ဆိုင်းနေသည့် သစ်ကိုင်းကြားထဲ သေနတ်ကိုင်လက်ကို တင်၍ ဖိဆွဲထားတာမို့ ရှေ့ကမြင်ကွင်းကို ကွက်ကွက်ကလေး မြင်နေရင်း

တိုက်ကြီးရဲ့ ဇေထားသော ယိုင်နဲ့နဲ့သံတံခါးကြီးနောက် ကွယ်က အရိပ်များ…

ထိုစဉ် မြင်ကွင်းထဲကို စက်ဘီးလေးတွန်းလို့ဝင်လာ သည့်မိန်းကလေးတစ်ယောက်…

အရိပ်ကလေးမြင်လိုက်တာနှင့် သူချက်ချင်းသိလိုက်၏ လေရှူး…

သက်တန့်မျက်နှာပျက်သွားသည်။

“ဟာ ဆရာ ခြံရှေ့မှာ ကောင်မလေးတစ်ယောက် ဘာလာလုပ်တာလဲမသိဘူး ပြဿနာပဲ”

“ငါမြင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



သက်တန့်စိတ်ပူသွားလေသည်။

"ဘယ်လိုလုပ်မလဲဆရာ၊ အထဲမှာ ဟိုကောင်တွေ အလုပ်လုပ်နေကြတာ"

"နေဦး..."

သူ ဘာလုပ်ရမလဲ အပြေးအလွှားစဉ်းစားရသည်။

အထဲမှာ ကားနှစ်စီး ဝင်ထားသည်။

နိုင်ငံခြားသားသုံးယောက်နှင့် အားလုံးဆယ့်သုံးယောက် တိတိ။

ဒီအချိန် အပိုင်ဝင်စီးဖို့ ပတ်လည်မှာ သူတို့ပိတ်ဆို့ထား ပြီးဖြစ်သည်။

မိန်းမသားနှစ်ယောက် အထိနာသွားမည်စိုး၍ ချိန်ဆနေ ကြခြင်းဖြစ်သည်။ လေရှူးကထပ်ပြီး ဘယ်လိုရောက်လာတာလဲ။

ဒုစရိုက်လုပ်ငန်းတွေချည်း ဖြစ်ပွားနေသော ဒီနေရာကို ဘာလာလုပ်တာလဲ သူကြည့်နေဆဲမှာ တံခါးပွင့်သွားကာ ယောကျ်ားတစ်ယောက် လေရှူးကို ခြုံထဲခေါ်သွင်းသွား၏။

"တောက်..."

ကရုဏာဒေါသက ထောင်းခနဲဖြစ်လျက် တောက် ခေါက်လိုက်မိ၏။

လေရှူး ...

ဘာမသိညာမသိနဲ့ဝင်ပါလာပြန်ပြီ။

သူများအားလုံး အပိုင်ပိတ်ဆို့ထားပြီးမှ အစီအစဉ်တွေ ဖျက်ရတော့မည်။

သူနည်းနည်းလေးနောက်ကျသွားတာနဲ့ လေရှူးဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မည်သာ။

သူသေနတ်ကို ခါးကြားပြန်ချိတ်ကာ

"လင်းအောင်"

"ဗျာ… ဆရာ"

"ရှပ်ကုန်ပြီ အထဲကိုငါဝင်မှဖြစ်မယ်"

"ဘာဖြစ်လဲဗျာ၊ ကျွန်တော်တို့ခုပဲ ဝင်ပြီးမှ ရောဖမ်းလိုက်မှာပေါ့"

"မဖြစ်ဘူး…မင်းဝင်လိုက်ရင် ဒီကောင်မလေး ရှောင်တတ်ပြေးတတ်မှာမဟုတ်ဘူး"

နေရာတကာတကျပြတ်သားတတ်ခဲ့သော ဆရာဖြစ်သူ၏ မျက်နှာကို လင်းအောင်အံ့ဩစွာကြည့်၏။

လေရှူးကိုသူမသိပါ။

သို့သော် သူ့ဆရာ ဒီကောင်မလေးကြောင့် ရန်သူ့နယ်မြေထဲဝင်တော့မှာကို နားလည်သည်။

"လင်းအောင် မူလအစီအစဉ်အတိုင်းပဲလှုပ်ရှားမယ်"

"ဆရာက…"

"ငါထွက်သွားလို့ ဆယ့်ငါးမိနစ်ကြာတာနဲ့စလုပ် ဒီကောင်တွေအားလုံးလက်ဖြောင့်တယ်၊ ထွက်လာသမျှ ဦးအောင်ပစ်ချ"

"ဆရာ"

တိုက်ကြီးဆီသို့ ညာဘက်မှကပ်တက်သွားသည့် ဆရာဖြစ်သူကို လင်းအောင်နဲ့သူတို့အားလုံး နားမလည်စွာ လိုက်ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"နေမျိုး"

"ဗျာ...ဆရာလင်း"

"ကိုသက်တို့ဘက်ကို မင်းကူးသွား၊ အစီအစဉ်ပြင်ထားတယ်ပြော"

"ဟုတ်"

"မင်းမင်း"

"ဟုတ်"

"မင်းက ဦးလှဝင်းတို့အဖွဲ့ဆီသွား..."

"ဟုတ်"

လင်းအောင်က အထက်ဆရာမရှိတော့ သူပဲအမိန့်ပေး၍ နာရီကိုကြည့်လိုက်သည်။

နောက်ဆယ့်ငါးမိနစ်ဆိုရင် ပတ်ဝန်းကျင်သည် သည်သို့ တိတ်ဆိတ်စွာ ရှိနိုင်တော့မည်မဟုတ်။

a ၂ b



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၈)

"ဆရာကြီး…ဒီမှာကောင်မလေးတစ်ယောက်၊ မမြသန်းကိုမေးလို့ ခေါ်လာခဲ့တယ်"

ယောက်ျားတွေအများကြီးထဲမှာ စားပွဲခုံပေါ်ခြေတစ်ဖက်လှမ်းထောက်၍ ခါးထောက်ရပ်နေသော ကျောပေးနေသည့် မျက်နှာကြီးက ဖျတ်ခနဲလှည့်လာသည်။

မှားပြီဆိုသောအသိက ခါးသီးဖွယ်ဝင်လာသည်။

လေရှူး…နင်ဘာလုပ်လုပ် မမှန်ခဲ့တာ ဘဝပျက်ဖို့ချည်းပါလား…။

ရွံရှာစက်ဆုပ်ဖွယ်ကောင်းသော မျက်နှာကြီးသည် အဆီတပြန်ပြန် နှုတ်ခမ်းမွေးကော့ကော့နှင့် ဘုတ်သိုက်အုပ်ခဲနေသော ဆံပင်ရှည်ကြီးက ချေးအထပ်ထပ် ဖုန်ရောင်တက်နေသည့်နှယ်

"မင်းက ဘယ်သူလဲ"

"ကြည်ပြာ…"

လေရှူး… နာမည်ကိုလွှဲပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ်မှားခဲ့မိသော ကိုယ့်အပြစ်နဲ့ကိုယ် ရင်ဆိုင်တော့ဖို့ စိတ်ကို တင်းပစ်လိုက်၏။

သူမ ဝင်လာခဲ့ရသည့်နေရာသည် တိုက်ကြီးရဲ့ ကားဂိုထောင်လိုလို အခန်းကျဉ်းလေးဖြစ်လျက်·· အပြင်မှာရော အထဲမှာပါ ယောက်ျားတွေချည်းမြင်နေရ၏။

"ဘယ်မှာလဲ မမြသန်း"

သူတို့အားလုံး လူဆိုးတွေဖြစ်ခဲ့လျှင် မမြသန်းတို့ဘာဖြစ်ကုန်ပြီလဲ။

သူတို့ဘယ်လိုပတ်သက်ကြသလဲ။

"မမြသန်းကို မင်းကဘာလို့လာရှာတာလဲ"

"အလည်လာတာ"

ဆရာကြီးဆိုသူက ခပ်မဲ့မဲ့ပြုံးသည်။

ထိုစဉ် စကားဝဲဝဲနှင့်အသံတွေထွက်လာ၏။

နိုင်ငံခြားသားသုံးယောက်ကို လေရှူးခုမှမြင်သည်။

သူတို့က လေရှူးကို ခြေဆုံးခေါင်းဆုံးကြည့်၍ မြန်မာလိုခပ်ဝဲဝဲ ပြောလိုက်··ဘာမှန်းမသိတဲ့စကားတွေပြောလိုက်··

"မင်းကိုငါတို့ ဒီမှာမမြင်ဖူးဘူး၊ နေပါဦး မင်းကအလည်လာတာဆိုတော့ ဘယ်ကလဲ"

"လေ··အဲ··· ကျွန်မက··ကျွန်မ ဘယ်ကဖြစ်ဖြစ် မမြသန်းဘယ်မှာလဲ"

"အလို့·· တယ်သတ္တိကောင်းပါလား"

ဆရာကြီးက တင်ထားသည့်ခြေတစ်ဖက်ကို ရုပ်ကာလေရှူးဆီ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တည့်တည့်ရပ်၍ သေချာစိုက်ကြည့်ကာ

"မင်း တော်တော်လှတာပဲ၊ နှမျောစရာတော့ အကောင်းသားကွ၊ ကဲ··မသေချင်ရင် မှန်မှန်ဖြေစမ်း၊ ဒီကိုဘာလာလုပ်တာလဲ၊ မမြသန်းကဘာလဲ၊ မင်းသိလား"

လေရူး ဘာဖြေရမှန်းမသိ။

ဆရာကြီးဆိုသော လူကြီးက ခေါင်းမော့၍ ခပ်အုပ်အုပ်ရယ်သည်။

"သေချာပါတယ်၊ မင်းဒီကိုကိစ္စမရှိဘဲ မလာပါဘူး"

"ဆရာကျား··အပြင်မှာ သူပြောတော့ ကိစ္စရှိလို့ပါလို့ပြောတယ်၊ ကေန္တချောင်ခိုနေတဲ့ သိန်းမောင်ကြီး ခိုင်းလိုက်တာများလား"

"ဟင်···"

လူကြီးမျက်ခုံးကြီးနှစ်ဘက် ပင့်တက်သွားသည်။

"မင်းသိပ်တော်နေပါလား ကိုပိုက်···"

လေရူး ကြက်သီးထသွား၏။

သိန်းမောင်ကြီးဆိုသောအသံကြောင့် အခန်းထဲမှာရှိသမျှလူအားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

သူမ ပြန်လမ်းမရှိတော့မှန်း သိလိုက်၏။

စိတ်ကိုတင်းထားပေမယ့် ဒူးကစ၍ချောင်လာသည်။

"မင်းကို သိန်းမောင်ကြီးခိုင်းလိုက်တာမဟုတ်လား၊ ပြောစမ်း·· ဒီကောင်ဘယ်မှာလဲ"

"ဘယ်က သိန်းမောင်ကြီးလဲ"

"ဖြန်း···"



www.burmeseclassic.com

www.burmeseclassic.com



လေရှူး‥ပါးလေးတစ်ဖက်ရဲတွတ်ညိုပုတ်သွား၏။

လဲကျမသွားအောင် ဘယ်လိုမှ တောင့်မခံနိုင်ဘဲ ပက်ခနဲ လန်ကျသွားလေသည်။

တစ်ယောက်က သူမကိုဆွဲထူလိုက်ကာ

"ပြောစမ်း‥‥ဟိုမှာတွေ့လား၊ မမြသန်းနဲ့ သီတာသန်း၊ မင်းကိုတော့ ဒီထက်ဆိုးအောင် လုပ်ရလိမ့်မယ်‥"

လေရှူး ပါးတစ်ဖက်ကိုအုပ်ထားရင်း မြင်လိုက်ရသည့် မြင်ကွင်းကြောင့် မျက်လုံးလေးဝိုင်းဝိုင်းလည်သွားသည်။

အမျိုးသမီးနှစ်ယောက်‥‥

ဝင်လာတုန်းက ရှိရှိသမျှလူတွေအပေါ် ပြေးလွှားကြည့်ရှုရင်း လေရှူး မျက်စိမှောက်ခဲ့တာဖြစ်သည်။

မိန်းမနှစ်ယောက်က သူမရှေ့နားမှာတင်ရှိနေတာဖြစ်၏။

သို့သော် လူကြီးခြေထောက်ထောက်ထားသည့် စားပွဲခုံကြားထဲမှာ‥

တစ်ယောက်ကမှေ့မျောနေတာဖြစ်ပြီး တစ်ယောက်ကတော့ အညိုအမည်းစွဲကာ သွေးအလူးလူး ဒဏ်ရာများနှင့်ခေါင်းကို အနိုင်နိုင်မော့ကာ

"လူယုတ်မာတွေ‥ မူးယစ်ဆေးဝါးသုံးပြီး အမေ့ကို စည်းရုံးတယ်၊ တစ်ပဲခြောက်ပြားပေးကျွေးပြီး အသက်နဲ့ရင်းနိုင်း"

"ဘာတစ်ပဲခြောက်ပြားလဲ၊ နင်တို့မိဘအစု မြို့ပေါ်မှာ ဘာပူပင်ခဲ့ရလို့လဲ၊ တိုက်တာအဆောင်အယောင်နဲ့၊ အလျှံ့ဖြယ် မစားရ မဆို့ရဘူးလား"

"ဘယ်တိုက်တာအဆောင်ယောင်လဲ၊ အဲဒါ ငါတို့ ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ၊ ကျွန်မတို့ကိုအနှံခံခိုင်းပြီး အစာကျွေးပြီး နို့ညှစ်တာ··”

“တိတ်စမ်း”

တစ်ယောက်က သေနက်ကိုင်သည့်လက်နှင့် အမျိုးသမီး ပါးကို လက်ပြန်ရိုက်ချသည်။

“နင့်ဖအေ··အခု လုပ်သွားတာကြည့်စမ်း၊ သိန်းနှစ်ထောင်ဖိုးလောက် ပစ္စည်းတွေကို သုတ်သွားတာ၊ အဲဒါ ပြန်မရရင် ငါတို့အားလုံး ရှင်းရမယ့်ပြဿနာတွေက မတွေးဝံ့ဘူး”

“ခံပေါ့·· ရှင်တို့စားခဲ့တုန်းက စားခဲ့တာပဲ၊ ဘယ်သတ္တဝါမဆို ချောင်ပိတ်ခံရရင် ထွက်ပေါက်ရှာကြတာချည်းပဲ”

“အေး···ဘယ်ကမှထွက်လို့မရအောင် လုပ်ပြမယ်ကြည့်·· နင့်အဖေဘယ်မှာရှိတယ်၊ ဘာလုပ်နေတယ်ဆိုတာ တော်ကြာဆို သတင်းရောက်လာတော့မှာ··”

“တချောင်ချောင်မှာခိုရင်းသေနေဖို့လည်း များတယ်ဆရာကြီး၊ ထွက်ပြေးသွားတဲ့ဒဏ်ရာတွေမနည်းဘူး”

“အဖေ့ကိုရှင်တို့ သေအောင်နှိပ်စက်ကြတာ၊ မှတ်ထားအဲဒီပစ္စည်းတွေ အဖေ ဒီကိုရောက်အောင်ပို့လည်း ရှင်တို့လက်ထဲ ဘယ်တော့မှ မရောက်စေရဘူး”

“ဟာ···သောက်ကန်းမ··ကဲဟာ··”

ပါးကို ဖြောင်းခနဲ ဝိတ်ရိုက်ပစ်လိုက်၏။

“ဟိတ်···ဒီကောင်မကို အဝတ်တွေချွတ်ပြီး ထုတ်မှာချည်ထားလိုက်စမ်း”

“အို···လွှတ်···လွှတ်·· လူယုတ်မာတွေ·· လွှတ်နော်”

ယောက်ျားနှစ်ယောက်က မိန်းမနှစ်ယောက်ကိုကျော



www.burmeseclassic.com

www.burmeseclassic.com



ချင်းကပ် ပူးချည်ထားသည့်ကြိုးကိုဖြေလိုက်ကာ သီတာသန်းဟု ထင်ရသည့် အမျိုးသမီးကိုဆွဲခေါ်လိုက်၏။

သံတိုလစ်နေသည့် မိန်းမကြီးက ကြိုးဖြေလိုက်သည်နှင့် ပုံခနဲ လဲကျသွား၏။

ချက်ချင်းလက်ငင်း ဝတ်လစ်စတစ်ဖြစ်သွားသော သီတာဝင်း၏ ဆဲဆိုအော်သံကဆူညံလျက်·· အားလုံး အာသာငမ်းငမ်း ကြည့်ကာ တဟားဟား ရယ်သံများက လှိုင်နေ၏။

လေရှး··မကြည့်ဝံ့တော့ဘဲ မျက်နှာလေးလွှဲထားလိုက်၏။ သီတာသန်းသည် ဝတ်လစ်စလစ်နှင့် ထုတ်တန်းမှာ တွဲလောင်းကြီးဖြစ်လျက်···

"ကဲ··ဒီတစ်ခါ နင့်အလှည့်ပဲ၊ ပြောစမ်း သိန်းမောင် ဘာပေးလိုက်သလဲ၊ ဘာမှာလိုက်သလဲ"

"ဆရာကြီး ဆွဲချတ်လိုက်ရင် ပြီးတာပဲမဟုတ်လား"

"နေဦး···"

အားလုံးက လက်တပြင်ပြင်ရှိနေကြပြီ··

လေရှး အသက်နဲ့အရှက်ထက် ဘာကိုမှ အရေးမထားနိုင်တော့ပါ··

ထိုစဉ်မှာပင်··

"ဒိုင်း··ဒိုင်း··"

"ဟာ··အဝိုင်းခံရပြီ"

"ဟော့ကောင်တွေ·· ကောင်မလေးကို ထိန်းထားစမ်း"

ဆရာကြီး ပြေးထွက်သွားကာ အပြင်ကို အကွယ်ကနေ လှမ်းချောင်းကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံတွေကြားကာ လူရိပ်မမြင်··
"ဟိတ်ကောင်တွေ မင်းတို့ဘာ··ဟင်···"

အပြင်မှာ တစ်စုတစ်ဝေးတည်း လဲကျနေကြသော သူ့လူခြောက်ယောက်ကို မြင်လိုက်ရ၍ တက်ခေါက်ပစ်လိုက်သည်။

"ခွေးမသားတွေ၊ ဘိုးအေတွေကို မလေးစားတာ"

နှုတ်မှုကြမ်းတမ်းစွာ ဆဲဆိုလိုက်ပြီး

အပြင်မှာ ကင်းချထားတဲ့ကောင်တွေ ရဲအခြေအနေကို ပါ တွက်ဆမိလျက်··သေချာပါသည်။ ဒါမေ့ဆေးဗုံးစာမိတာ

"ဟာ··ဟိုကောင်··အ···"

"ဟင်···"

သူနောက်လှည့်လိုက်တော့ နောက်ကျသွားသည်။

ကောင်မလေးကိုချုပ်ထားသူ ခွေခနဲလဲကျသွားတာမြင်လျက်·· နဖူးမှာသွေးစီးကြောင်းနှင့်··

နိုင်ငံခြားသားတစ်ယောက် ပါးစပ်ဟနေတုန်း လည်မျိုကို ဖိ၍ ဘေးတိုက်လဲကျသွား၏။

ကြမ်းပြင်ပေါ် ဒေါက်ခနဲ ပြုတ်ကျလာသည့် ကျောက်ခဲကိုလူကြီးငုံ့ကြည့်စဉ်

"တောက်·· ဘယ်ခွေးသူတောင်းစားလဲကွ၊ ကွယ်ရာကနေ၊ ပစ်ကြ·· ဟိုကောင်တွေကို အချက်ပြခေါ်··"

"ဆရာကြီး···ကောင်မလေး နောက်ပေါက်ကပြေးပြီး"

"ပစ်ဖမ်း··အသေအရှင် ရရင်ပြီးရော··"

"ဒိုင်း···ဒိုင်း···"

ချက်ချင်းရှုပ်ယှက်ခတ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှုဆိုးလဲကျသွားသည်နှင့် လေရူး ဘာဘာညာညာ စဉ်းစားမနေဘဲနောက်ပေါက်က ပြေးထွက်ခဲ့သည်။

အပြင်ရောက်တော့ ပတ်ပတ်လည်တောတန်း..

လေရူး..ဘယ်ထွက်ပြေးရမှန်းမသိဖြစ်နေဆဲ..

"ဒိုင်း.."

"အမေ့..."

အနားမှ ကျည်တစ်ထောင့်ကပ်ဖြတ်သွားသဖြင့် ရောက်ချင်ရာရောက် ဘယ်ဘက်ကို ပတ်ပြေးခဲ့၏။

ထိုစဉ် ဂိုဒေါင်ထောင့်အရောက်မှာ တစ်စုံတစ်ယောက်က စွေခနဲဆွဲပွေ့လိုက်သဖြင့် ရင်ထဲမှာအေးခနဲဖြစ်သွား၏။

"ငြိမ်ငြိမ်နေ.."

"ဟင်...ဦး...ဦးသက်"

"ဒိုင်း..:.ဒိုင်း..."

နှစ်ဘက် ပစ်ခတ်သံတွေ ဆူညံနေ၏။

သက်တန့်...လေရူးကိုဆွဲဖက်ထားကာ နံရံမှာကျောကပ်၍ ငြိမ်နေလိုက်၏။ သေနတ်ကိုင်တစ်ယောက် ရှေ့ကဖြတ်ပြေးလာ၏။

ခြေတစ်ဖက်ထိုးခံလိုက်ပြီး သေနတ်ကိုင်လက်ကို တက်နင်းထားလိုက်၏။

"အား.."

ထို့နောက် ဇက်ပိုးကို လက်ပြန်ရိုက်ထည့်လိုက်ပြီး သေနတ်ကို ကောက်ယူလိုက်၏။

"လာ..."



www.burmeseclassic.com

www.burmeseclassic.com



သက်တန့်ရဲ့ လက်တစ်ဖက်ကို ဆုပ်ကိုင်မိသည်နှင့် လေရှူး ဘယ်ရန်စွယ်အန္တရာယ်ကိုမှ မကြောက်တော့ဘဲ ရင်ထဲမှာ တသိမ့်သိမ့်ကြည်နူးခြင်းသာဖြစ်လေသည်။

"လေရှူး…အဲဒီဘက်ထည့်တည့်ကိုပြေး၊ အဲဒီဘက်မှာ ကိုယ့်လူတွေရှိတယ်"

"ဟင့်အင်း…"

"ဒိုင်း…"

သက်တန့်…လေရှူးကို ဖက်၍ ဝပ်ချလိုက်ပြီး

"ဒိုင်း..ဒိုင်း…"

အနားမှာ ကျည်ဆံတွေ ကျလာတော့ လေရှူးကိုဆွဲ၍ သူ မြွေလိမ်မြွေကောက်ပြေးသည်။

"အား…"

အတော်ကြီးမားသော ချောက်သဖွယ် ကမ်းပါးစောက်ကြီးထဲသို့ လေရှူး ခြေတစ်ဖက်ကျွံကာ ဟန်ချက်ပျက်သွားရာ သက်တန့် ဘယ်လိုမှ ထိန်းလို့မရတော့ဘဲ လေရှူးကိုဆွဲထားသည့်သူပါ ဒလိမ့်ဆင်းကျသွားတော့သည်။

"လေရှူး… သတိထား"

လေရှူး သတိလစ်သွားမှာစိုး၍ သတိပေးရင်း ကမ်းပါးထဲမှ ထိုးထွက်နေသော နွယ်တစ်ချောင်းကိုဖမ်းဆွဲထားလိုက်၏။

ဒလိမ့်ခေါက်ကွေး ဆင်းကျနေခြင်းမှရပ်တန့်သွား၏။

လေရှူးသည် သူ့ရင်ခွင်ထဲမှာ မျက်လုံးပြူးလိုက်

"လေရှူး"

"ဦးသက်…"



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်နဲ့နော် ခြေထောက်မိရဲ့လား"
"သစ်ငုတ်တွေနဲ့ထိန်းထားတာ"
လေရှူးသည်ကြောက်လန့်၍ရော လွမ်းဆွတ်၍ရော သက်တန့်ရဲ့ကျောပြင်ကျယ်ကို တအားသိုင်းဖက်ထားလျက် မျက်ရည်တွေလည်လာသည်။
သက်တန့်သည် အပေါ်က ရန်သူထပ်မလာမီ နေရာပြောင်းဖို့ ကြိုးစားရင်း ခြေကုတ်ရဖို့ကြိုးစားနေ၏။
"ကောင်မလေးကို လွှတ်ပြီး မင်းအပေါ်ကိုတက်ခဲ့ပါ နာမည်ကျော်စုံထောက်ကြီးရယ်၊ မင်းကို ငါလွယ်လွယ်ကူကူ မသတ်ချင်လို့ပါ"
"ဟင်"
လေရှူး...ဒီလူကြီးအသံကို မှတ်မိနေ၏။
"လေရှူး ကမ်းပါးမှာကပ်နေနော်၊ လုံးဝခေါင်းထောင်မကြည့်နဲ့"
သူ ကမ်းပါးကိုတွယ်တက်သွား၏။
ကျားမျက်လုံးဆိုသော လူကြီးသည် ကမ်းပါးထိပ်မှာ မားမားကြီးရပ်လျက် သေနတ်နဲ့ထိုးချိန်ထား၏။
"ဆက်တက်ခဲ့ပါ၊ ဘာလဲ မောနေပြီလား၊ ဟားဟား.. တော်လိုက်တဲ့စုံထောက်၊ ငါ့လူတွေကို ပတ်လည်ဖြိုချပြီးမှ အထဲမှာ ခလောက်ဆန်သွားတယ်။ မင်းကို ငါလုံးဝမကျေနပ်ဘူး.. လာခဲ့စမ်း"
သက်တန့်က ကမ်းပါးထိပ်က သစ်မြစ်ကြေးကို အားစိုက်၍ မသိမသာဆွဲကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အံတစ်ချက်ကြိတ်၍ ကမ်းပါးကိုခြေနှင့် ဆောင့်ကန်ပစ်လိုက်၏။ ခြေနှစ်ဖက်သည် ရိပ်ခနဲမြောက်တက်လာကာ အပိုင်စောင့်နေသော ကျားမျက်လုံး၏မျက်နှာဆီသို့ ပစ်ဝင်သွားလေသည်။

"ဒိုင်း..."

သေနတ်သံတစ်ချက်နှင့်အတူ သက်တန့်ပေါင်တစ်ဖက် ပူခနဲဖြစ်သွားသည်။

ကျားမျက်လုံး လဲကျသွားရာမှပြန်ထသည်။ သို့သော် သူ လှုပ်ရှားခွင့်မရတော့ပေ။

"ဟိတ်...လက်မြှောက်လိုက်..."

ရဲတွေပြေးတက်လာသည်။

ကျားမျက်လုံး..သက်တန့်ကို ပစ်သတ်ဖို့ကြိုးစားသော်လည်း နောက်ကျသွားပြီဖြစ်၏။

"ဆရာ့ကို ထိသွားသေးလားဆရာ"

"ရတယ်... ရှပ်ထိသွားတာ၊ ဟိုအောက်မှာ လေရှူးရှိတယ်၊ သွားဆွဲတင်လိုက်ပါ"

"ဗျာ..."

"ဟိုကောင်မလေးကိုပြောတာ"

"ဟုတ်..."

သူ ထိုနေရာမှ ခြေထော့လျက် လှည့်ထွက်လာခဲ့သည်။

"ဆရာ.."

ရဲဘော်တစ်ယောက်ကလာတွဲ၏။

"ရတယ်..ဘာမှမဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသက်တန့်ဆင်.."

"ဟင်...မိုလ်မှူး"

နေမြင့်ခေါင်က ယူနီဖောင်းနဲ့ပဲဖြစ်လေသည်။

"ဟုတ်တယ်.. ကျွန်တော် ဒီနယ်စပ်မှာတာဝန်ကျနေတာ၊ ဒီဘက်မှာ သတင်းရတာနဲ့ လှည့်ဝင်လာရင်း တိုက်ပွဲနဲ့တိုးနေတာ"

"ဩော်..."

"ခင်ဗျားနဲ့ကျွန်တော်ဆုံပြန်ပြီနော်.. ဒီတစ်ခါတော့"

"ကိုကြီး"

"ဟင်..."

လေရှူးကိုမြင်တော့ နေမြင့်ခေါင်အံ့အားသင့်သွားလေသည်။

"ညီမလေး....နင်..နင်ဒီကိုရောက်နေပြန်ပြီ"

လေရှူးသည် ဘောင်းဘီရှည်အဖြူ၊ တီရှပ်အဝါကျားလေး ဝတ်ထားသော်လည်း ဖုံအလူးလူးနှင့် ပေကျံလျက် သက်တန့်နဲ့ အစ်ကိုရဲ့ ကြားထဲမှာပြေးဝင်ရပ်ကာ

"လေရှူး.. ဦးသိန်းအောင်ဆိုတဲ့လူကြီး ပစ္စည်းပေးလိုက်လို့ မြသန်းဆီလာခဲ့တာပါ"

လေရှူး ဘောင်းဘီအိတ်ထဲမှ အထုပ်ကလေးကို သက်တန့်လက်ထဲထည့်ပေးလိုက်သည်။

"အဲဒါ ဘာမှန်းတော့မသိပါဘူး၊ ဒီရောက်မှ ဒုစရိုက်မကင်းတဲ့ပစ္စည်းမှန်းသိတာ"

"ဒါ...စိန်အလုံးလေးဆယ်ကျော်မြှုပ်ထားတဲ့မြပုံ ဖြစ်မှာပေါ့၊ သူတို့ ဘိန်းဖြူအရောင်းအဝယ်ဖြစ်နေကြတုန်း အချင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်း လစ်ပြေးသွားတဲ့ပစ္စည်း၊ ဒီပစ္စည်းကြောင့် ဒီကောင်တွေ ဒီနယ်ထဲထိ ကျူးကျော်ရောက်လာကြတာ၊ ဒါဆို ဦးသိန်းမောင်ရဲ့အလောင်းကိုတွေ့တဲ့ခြံမှာ မင်းရောက်နေတာပေါ့"

"ဟုတ်ပါတယ်၊ တီလေးလည်းပါတယ်၊ ကိုလေးလည်းပါတယ်၊ လေရှူးစာလာရေးတာ"

တိုင်းအာကာကိုတော့ ဘာဖြစ်လို့ထည့်မပြောမိမှန်းမသိပါ။ သူခေါင်းညိတ်၍ ပစ္စည်းကို ကုတ်အင်္ကျီထဲထည့်သည်။

"ဗိုလ်မှူးတို့မောင်နှမ ပြန်ဆုံသွားတော့ လေရှူးကိုကျွန်တော်ပြန်ပို့စရာမလိုတော့ဘူးပေါ့၊ တာဝန်လေးရှိလို့ ကျွန်တော့်ကို ခွင့်ပြုပါနော်"

"ကောင်းပါပြီ"

သက်တန့်သည် လေရှူးမျက်နှာလေးကို စူးခနဲတစ်ချက်ကြည့်ကာ ခပ်ထော့ထော့လျှောက်ထွက်သွားလေသည်။

လေရှူးရင်ထဲမှာ ကျွတ်ကျွတ်ဆူနေသော ရေနွေးနဲ့ အပက်ခံလိုက်ရသလို ပူလောင်သွားသည်။

ပခုံးပေါ်သိုင်းဖက်လာသည့် ကိုကြီးလက်ကို ဆတ်ခနဲဖယ်ချကာ သက်တန့်နောက် ပြေးလိုက်သည်။

"ဦးသက်..."

ရှေ့ကိုကျော်တက်၍ လေရှူးသူ့ရှေ့မှာ ရပ်လိုက်သည်။ ဝမ်းနည်းသည်ပဲ မဖြစ်ရသေးမီ မျက်ရည်တို့က ပါးပြင်ထက်မှာ ပူနွေးစွာ စီးကျလာ၏။

"ဦးသက်"

ဘာပြောရမှန်းလည်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာကစေ့စပ်ပြီးသားနဲ့လေ။

မျက်ရည်စက်တို့က တာတမံကျိုးသလို ပြိုဆင်းလာကာ

"ဦးသက်ကို လေရှူးသိပ်ချစ်တယ်"

သက်တန့် လွန်စွာမကြားလိုသော စကားကိုကြားလိုက်ရသည်နှယ် မျက်နှာပျက်ပျက်နှင့်တစ်ဖက်လှည့်သွား၏။

လေရှူးစေ့စပ်တဲ့သတင်းကို သူဖတ်ခဲ့ပြီးပြီး။

အချစ်ကြောင့် အလူးအလဲခံစားခဲ့ဖူးသော နှလုံးသားဟာ စေ့စပ်သွားပြီဆိုသော အသိတစ်ခုနှင့် ဖြေရာရှာနိုင်ခဲ့သည်။

ဒီအချိန်မှာ ဘာလိုသေးလို့လဲ။

ရဲဘော်တွေက တိုက်ပွဲခြေရာများကို လိုက်လံသိမ်းဆည်းလျက်...သူတို့ကို တစ်ချက်တစ်ချက်လှမ်းကြည့်ကြသည်။

ဗိုလ်မှူးနေမြင့်ခေါင် မလှုပ်မယှက် လှမ်းကြည့်နေဆဲ။

သက်တန့် ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ထားသည့် နဝရတ်လက်စွပ်ကို ချွတ်ယူလိုက်သည်။

"ရော့...ဒါမင်းတို့ရဲ့ မင်္ဂလာလက်ဖွဲ့အတွက်..ကိုယ့်လက်ဖွဲ့.."

လေရှူးစေ့စပ်ပြီးတဲ့သတင်း သူသိတဲ့အကြောင်းပြလိုက်တာလား.. စေ့စပ်တာဟာ လက်ထပ်တာမှမဟုတ်ဘဲ..

ခွတ်တရွတ်မိုက်မဲချင်နေသည့် နှလုံးသား လက်ဖွဲ့ပေးတာကို ဘယ်လိုမှ လက်မခံနိုင်ပေ။

"ဟင့်အင်း...လေရှူးလိုချင်တာ ဒါမဟုတ်ဘူး၊ လေရှူးကို မနှိပ်စက်ပါနဲ့ ဦးသက်ရယ်.."

သူ နှုတ်ခမ်းစေ့စေ့နှင့်လေရှူးကိုစိုက်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ်ပေးခဲ့ပြီးသားပါ၊ဒါဟာကိုယ့်အတွက် ပထမဆုံးဖြစ်သလို နောက်ဆုံးလဲဖြစ်နိုင်တယ်"

"လေရှူးပြန်ပေးမှာကျတော့ ဦးသက်ဘာလို့လက်မခံနိုင်တာလဲ"

သူ လေရှူးလက်ကလေးကိုဆွဲလို့ လက်စွပ်ကိုထည့်ပေးလိုက်သည်။

"မင်းပြန်ပေးဖို့မှမလိုတော့တာ အာလုံးဒီအတိုင်းပဲကောင်းပါတယ်"

"ဟင့်အင်း"

သူရှောင်ထွက်သွားသည်။

လေရှူးအတင်းပြေးလိုက်ပြန်၏။

"ဦးသက် ဦးသက်ဟာ ဘယ်လိုဘဝနဲ့လူပဲဖြစ်ဖြစ် လေရှူး ဘယ်လိုဘဝနဲ့ပဲနေရနေရ ဦးသက်ကိုလေရှူးချစ်မယ်"

လေရှူးတအားငိုနေသည်။

အချစ်သည် သိက္ခာတွေကို ခဝါချ၍ တိုးလျှိုတောင်းပန်ဖို့ကို လက်ညှိုးထိုးခိုင်းစေနေ၏။

ဦးသက် ဒီတစ်ခါ မျက်စိအောက်က ပျောက်သွားခဲ့လျှင်ဆိုသောဆုံးရှုံးမှုကို လေရှူး အကြောက်ကြီးကြောက်လျက်တရှိုက်ရှိုက်ငိုကြွေးကာ

"လေရှူးကို အထင်မသေးပါနဲ့ဦးသက်ရယ်၊ လေရှူး ဘယ်သူ့ကိုမှ ချစ်လို့မရလို့ပါ၊ ဦးသက်···လေရှူးကိုချစ်တယ်မဟုတ်လားဟင်··"

"*သမီး···သမီးလေး··*"



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝမှ ပြေးရောက်လာကြသူများ··

တီလေးရယ်··· ကိုလေးရယ်··· နောက်ဆုံးမှာ တိုင်းအာကာ··

သက်တန့် အားလုံးကိုတစ်ချက်လှမ်းကြည့်၍····

"မင်းနဲ့ကိုယ် နောက်တစ်ခါ ထပ်မဆုံဖြစ်ကြဖို့ ဆုတောင်းကြရအောင်"

တတိယအကြိမ်မြောက် သူ လေရှူးရှေ့ကထွက်ခွာလေသည်။

"ဦးသက်···"

လေရှူး ခွတ်လိုက်ဖို့ပြင်သည်။

"ညီမလေး··"

နေမြင့်ခေါင်က ညီမလေးကို ဖမ်းဆွဲထားကာ

"မလိုက်ပါနဲ့တော့ကွာ၊ သူဟာ သိပ်တော်တဲ့အေးဂျင့်တစ်ယောက်၊ ညီမလေးကို သူဘယ်တော့မှ စဉ်းစားမှာမဟုတ်ဘူး"

"ဟင့်အင်း···ဦးသက်"

လေရှူး ဘယ်သူ့မျက်နှာကိုမျှမကြည့်

ခြံဝမှာ ထိုးရပ်လာသည့် ကားပေါ်သို့ သက်တန့် တက်ရောက်သွားတဲ့အထိ အစအဆုံးငေးကြည့်ကာ ရှိုက်ငို၏။

ပြန်တွေ့လိုက်ပါမှ ကိုယ်ဘယ်လောက်ထိ ချစ်ခဲ့ရမှန်း သိလာကာ ပေါက်ကွဲခြင်းက ရှုံးသွပ်မိုက်မဲစွာ··

အနားက ဖြတ်လျှောက်သွားသော သက်တန့်ကို တီလေးနဲ့ကိုလေးတို့ ပထမဆုံးမြင်ဖူးခြင်းမို့ သေချာလိုက်ကြည့် မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းအာကာအပေါ် တိမ်းညွှတ်နိုင်ခြင်းမရှိခဲ့သော လေရှူးကို အားလုံးနားလည်သွားကြသည်။

သက်တန့်ဆင်ဆိုသော ယောက်ျားတစ်ယောက်၏ ရုပ်လက္ခဏာသည် နေလိုဝင်းထိန်လျက်.. ယက်အာကာကျော်သည် ဖြူပျော့ပျော့ လရောင်ပမာသာ။

ဒါပေမယ့် လရိပ်ရဲ့အေးမြမှုကို ညီမလေး နားလည်လာတဲ့အခါ ပျော်မွေ့ခြင်းကိုတွေ့ရှိရပါလိမ့်မည်။

လေရှူးရဲ့ ရှိုက်သံကို သူ့ထံမှကြားနေရကာ တိုင်းအာကာ ခြေလှမ်းတွေ ရှေ့ဘက်မတိုးဖြစ်ဘဲရှိလေသည်။

အနားကဖြတ်လျှောက်သွားသော တစ်ယောက်ဟာ လေရှူးရဲ့ရင်ထဲက စာတ်လိုက်ပဲဆိုတာ သူနားလည်သွားသည်။

ရင်ထဲမှာ ဆွေးမြေ့ကြေကွဲသွား၏။

အနှီယောက်ျားအား မြတ်နိုးအားကိုးခဲ့ပါသော လေရှူးနှလုံးသားနေတရာကို သူရအောင်ယူနိုင်ပါမည်လား..။

အချစ်သည် ကြည်ဖြူလိုက်လျောခြင်းလား...

မာန်မာနများနဲ့ တုပြိုင်ခြင်းအား..

ဒါမှမဟုတ် အထင်ကြီးလေးစားအားကိုးခဲ့ခြင်းလား..

သူဟာ လေရှူးအတွက် ခွင့်လွှတ်နားလည်ပေးဆပ်ခြင်းများဖြင့် ချစ်ခဲ့သည်ဆိုလျှင်...

လေရှူး ဘာကို ချစ်နိုင်ပါသလဲ...။

ပရိသတ်များကိုအစဉ်လေးစားလျက်
ရွှေဘဝင်



www.burmeseclassic.com